


# နှိုင်းယှဉ်ခြင်း

ကွယ်ဝှက်မထားသော ခရစ်တော်၏ ဝိညာဉ်တော်ထံ သွားရာလမ်းနှင့်

တိတ်တိတ်နေခြင်းသည်

မည်သည့်အချိန်တွင် သာ၍ကောင်းကြောင်း

**Niklas Smars**

# နှိုင်းယှဉ်ခြင်း

ကွယ်ဝှက်မထားသော ခရစ်တော်၏ ဝိညာဉ်တော်ထံ သွားရာလမ်းနှင့်

တိတ်တိတ်နေခြင်းသည်

မည်သည့်အချိန်တွင် သာ၍ကောင်းကြောင်း


Niklas Smars

Proverb30.4@gmail.com


www.thethreegifts.com

www.maranathamedia.com

ခရစ်တော်ကို မြော်လင့်သော သတ္တမနေ့ ဥပုဒ်အသင်းတော်၏

၂၀၁၇၊ ပထမကွာတာထုတ် ဥပုဒ်စာဖြေစာအုပ် “The Holy Spirit and Spirituality” နှင့်
ပတ်သက်၍ ပိုမိုကျယ်ပြန့်သော အတွေးအမြင်



မာတိကာ

စကားချီး

၁။ တိတ်တိတ်နေခြင်းသည် သာ၍ကောင်း၏

၁.၁။ ဤစာကို မမဝိုက် မည်သူ့ထံရေးသားခဲ့သနည်း။ အဘယ်ကြောင့်နည်း။

၁.၂။ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပတ်သက်၍ မမဝိုက်၏ ကိုယ်ပိုင် အနက်ဖွင့်ချက်များနှင့် အဘယ်ကြောင့် ဝိညာဉ်တော်ကို နားလည်ရန်ခက်ခဲရသနည်း။

၁.၃။ မည်သည့်အချိန်တွင် တိတ်တိတ်နေခြင်းက အမှန်တကယ် အဖိုးတန်လျှက်၊ မည်သည့်အချိန်တွင် ဆက်လက်လေ့လာခြင်းက အန္တရာယ်ရှိသနည်း။

၂။ ဝိညာဉ်တော်ကို နားလည်ခြင်း

၂.၁။ ဘုရားသခင်၏ မှုတ်သွင်းသော အသက်ဖြစ်သည့် ဝိညာဉ်တော်

၂.၂။ ဘုရားသခင်၏ စိတ်သဘောတော်ဖြစ်သော ဝိညာဉ်တော်

၂.၃။ ဘုရားသခင်၏ အတူရှိခြင်း မျက်မှောက်တော်ဖြစ်သော ဝိညာဉ်တော်

၂.၄။ ဥပဇ္ဈာယ်ဆရာဖြစ်သော ဝိညာဉ်တော်

၃။ နိဂုံးချုပ်စကားနှင့် အကြံပြုချက်

စကားချီး

သန့်ရှင်းသော ဝိညာဉ်တော်ဆိုတာ ဘာလဲ။ သန့်ရှင်းသော ဝိညာဉ်တော်ကို ကျွန်တော်တို့ ဘယ်လို ခံယူရရှိကြတာလဲ။ ဘုရားသခင်နှင့် သူ၏သားတော်အပေါ် ၎င်း(သူ)၏ ဆက်နွယ်မှုက ဘာဖြစ်မလဲ။ ကျွန်တော် “**နှိုင်းယှဉ်ခြင်း**” စာအုပ်ကို ရေးရသည့် အကြောင်းရင်းမှာ ကျွန်တော့် ဒုတိယစာအုပ်ငယ်ဖြစ်သော “How the comforter changed my life” ထဲတွင်ရေးထားသည့်အတိုင်း သန့်ရှင်းသော ဝိညာဉ်တော်အကြောင်းနှင့် ပတ်သက်၍ တိတ်ဆိတ်ခြင်းသည် အမှန်တကယ် အဖိုးတန်ကြောင်း ရှာတွေ့ရန် ဆုံးဖြတ်ချက် ချခဲ့သောကြောင့်ဖြစ်ပါသည်။ ၂၀၁၇၊ ပထမကွာတာတွင် SDA ဥပုဒ်စာဖြေ စာအုပ် ထွက်လာသောအခါ အချို့အရာများကို တင်ပြထားသော်လည်း၊ အခြားအရာများကို တင်ပြထားခြင်းမရှိသောကြောင့် စာရေး၍ ဝေမျှရန် အခွင့်အရေး ကျွန်တော်တွေ့ခဲ့သည်။ တင်ပြထားသောအပိုင်းမှာ သန့်ရှင်းသော ဝိညာဉ်တော်သည် ဘုရားဟူသော ဂုဏ်ပုဒ်တွင် ခမည်းတော် ဘုရား၊ သားတော် ဘုရားကဲ့သို့ အဆင့်တူညီသော တတိယမြောက် သီးခြား ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း တင်ပြထားခြင်း ဖြစ်သည်။ (သန့်ရှင်းသော ဝိညာဉ်တော်ဘုရား ဟူ၍ လူသိများသော စကားစုကို အယ်လင်ဝှိုက်၏ အရေးသားများထဲတွင် ဖြစ်စေ၊ သမ္မာကျမ်းစာထဲတွင်ဖြစ်စေ မပါမရှိပါ။) ရှေးဦး အက်ဗင်းသစ် အသင်းတော်၏ ယူဆချက် မဟုတ်သော်လည်း ဤယူဆချက်သည် ယနေ့ခေတ် အသင်းတော်၏ အတွေးခေါ်ထဲတွင် အရိုးစွဲနေသောကြောင့် ခမည်းတော်၊သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်တို့၏ ဆက်နွယ်မှုကို အခြားမတူညီသော အမြင်နဲ့ မြင်သောသူများကို နားလည်နိုင်ရန် အလွန်တရာ ခက်ခဲနိုင်ပါသည်။

၂၀၁၇၊ ပထမကွာတာ ဥပုဒ်စာဖြေစာအုပ် မဖော်ပြထားသော အခြားတစ်ဖက်ကို ဖော်ပြနိုင်ရန် ကျွန်တော် မျှော်လင့်ပါသည်။ သို့သော်လည်း ဤစာအုပ်ငယ်သည် ကျွန်တော်တို့အသင်းတော်၏ အမှားကို ထောက်ပြရန် ရည်ရွယ်ချက်မဟုတ်ဘဲ၊ အများအတွက် ကောင်းချီးဖြစ်မည်ဟု ကျွန်တော်ယုံကြည်သော အခြားအမြင်တစ်ခုကို တင်ပြရန်သာ ရည်ရွယ်ပါသည်။

လေ့လာမှုတစ်လျှောက်လုံး သင်ယူထားသော အရာများကို ဝေမျှဖို့ရန် ကျွန်တော် အလွန်စိတ်အား ထက်သန်လေ့ရှိသည်။ သို့သော် "တိတ်တိတ်နေ ထောင်တန်" ဟူသော အကြံပေးချက်များ၊ အတွေးမြင်သစ်ကို လက်မခံလိုသော တစ်ဖက်ပိတ် စိတ်သဘောထားများနှင့် မကြာခဏ ကျွန်တော် ကြုံတွေ့ရတတ်သည်။ တစ်ချို့ဆိုလျှင် ကျွန်တော့်ကို သန့်ရှင်းသော ဝိညာဉ်တော်ကို လုံးလုံးမယုံကြည်သောသူအဖြစ် သတင်းဖြန့်ကြသည်။ "အိုး...ငါပဲ နားမလည်တာလား။ ဒါမှမဟုတ် မမှန်တာ တစ်ခုခုများ ပါနေလို့လား" ဟု မိမိကိုယ်မိမိ မေးခွန်းထုတ်မိပါသည်။ အရေးကြီးမည်ဟု ထင်သော အချက်အလက်မှန်သမျှကို ရှင်းရှင်းလင်းလင်းဖြစ်စေရန် စနစ်ကျကျ ရေးသားဖို့ ကျွန်တော် ဆုံးဖြတ်ချက်ချခဲ့ပါသည်။ ကျွန်တော့်အတွက်တော့ ဤစာအုပ်သည် လက်တွေ့အသုံးပြု၍ရသော သီအိုလိုဂျီနဲ့ဆိုင်သော စာအုပ်ဖြစ်ပါသည်။ ကျွန်တော့်ကို ခရစ်တော်နှင့် ပိုမိုနီးကပ်စေပါသည်။ ထပ်၍ရေးသားရန် ရွေးချယ်စရာရှိပါက အကြိမ်တစ်ထောင်မက ကျွန်တော် ရေးသားလိုပါသည်။

ဤစာအုပ်ငယ်ထဲတွင် ကျွန်တော်မထည့်သွင်းသော ၂၀၁၇၊ ပထမကွာတာ SDA ဥပုဒ်စာဖြေစာအုပ်ထဲရှိ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပတ်သက်သော အကြောင်းရာများလည်း ရှိပါသည်။ ဝိညာဉ်တော်ကို ကောင်းမွန်စွာ ပိုမိုနားလည်စေရန် ကျွန်တော်တို့ကို ကူညီပေးသော အခြားဆက်စပ် အချက်လက်များနှင့် တိတ်တိတ်နေ ထောင်တန်ဟူသော ခေါင်းစဉ်ကို အဓိကဦးစားပေးထားပါသည်။ အရေအတွက်ထက် အရည်သွေးကို ကျွန်တော် ပိုမိုကြိုးပမ်းရရှိလိုပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပတ်သက်သော ဤအချက်များကို ကျွန်တော်ဆွေးနွေးမည်မဟုတ်ပါ။ နှစ်ခြင်းခံသောအခါ ပါဝင်သော ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော် (ရှင်မဿဲ ၂၈း ၁၉)။ သမ္မာတရားနှင့် ပြည့်စုံသော ဝိညာဉ်တော် (ရှင်ယောဟန် ၁၆း ၁၃)။ သန့်ရှင်းသော ဝိညာဉ်တော်ကို ပြစ်မှားခြင်း (ရှင်မဿဲ ၁၂း ၃၂)။ ဝိညာဉ်ဆုကျေးဇူး အမျိုးမျိုးကို ပေးသော သန့်ရှင်းသော ဝိညာဉ်တော် (၁ကော ၁၂း ၁၁) နိကောဒင်၏ မေးခွန်း (ရှင်ယောဟန် ၃း ၃-၈)။ ဝိညာဉ်အားဖြင့် နှုတ်ဆက်ခြင်း ( ။ သက်သေခံသုံးပါး... သုံးပါးတို့သည် တစ်လုံးတစ်ဝတည်း... (၁ယော ၅း ၇)။ (ဥပုဒ်စာဖြေစာအုပ်တွင် နောက်ဆုံး အချက်ကို

မဖော်ပြသော်လည်း SDA အသင်းသားများက မကြခဏ ထုတ်ဖော်ပြောဆိုကြသည်။)
ဤစာအုပ်တွင် တစ်နေရာရာတွင် သင်ယူလေ့လာနိုင်မည့်  အသေးစိတ်ပညာရပ်များတွင် နှစ်မြုပ်လုံးပမ်းရမည့်အစား အခြားသော ဦးတည်ချက်ဖြစ်သည့် သန့်ရှင်းသော ဝိညာဉ်တော် ကို မည်သို့နားလည်ထားကြကြောင်း လက်တွေ့ကျသော အမြင်ဖြင့် ဖော်ပြနိုင်ရန် ကျွန်တော် ကြိုးစားထားပါသည်။

ဤသတင်းစကားသည် ဝတ်ပြုကိုးကွယ်ခြင်းနှင့် ဆက်နွယ်သောကြောင့် အရေးပါ အရေးကြီးပါသည်။ အကြောင်းမှာ သုံးပါးပေါင်းတစ်ဆူကို ယုံကြည်သောသူ အများစုက သန့်ရှင်းသော ဝိညာဉ်တော်သည် ခမည်းတော်၊ သားတော်နှင့် တန်းတူဖြစ်သော တတိယ မြောက် သီးခြားတည်ရှိသော ဘုရားအဖြစ် ချီးမွမ်းခြင်း၊ ကိုးကွယ်ခြင်း၊ ချီးမြှောက်ခြင်း ခံထိုက်သောသူအဖြစ် ယုံကြည်ကြသည်။ ၂၀၁၇၊ ပထမကွာတာ ဥပုဒ်စာဖြေသင်ခန်းစာ သင်ပေးသောအရာလည်း ဖြစ်ပါသည်။ သုံးပါးပေါင်းတစ်ဆူကို ယုံကြည်သူ၊ မယုံကြည်သူ များနှင့် ဆွေးနွေး တွေ့ဆုံရာတွင် နှစ်ဖက်လုံးမှ အများက ဤဝတ်ပြုကိုးကွယ်ခြင်း ဆိုင်ရာတွင် သဘောထားတူကြသည်။ ရှေးဦးပိုင်း SDA သမိုင်းတွင် ဤအကြောင်းကို ဆုတောင်းရာတွင် တိုက်ရိုက် အမည်တပ်ခေါ်ခြင်းမျိုး မကြားရပါ။ သို့သော် အချိန်နှင့်အမျှ သန့်ရှင်းသော ဝိညာဉ်တော်ကို ကိုးကွယ်ဆုတောင်းခြင်းမျိုးသည် စံတစ်ခုဖြစ်လာနေသည်။ ဝတ်ပြုကိုးကွယ်ရာတွင် ထိုသို့ပြောင်းလဲခြင်းသည် အကျိုးသက်ရောက်မှု တစ်စုံတစ်ရာ ရှိပါသလား။

သမ္မာကျမ်းစာသည် SDA အသင်းတော်၏ ယုံကြည်ချက်အုတ်မြစ် ဖြစ်သောကြောင့် သမ္မာကျမ်းစာသည် ဤကိစ္စနှင့် ပတ်သက်၍ အဓိကအုတ်မြစ် ဖြစ်သွားပါမည်။ ထိုဥပုဒ်စာဖြေစာအုပ်တွင် အီး၊ဂျီ၊ဝိုက်၏စာပေများအား သုံးပါးပေါင်းတစ်ဆူယုံကြည်ချက် ကို ထောက်ခံသကဲ့သို့ အသုံးပြုထားပါသည်။ ကျွန်တော် အပါအဝင် အများက သူမကို ဘုရားသခင်၏ တမန်တော်(ပရောဖက်)အဖြစ် ယုံကြည်ကြသောကြောင့် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပတ်သက်၍ ပိုမိုကျယ်ပြန့်သော အကြောင်းအရာကို ဖော်ပြရန် သမ္မာကျမ်းစာနှင့်အညီ မမဝိုက်၏ အဆိုပြုအချက် အကိုးကားများကို အသုံးပြုသွားနိုင်ရန် ကြိုးစား သွားပါမည်။

ရိုးသားသော အက်ဗင်းသစ် ခရစ်ယာန်တစ်ယောက်က ဤအရာအားလုံးသည် အသင်းတော်၏ မူလအုတ်မြစ်နှင့် ပတ်သက်သောကြောင့် ဤခေါင်းစဉ်နှင့် ပတ်သက်၍ အက်ဗင်းသစ်အသင်းတော် မှားသည်ဟု ယုံကြည်ဖို့ ခက်ခဲပါသည်ဟု ပြောခဲ့ဖူးသည်။ ကျွန်တော်တို့ မှားယွင်းပါက ကြောက်စရာကောင်းမည်ဖြစ်သော်လည်း ဤကိစ္စနှင့် ပတ်သက်၍ သူမစဉ်းစားရသေးသော အချက်အလက်၊ ငြင်းခုံဆွေးနွေးချက်များ ရှိပါကလည်း သူနားထောင်ချင်ပါသည်ဟု ဆက်၍ပြောခဲ့သေးသည်။ မေးချင်သော မေးခွန်းမှာ စာဖတ်နေသော ချစ်မိတ်ဆွေ သင်လည်း စိတ်ကိုဖွင့်၍ ဖတ်မလား။

ဤခေါင်းစဉ်နှင့် ပတ်သက်၍ လူများရာစုနှစ်ပေါင်းများစွာ ငြင်းခုန်တိုက်ခိုက်ခဲ့ကြပြီး ဖြစ်သည်။ ကမ္ဘာပေါ်တွင် ခေါင်းခြောက်စရာအဖြစ်ဆုံး၊ အယူဆများထဲက တစ်ခုလည်း ဖြစ်နိုင်ပါသည်။ မနှစ်မြို့စရာကောင်းသော ဆွေးနွေးမှုများသို့ ဦးတည်စေနိုင်သောကြောင့် အများက ထိုကိစ္စကိုရှောင်လွှဲချင်ကြသည်။ သို့သော်လည်း အသင်းတော်ထဲတွင်ရှိသော ကျွန်တော်တို့သည် လူပြောများသော ခေါင်းစဉ်များကို မရှောင်ဘဲ ရင်ဆိုင်ဖြေရှင်းရမည် ဖြစ်သည်။ အဘယ့်ကြောင့်နည်း။ ရှောင်လွှဲနေလျှင် နောင်လာနောက်သားများအတွက် မေးခွန်းများပြားနေခြင်း၊ လွတ်လပ်စွာ ဆွေးနွေးခွင့်မရှိဟု ခံစားရသူများအဖို့ စိတ်ပျက်မှု အားငယ်မှုများနှင့် အသင်းသားဆုံးရှုံးမှု တိုးမြင့်လာခြင်းတို့ ဆက်လက်ဖြစ်ပေါ်နေမည် ဖြစ်သည်။ ခရစ်တော်ကိုမြောင်လင့်သော သတ္တမနေ့ဥပုဒ်စောင့် အသင်းသားအချင်းချင်း ကြားရှိ မတူညီသော အမြင်များကိုပင် မကိုင်တွယ်နိုင်လျှင်၊ သတင်းစကားကို အသင်းတော်ပြင်ပရှိသော လူများထံသို့ မည်သို့ သယ်ဆောင်နိုင်ကြမည်နည်း။ ဘုရားသခင်က “လာကြ အတူတကွ တွေးတောဆင်ခြင်ကြကုန်အံ့”ဟု ပြောခဲ့သည်ကို သတိရပါ။ (ဟေရှာယ ၁း ၁၈ အင်္ဂလိပ်ကျမ်းကို ဖတ်ပါ။) ယေရှုသည် လူသားအားလုံးကို ကယ်တင်ရန် အသေခံခဲ့ပြီးသောကြောင့် ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး ရန်သူမဟုတ်။ ဤလူသိများသော ကျမ်းချက်တွင် ရေးသားထားသည်အတိုင်း

“အကြောင်းမူကား၊ ငါတို့သည် အသွေးအသားရှိသော ရန်သူတို့နှင့် ဆိုင်ပြိုင် တိုက်လှန်ရကြသည်မဟုတ်။ အထွဋ်အမြတ်တို့နှင့်လည်းကောင်း၊ အာဏာစက်တို့နှင့်လည်းကောင်း၊ လောကီမှောင်မိုက်၍ အစိုးတရပြုလုပ်သော

မင်းတို့နှင့်လည်းကောင်း၊ မိုးကောင်းကင်၌နေသော နတ်ဆိုးတို့နှင့်လည်းကောင်း ဆိုင်ပြိုင်တိုက်လှန်ရကြ၏။" ဧဖက် ၆း ၁၂

ထို့ကြောင့် တစ်ဦးနှင့်တစ်ဦးမတိုက်ခိုက်ဘဲ၊ ကျွန်ုပ်တို့၏ ခြားနားချက်များကို နားလည်ပေးလျက် တစ်ဦးနှင့်တစ်ဦးမည်သို့ ပြောဆိုဆက်ဆံရမည်ကို သင်ယူကြပါစို့။ သူတို့နှင့် ဆွေးနွေးကြည့်ရန်ပင် မဆုံးဖြတ်ဘဲ ကျွန်တော်တို့နှင့် သဘောတူရန် အလိုမကြီး ကြကုန်အံ့။ လူများ နိဂုံးချုပ်ကြပြီးသော အရာတစ်ခု၏ အခြားတစ်ဖက်ကို မြင်အောင် ကြည့်နိုင်ရန် လူသားများအတွက် အလွန်ခက်ပါသည်။ အမြင်မတူ၊ ရိုးသားသော ညီအစ်ကို တစ်ယောက်နှင့် မဆွေးနွေးနိုင်လောက်အောင် စိတ်ခံစားလွယ်လွန်းပါက၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ရပ်တည်ချက်အပေါ် အဘယ်သို့ မိမိကိုယ်မိမိ စိတ်ချနိုင်မည်နည်း။

ကျွန်တော်သည် သုံးပါးတစ်ဆူအယူဝါဒဖြင့် ကြီးပြင်းလာသူဖြစ်ပြီး၊ မိမိ၏ သုံးပါးတစ်ဆူ ရပ်တည်မှုကို ကောင်းစွာနားလည်သည်ဟု ထင်ခဲ့သည်။ မိမိကိုယ်မိမိ အခြားသူတစ်ဦး၏ နေရာတွင်ထားကာ စဉ်းစားကြည့်လျှင် ထိုသူ၏ အတွေးခေါ်များသည် သင့် ဖြစ်တည်မှုကို ခြိမ်းခြောက်နေသရောင်ရှိလာလျှင် အဘယ်မျှလောက် ခက်ခဲသည်ကို ကျွန်တော် နားလည် ပါသည်။ ထို့ကြောင့် တစ်စုံတစ်ယောက်၏ ယုံကြည်ချက်ကို လက်မခံခြင်းမျိုး ရှိလာပါ သည်။ ကျွန်ုပ်၏ ရည်ရွယ်ချက်မှာ အယုံသွင်းရန်မဟုတ်ဘဲ၊ ဝေမျှရန်သာ ဖြစ်သည်။ အခြားတစ်ယောက်၏ အမြင်အပေါ် အလင်း ထွန်းလင်းခြင်းဖြင့် ကျွန်ုပ်တို့ အသင်းတော် ထဲတွင် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပတ်သက်၍ နားလည်မှု ပိုတိုးလာရန်နှင့် မသိနားလည်မှု၊ လွဲမှားသော နားလည်မှုများ ယုံကြည်သူများအကြားတွင် လျော့နည်းလာ စေရန် ဖြစ်သည်။

ဤကိစ္စသည် အငြင်းပွားချင်စရာဖြစ်သော်လည်း ကြောက်၍ စိတ်အားလျော့စေသည့် တုန်လှုပ်မှုမျိုး ဖြစ်စေလောက်သည်အထိ မဖြစ်သင့်ပါ။ ယုံကြည်ယူဆချက်များအပေါ် အငြင်းပွားမှုသည် နှစ်ပေါင်း နှစ်ထောင်ကျော်ရှိခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ငြင်းခုန်စရာ မရှိတော့ဘဲ၊ အဖြေအားလုံးကို လွယ်ကူလျှင်မြန်စွာ ကျွန်တော်တို့ ရရှိနိုင်ပြီဟု ယုံကြည်နိုင်မလား။ ရိုးသားသော မေးခွန်းများက ကြီးမားသောအလင်းသို့ ဦးတည်စေသည်။

ကျွန်တော်တို့ အမှန်တကယ် ကြိုးစားလေ့လာစေရန်အလို့ငှာ ငြင်းခုန်စရာအဖြစ် ဘုရားသခင်က ခွင့်ပြုထားရန် တစ်ခါတစ်ရံ လိုအပ်တတ်သည်။ ဤစာအုပ်ကို ဖတ်ခြင်းအားဖြင့် ဘုရားသခင်၏ တစ်ပါးတည်းသော သားတော်၊ ထောက်မပေးသော အုတ်မြစ်၊ လူသားများ၏ အလင်း၊ ကျွန်ုပ်တို့၏ နှစ်သိမ့်သူ (သို့) ဥပဓ္ဈာယ်ဆရာဖြစ်သော ကျွန်ုပ်တို့၏ ကယ်တင်ရှင် ယေရှုခရစ်တော်ထံသို့ ပိုမိုနီးကပ်လာခြင်း ကောင်းချီးရရှိရန် ကျွန်တော် မျှော်လင့်ဆုတောင်းပါသည်။

"ထို့ကြောင့် ပယ်ရှင်းဖျက်ဆီးခြင်းအလို့ငှာ မဟုတ်၊ **တည်ဆောက်ခြင်း**အလို့ငှာ သခင်ဘုရားသည် ငါ့၌အပ်ပေးတော်မူသော တန်ခိုးရှိသည်အတိုင်း ငါသည် ရောက်လာသောအခါ ပြင်းစွာသောဒဏ်ကို မပေးလို၍၊ ယခုသင်တို့နှင့် ကွာဝေးသေးသည်ကာလ ဤသို့ ငါရေးလိုက်၏။" ၂ကော ၁၃း ၁၀

ကျွန်တော် တစ်ခါက မိမိအမြင်ကိုသာ အတည်ယူသော တစ်ဖက်ပိတ် စိတ်နှလုံးရှိသူများကို သွေးဆောင် လမ်းပြရန် ခက်ခဲကြောင်းကို ပရော်ဖက်ဆာတစ်ဦး ဝေမျှနေသည်ကို နားထောင်မိသည်။ လူ့နှလုံးကို ယာဇ်ပူဇော်သော အင်ကန်(Incan) ယာဇ်ပုရောဟိတ် တစ်ယောက်ကို တွေးကြည့်ပါ။ သူနှင့် သူလူများ ယုံကြည်ကြသည်မှာ သူတို့သည် နေဘုရား ကို ကိုးကွယ်ပူဇော်နေကြခြင်းဖြစ်ပြီး၊ ထိုသို့ပြုလုပ်ခြင်းသည် သူတို့ကို စကြာဝဠာအတွင်းရှိ နတ်ဆိုးများ၏ ဘေးရန်မှ ကာကွယ်ပေးသည်ဟူ၍ ဖြစ်သည်။ ထိုယာဇ်ပုရောဟိတ်ကို သူ့လုပ်ရပ်မှားသည်၊ သူ့လုပ်ရပ်သည် မလိုလားအပ်သော အစုလိုက်အပြုံလိုက် လူသတ် စနစ်သာဖြစ်သည်ဟု ယုံကြည်အောင် သွေးဆောင်နိုင်ရန် အဘယ်မျှလောက် ခက်ခဲမည်ကို စဉ်းစားကြည့်ပါ။ အကြောင်းမှာ သူ့ဘဝတစ်လျှောက်လုံး ၎င်းကိုလုပ်ရပ်ကို သူရိုးရာဓလေ့အရ၊ ယဉ်ကျေးမှုအရ ကျင့်သုံးနေခဲ့ပြီးဖြစ်သောကြောင့် ဖြစ်သည်။

ဤလောကထဲတွင် လူတစ်ချို့ကသာ သူတို့လုပ်ဆောင်နေသောအရာသည် မှားကြောင်း၊ သူတို့ တစ်ဘဝလုံး ယုံကြည်ထားသောအရာသည် လိမ်လည်မှုတစ်ခုသာဖြစ်ကြောင်း နားလည်လက်ခံနိုင်သော စိတ်ခွန်အားမျိုး ရှိကြသည်။ ဥပမာအနေဖြင့် ဘဝတစ်လျှောက်လုံး ဆင့်ကဲဖြစ်စဉ်ကို သင်ကြားပေးလာသော ဆရာတစ်ယောက်သည် သူ့နားလည်မှုနဲ့

ဆန်ကျင့်ဘက်ရှိသော အတွေးခေါ်၊အယူဆများ ဝေမျှနေသည့် ဆရာတစ်ဦးနှင့် တွေ့ဆုံသည် ဆိုကြပါဆို့။ သူသည် နှိုင်းယှဉ်မှုများပြုလုပ်ဖို့ လိုအပ်ပါလိမ့်မည်။ ကောင်းမွန်စွာ ဆင်ခြင်ပြီး သောအခါ သူသည်မှားယွင်းစွာ သွန်သင်နေကြောင်း နားလည်လာခဲ့သည်။ မူလကတည်းက အငြင်းပွားစရာဖြစ်နေခဲ့သော ဆန့်ကျင့်ဘက် အယူဆများကို တင်ပြခဲ့သော ဆရာကို သူ ကျေးဇူးတင်မိသည်။ ဒီလိုအဖြစ်မျိုး ရှားပါးခက်ခဲကြောင်း ကျွန်တော်တို့သိပြီးဖြစ်ပါသည်။ သို့သော် သူတို့အမြင်ကို မှားသောအမြင်ဟု မြင်ရန်၊ ကျွန်တော်တို့အမြင်ကို သူတို့အား လက်ခံ၊ ခိုလှုံစေလိုခြင်းသည် ကျွန်တော်တို့ ခရစ်ယာန်များ၊ ခရစ်တော်ဒုတိယအကြိမ် ကြွလာခြင်းကို မျှော်လင့်သူများ၏ အပြင် လောကတွင် လုပ်နေကျအရာများဖြစ်ပါသည်။ သူတို့ မူလအမြင်တွင် ငြင်းခုံစရာဖြစ်နေသော အရာများကို ဆင်ခြင်ကြည့်ရန် စိတ်နှလုံး ဖွင့်ထားစေလိုလျှင် ကျွန်တော်တို့ကိုယ်တိုင်လည်း ထိုနည်းတူပြုလုပ်နိုင်ရမည် မဟုတ်ပါ လော။ ကျွန်တော်တို့ ထိုသို့ စိတ်နှလုံးဖွင့်မထားလိုလျှင် သူတို့ ဖွင့်ထားလိမ့်မည်ဟု အဘယ်သို့ ထင်ရပါမည်နည်း။ ကျွန်တော်တို့ ထင်မြင်ယူဆချက်များနှင့် ဆန့်ကျင်သော အရာများကို ဆင်ခြင် မကြည့်လိုသော ကျွန်တော်တို့၏ စိတ်သဘောထားသည် ကျွန်တော်တို့ သတင်းကောင်း ဝေမျှလိုသော သူများ၏ အသက်တာထဲတွင် ရောင်ပြန်ဟပ်နေခြင်း ဖြစ်နေမလား။

၂၀၁၇၊ ပထမကွာတာထုတ် ဥပုဒ်စာဖြေစာအုပ်သည် ရရှိနိုင်သော အရာများထဲမှ မိမိအကျိုး အမြတ်ဖြစ်စေနိုင်သော အချက်များကိုသာ တင်ပြသောစနစ်မျိုးဖြင့် သန့်ရှင်းသော ဝိညာဉ်တော် အကြောင်းနှင့်ပတ်သက်၍ ကျွန်တော်တို့၏ လက်ရှိအခြေနေကို ထောက်ပံ့ ပေးခြင်းသာ ဖြစ်နိုင်သည်ဟု ကျွန်တော် ယုံကြည်မိသည်။ဆိုလိုသည်မှာ သူတို့အမြင်တွင် အမှန်တရား ဖြစ်သောအရာနှင့် ကိုက်ညီသည့် ကောင်းမွန်သော ငြင်းခုံချက်များကိုသာ သူတို့ ရှာဖွေစုဆောင်း ခြင်းသာ ဖြစ်သည်။ ဤနည်းစနစ်တွင် အန္တရယ်တစ်ခုရှိသည်မှာ သုံးပါးပေါင်းတစ်ဆူဝါဒသည် ရုပ်လုံးအပြည့်အစုံမဟုတ်ဘဲ ယုံမှားခြင်းသာ ဖြစ်သွားနိုင်ပါသည်။ ထိုနည်းတူစွာ၊ ဤစာအုပ်ကို ဖတ်နေစဉ်တွင်ပင်လျှင် ဒီစာအုပ်သည်လည်း စာရေးသူ၏အမြင်ကို ထောက်ခံပေးသော အချက်များကိုသာ တင်ပြသောစနစ်မျိုး ပါဝင်နေပါသည်ဟု ထင်ကောင်းထင်မိနိုင်ပါသည်။ အမှန်တကယ်

လည်း ထိုကဲ့သို့ဖြစ်နိုင်ပါသည်။ ထို့ကြောင့် အမြင်နှစ်ခုလုံးကို ကြည့်၍ ဆုံးဖြတ်ရန်မှာ သင့်ရွေးချယ်ပိုင်ခွင့်၊ သင့်အပေါ်သာမူတည်မည် ဖြစ်ပါသည်။

"သင်တို့တွင် အားနည်းတော်မမူ၊ အားကြီးတော်မူသော ခရစ်တော်သည် ငါ၌ဗျာဒိတ် ပြတော်မူခြင်း သက်သေကို သင်တို့သည် ရှာသောကြောင့် ငါရောက်လာသောအခါ၊ မသနားရ၊ အကြောင်းမူကား၊ ထိုခရစ်တော်သည် အားနည်းခြင်းနှင့် လက်ဝါးကပ်တိုင်မှာ အသေခံသော်လည်း၊ ဘုရားသခင်၏ တန်ခိုးတော်နှင့် အသက်ရှင်တော်မူ၏။ ငါတို့သည် လည်း ခရစ်တော်၏နည်းတူ အားနည်းသော်လည်း၊ သင်တို့တွင်ပြသော ဘုရားသခင်၏ ဘုန်းတန်ခိုးတော်အားဖြင့် ခရစ်တော်နှင့်အတူ အသက်ရှင်ခြင်းရှိကြလိမ့်မည်။" ၂ကော ၁၃း ၃-၄

၂၀၁၇ ထုတ်၊ ပထမပတ်က္ကာတာ SDA ဥပုဒ်စာဖြေစာအုပ်နှင့် ကျွန်တော့်စာအုပ် "နှိုင်းယှဉ်ခြင်း"ကို ကောင်းသော ချယ်ရီသီးနှင့် မကောင်းသော ချယ်ရီသီး သီးသောသစ်ပင် တစ်ပင်အဖြစ် မြင်ယောင်ကြည့်နိုင်ပါသည်။ ထို့ကြောင့် ကောင်းသောအသီးကို ခူး၍ မကောင်းသော အသီးကို လွှင့်ပစ်နိုင်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့ကို လွတ်မြောက်ခြင်း ပေးသော အမှန်တရား(ရှင်ယောန်ဟန် (၈း ၃၂)ကို ရှာဖွေရာတွင် ဝေဖန်တတ်သော စိတ်သဘောထားနှင့် ဖွင့်ထားသော စိတ်နှလုံး တစ်ပြိုင်နက်ရှိရန် လိုအပ်ပါသည်။ ဤစာအုပ် ရေးသားခြင်းသည် ကျွန်ုပ်အတွက် မလွယ်ကူခဲ့ပါ။ ဤအချက်သည် ကျွန်တော်တို့ အချိန် အတွက် အလောတကြီး၊ အရေးကြီးသည်ဟု မယုံကြည်ပါက၊ ကျွန်တော် ကြိုးစား အားထုတ်မည် မဟုတ်ပါ။

"ခပ်သိမ်းသောအရာကို စုံစမ်း၍၊ ကောင်းသောအရာကို အမြဲစွဲကိုင်ကြလော့။" ၂သက်သာလောနိတ် ၅း ၂၁

အချက်လက်များကို ရှာဖွေ၊ နှိုင်းယှဉ်ရာ၌ ကျွန်တော်အကောင်းဆုံး ဆောင်ရွက်ခဲ့သည်။ ကျွန်တော့် ယုံကြည်ချက်၊ ကျွန်တော့်သိစိတ်နှင့် ဆန့်ကျင်၍ မသွားခဲ့သည့်အတွက် ကျွန်တော် ငြိမ်သက်ခြင်းကို ခံစားရပါသည်။ ဘုရားသခင်သည် ကျွန်ုပ်၏ တရားသူကြီး ဖြစ်ပါစေ။ ဤစာအုပ်ကို နှစ်သက်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ဤစာအုပ်သည်

ဘုရားသခင် ကျွန်တော်တို့အတွက် ထားရှိသော အမြင့်ဆုံးသော ဆုလက်ဆောင်အကြောင်း သင့်အတွက် ပိုမိုခိုင်လုံသော သက်သေဖြစ်ပါလိမ့်မည်။ ကျွန်ုပ်အတွက်လည်း ခိုင်လုံသော သက်သေဖြစ်ခဲ့ပါသည်။

## ၁။ တိတ်တိတ်နေခြင်းသည် သာ၍ကောင်း၏

SDA၊ ၂၀၁၇၊ ပထမကမ္ဘာတာထုတ် ဥပုဒ်စာဖြေစာအုပ်၊ ဇန်နဝါရီ ၂၀တွင် ဤစာအကိုးကားကို တွေ့ရသည်။

အယ်လင်ဂျီဝှိုက် ပြောထားသော "ဘုရားဂုဏ်တော်အကြောင်း မှားသောသရုပ်ဖော်တင်ပြချက်များ" ကိုဖတ်ပါ။ Evangelism, pp. 613-617

ဤအပတ်ကျွန်တော်တို့ တွေ့ခဲ့ရပြီးသည့်တိုင်း၊ သန့်ရှင်းသော ဝိညာဉ်တော်၏ ဘုရားဇာတိနှင့် ပတ်သက်သော ကျမ်းစာအထောက်ထားသည် အလွန်ခိုင်မာပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ဘုရားဖြစ်သည်။ သို့သော်၊ သန့်ရှင်းသော ဝိညာဉ်တော် အကြောင်း စဉ်းစားသောအခါ ကျွန်တော်တို့သည် ဘုရားဇာတိ၏ နက်နဲသော အရာနဲ့ ဆက်ဆံနေကြောင်း သတိရပါ။ ဘုရားသခင်နှင့် သူ၏သဘောသဘာဝကို အပြည့်ဝ ရှင်းပြ၍ မရသည်နည်းတူ၊ ဘုရားသခင်သည် မည်သို့ဖြစ်သင့်ကြောင်း စံနှုန်းစံထားများ ကျွန်တော်တို့ လူ့ဉာဏ်ဖြင့် သတ်မှတ်လိုသော စုံစမ်းနှောင့်ယှက်ခြင်းမျိုး ငြင်းပယ်ရမည်ဟူသော အချက်ကို ကျွန်တော်တို့ ထပ်သလဲလဲပြောပါသည်။ အမှန်တရား၊ အထူးသဖြင့် ဘုရားသခင်နှင့် ပတ်သက်သော အမှန်တရားသည် လူ့အသိဉာဏ် နားလည်နိုင်သည်ထက် ပိုပါသည်။

ထိုနည်းတူစွာ၊ သန့်ရှင်းသော ဝိညာဉ်တော်၏ ဘုရားဇာတိကို ယုံကြည်ခြင်းသည် သုံးပါးပေါင်းတစ်ဆူဟူသော သင်ကြားခြင်းကို လက်ခံခြင်းထက် ပိုပါသည်။ ခမည်းတော် စေခိုင်း၍ သားတော်သည် ဝိညာဉ်တော် တန်ခိုးဖြင့် ပြီးမြောက်စေခဲ့သော ဘုရားသခင်၏ ကယ်တင်ခြင်းအမှုတော်အပေါ် ယုံကြည်စိတ်ချခြင်း၊ အားထား အားကိုးပြုခြင်းများ

ပါဝင်ပါသည်။ "**သန့်ရှင်းသော ဝိညာဉ်တော်သည် မည်သည့်အရာ အတိအကျဖြစ်ကြောင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုနိုင်ရန် ကျွန်ုပ်တို့အတွက် မရှိမဖြစ်အရေးကြီးသည် မဟုတ်ပါ။ … သန့်ရှင်းသော ဝိညာဉ်တော်၏ သဘောသဘာဝသည် နားမလည်နိုင်အောင်ခက်ခဲနက်နဲသော အရာဖြစ်သည်။** လူများ ရှင်းပြနိုင်သောအရာမဟုတ်။ အကြောင်းမှာ ကိုယ်တော် သူတို့အပေါ်မဖော်ပြခဲ့ပါ။ စိတ်ကူးယဉ်ဆန် အမြင်ရှိသော လူများက သမ္မာကျမ်းစာပိုဒ်များ စုပေါင်း၍ ထိုကျမ်းချက်များအပေါ် လူတို့ဖန်တီးသောအမြင်များ ထည့်သွင်းမိတတ်ကြသည်။ သို့သော် ထိုအမြင်များ ယုံကြည်လက်ခံခြင်းသည် အသင်းတော်ကို ခိုင်ခန့်အားကြီးစေမည် မဟုတ်ပါ။ **ထိုကဲ့သို့သော လူသားများ နားလည်နိုင်ရန် နက်နဲလွန်းသော အရာများနှင့် ပတ်သက်လာလျှင် တိတ်တိတ်နေခြင်းသည် သာ၍ကောင်း၏။**"
အယ်လင်ဝိုက်၊ The acts of the Apostles, pp. 51, 52.

ဤကျော်ကြားသော အဆိုပြုချက်က များစွာသောလူတို့၏ ဤအကြောင်းအရာနှင့် ပတ်သက်၍ ထပ်တိုးလေ့လာမှုများကို ရပ်တန့်စေခဲ့သည်။ ဤစာပိုဒ်အကြောင်း ကြိမ်ဖန်များစွာ ကျွန်တော် ဆင်ခြင်ခဲ့ပြီး၊ ငါလုပ်တာ မှန်ရဲ့လားဟု စဉ်းစားမိပါသည်။ ကျွန်တော်လည်း စိတ်ကူးယဉ်ဆန် အမြင်ရှိသော၊ သမ္မာကျမ်းစာပိုဒ်များ စုပေါင်း၍ ထိုကျမ်းချက်များအပေါ် အသင်းတော်အား ခိုင်ခံ့အားကြီးစေခြင်း မပြုနိုင်လောက်သော လူတို့ဖန်တီးသောအမြင်များ ထည့်သွင်းမိသော၊ သူများထဲတွင် တစ်ဦးအပါဝင် ဖြစ်နိုင်ပါသည်။ သို့သော်လည်း သူမဘာကြောင့် ဤသို့ရေးခဲ့ကြောင်း အသေးစိတ်အချက်လက်များကို ကျွန်တော် ပိုမိုတွေ့ရှိခဲ့ပါသည်။ ထိုတွေ့ရှိချက်က ဤအဆိုပြုချက်ကို တင်ပြပုံနှင့် ပတ်သက်၍ သံသယစိတ်ရှိစေခဲ့ပါသည်။ သူမ၏ အဆိုပြုချက် စုဆောင်းသူများက အသင်းတော်ကို တစ်ခုသော အယူဝါဒဘက်သို့ ဦးတည် ပြောင်းရွှေ့သွားစေရန်၊ အထူးသဖြင့် ထိုဦးတည်ချက်သည် ကျွန်တော်တို့ အသင်းတော်အား အခြားသော အသင်းတော်များနဲ့ အံဝင်ခွင်ကျဖြစ်စေလျက်၊ အငြင်းပွားမှုများ၊ ရန်လိုမုန်းတီးခြင်းများ ရှောင်ရှားနိုင်စေရန် ရွေးချယ်စုစည်း၍(တမင်ရည်ရွယ်၍ဖြစ်စေ၊ သတိမထားမိဘဲ ဖြစ်စေ) ခြယ်လှယ်နေဘိသကဲ့သို့ ကျွန်တော်ထင်မိသည်။

လူများက အီးဂျီဝိုက်၏ အဆိုပြုချက်ကို သူမကိုယ်တိုင်ဖြစ်စေ၊ ရှေးဦးအသင်းတော် တည်ထောင်သူများ မည်သူတစ်ဦးတစ်ယောက်ကမျှ ဖြစ်စေ မပြဌာန်းခဲ့သော သီအိုရီ တစ်ခုကို ထောက်ခံသော အဆိုပြုချက်အဖြင့် အသုံးပြုကြသည်။ ထို့နောက် "တိတ်တိတ် နေခြင်းသည် သာ၍ကောင်း၏" ဟူသောအဆိုကို အသုံးပြု၍ ထပ်တိုးစုံစမ်းလေ့လာမှုများ တိတ်ဆိတ်သွားရန် အသုံးပြုကြပြန်သည်။ ထိုအချက်ကို မတရားဟု ကျွန်တော် ထင်ပါသည်။ ပိုမိုပြည့်စုံစွာ လူများသိသင့်သည်ဟုလည်း ထင်မိပါသည်။ ကျွန်တော်သည် လူသားတစ်ဦးမျှသာ ဖြစ်ကြောင်း သိလျက်၊ အကယ်၍ သင် ဆက်လက်လေ့လာဖို့ စိုးရိမ်နေလျှင် အကာကွယ်အတွက် ကျွန်တော့် ဆုတောင်းချက်ကို ထည့်သွင်းထားပါသည်။

"ကောင်းကင်ဘုံ၌ ရှိတော်မူသော ကျွန်ုပ်ချစ်သော အဖဘုရား၊ အကယ်၍ အသင်းတော် အတွက် ခွန်အားမဖြစ်စေဘဲ၊ ကိုယ်တော့် အလိုတော်နှင့် ဆန့်ကျင်ပါက အသင်းတော်အား ကျွန်ုပ်စာအုပ်ဘေးမှ ကွယ်ကာတော်မူပါ။ အကယ်၍ စာအုပ်သည် မှန်ကန်ပါက ကိုယ်တော် ဤစာအုပ်ကို များနိုင်သမျှ လူများအတွက် ဝေမျှ၍၊ အမှန်တရားကို ဖော်ပြပေးပါရန် ကျွန်ုပ် ဆုတောင်းပါသည်။ ဤအကြောင်းအရာနှင့် ပတ်သက်၍ အသင်းတော်ထဲတွင် မည်သို့ ဖြေရှင်းရမည်ကို သိရန်ကူညီပေးပါ။ ထိုအကြောင်းကြောင့် ကိုယ်တော်နှင့်ဖြစ်စေ ကျွန်တော်တို့ အချင်းချင်းဖြစ်စေ သာ၍နီးကပ်လျက် ဤနောက်ဆုံးသော အချိန်ကာလတွင် တစ်ဦးအပေါ်တစ်ဦး စိတ်ရှည် သည်းခံနိုင်ရန် ကူညီပေးပါ။ ဤအကြောင်းအရာနှင့် ပတ်သက်၍ ကိုယ်တော့်ကို ဆန့်ကျင်မိလျက် အကြောက်တရားဖြင့် အသက်ရှင်နေရ ခြင်းမျိုး မဖြစ်စေရန်၊ အမှားလုပ်မိခြင်းမှ ကျွန်ုပ်တို့ကို ကယ်တင်ပါ။ ထို့အစား ကျွန်တော်တို့ အရာအားလုံးကို စမ်းသပ်ဝံ့လျက်၊ ကိုယ်တော့် ကောင်းမြတ်မှုများကို ထိန်းသိမ်း၍၊ မှန်သောအရာကို ဦးစားပေး လုပ်ဆောင်နိုင်ရန် ကူညီပေးပါ။ အကြောင်းမှာ အမှန်တရားသည် စမ်းသပ်စုံစမ်း ထိုက်ပါသည်။ ပြီးနောက်၊ တိတ်တိတ်နေခြင်းသည် မည်သို့ သာ၍ကောင်းကြောင်း နားလည်နိုင်ရန်လည်း ကူညီပေးပါ။ ကိုယ်တော် ချစ်သော သားတော်ယေရှု၏ နာမတော်မြတ်၌ ဆုတောင်းလျက်၊ ကျေးဇူးတော် ချီးမွမ်းပါ၏။ အာမင်။

ဤအချက်များသည် "တိတ်တိတ်နေခြင်းသည် သာ၍ကောင်း၏" ဟူသော အဆိုပြုချက်နှင့် ပတ်သက်၍ ကျွန်တော်တင်ပြမည့် ရှု့ထောင့်သုံးချက်ဖြစ်ပါသည်။

၁။ ဤအဆိုပြုချက်ကို အီးဂျီဝှိုက် မည်သူ့ထံ ရေးသားခြင်းဖြစ်သနည်း။ အဘယ်ကြောင့်နည်း။

၂။ သန့်ရှင်းသော ဝိညာဉ်တော်အကြောင်း အီးဂျီဝှိုက်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အဘယ်ကြောင့် နားလည်ရခက်ခဲသနည်း။

၃။ တိတ်တိတ်နေခြင်းက မည်သည့်အချိန်တွင် ပိုကောင်း၍ ထပ်တိုးလေ့လာခြင်းသည် မည်သည့်အချိန်တွင် အန္တရယ်ရှိသနည်း။

## ၁.၁။ ဤအဆိုပြုချက်ကို အီးဂျီဝှိုက် မည်သူ့ထံ ရေးသား၍ အဘယ့်ကြောင့် ရေးသားခဲ့သနည်း။

၁၈၉၁ခုနှစ်တွင်၊ ညီအစ်ကို ချပ်မန် (Chapman)က သူအား တရားဟောခွင့်မပြုသော သူများနှင့် ပြဿနာရှိကြောင်း အီးဂျီဝှိုက်ထံ စာရေးခဲ့သည်။ သူပြောသော အချက်အချို့ကို အောက်တွင်ဖော်ပြထားပါသည်။

"အသင်းလူကြီး ရော်ဘင်ဆန်က ... ကျွန်တော်ကိုင်စွဲသောအချက်အချို့ကို မပြောင်းလဲမချင်း (သို့) မပြင်ဆင်မချင်း ကျွန်တော့်ကို အခြားသူများထံတွင် အမှန်တရားတင်ပြရန် စေလွှတ်၍မဖြစ်ကြောင်း အပြုသဘောဆောင်လျက် ပြောပြသည်။

... သူ နမူနာ ကိုးကားသော အဆိုပြုချက်မှာ "**သန့်ရှင်းသော ဝိညာဉ်တော်သည် ဘုရားသခင်၏ ဝိညာဉ်တော်ဖြစ်သော ခရစ်တော်မဟုတ်ဘဲ၊ ကောင်းကင်တမန် ဂါဗေလဖြစ်သည်ဟူသော ကျွန်တော့် အတွေးအခေါ်နှင့်ပတ်သက်၍** ...။ အခြေခံယုံကြည်ချက်အားလုံးအပေါ် ကျွန်တော်တို့ အသင်းသားများနှင့် ကျွန်တော်အပြည့်ဝ သဘောထားတူညီပါသည်။ အမှန်တရားအပေါ် အလင်းသစ်ဖြစ်မည်ဟု ကျွန်တော် ထင်သောအရာကို ကျွန်တော်ပြရန် ကြိုးစားသောအခါ၊ အာဏာရှိသူများက သမ္မာကျမ်းစာ အပေါ် ကြောင်တောင်တောင်နိုင်သော အယူဆရှိသော သူတစ်ယောက်အဖြစ် သတ်မှတ်လိုက်ကြသည်။" (Letter: Br, Chapman to E.G. White, June 3, 1891. 14MR 175)

ညီအစ်ကို ချပ်မန်က သန့်ရှင်းသော ဝိညာဉ်တော်သည် ကောင်းကင်တမန် ဂါဗေလဖြစ်သည် သူသော အတွေးခေါ်ကို ဘယ်ကရသည်ကို စဉ်းစားကြည့်လျှင် စိတ်ဝင်စားစရာ ကောင်းပါသည်။ထိုယုံကြည်ချက်သည် ကိုရမ်ကျမ်း တစ်နေရာတွင် ဂါဗေလသည် လူသားများထံ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ယူဆောင်လာသည်ဟု ပြောထားသော အချက်နှင့် အခြားသော တစ်နေရာတွင် သန့်ရှင်းသော ဝိညာဉ်တော်ကလည်း ထိုနည်းတူ ပြုခဲ့သည်ဟု ပြောထားချက် တို့ကို ဆက်စပ်ထားသော အချို့သော မူစလင်များ၏ သင်ကြားချက်လည်း ဖြစ်သည်။ (https://submission.org/Holy Spirit.html)

အယ်လင်ဝိုက်က ညီအစ်ကို ချပ်မန်အား ဖြေကြားပုံမှာ ဤသို့ဖြစ်သည်။

"သင့်အတွေးခေါ်များသည် … ဘုရားသခင် ကျွန်ုပ်တို့အား ပေးခဲ့သော အလင်းနှင့် ကိုက်ညီမှုမရှိပါ။ … **သန့်ရှင်းသော ဝိညာဉ်တော်သည် မည်သည့်အရာ အတိကျ ဖြစ်ကြောင်း သင်သိနိုင်ရန်နှင့် အနက်အဓိပ္ပာယ်ဖွင့်ဆိုနိုင်ရန် မရှိမဖြစ်အရေးမကြီးသည် မဟုတ်ပါ။** ခရစ်တော်က သန့်ရှင်းသော ဝိညာဉ်တော်သည် နှစ်သိမ့်သူ ဥပဒ္ဒေသျာယ်ဆရာ၊ ဥပဒ္ဒေသျာယ် ဆရာသည် နှစ်သိမ့်ပေးသူ သန့်ရှင်းသော ဝိညာဉ်တော်ဖြစ်သည်ဟု ပြောပြထားပါသည်။ … **ဤအရာက နှစ်သိမ့်ပေးသူ(သို့) ဥပဒ္ဒေသျာယ်ဆရာခေါ် ခရစ်တော်၏ ဝိညာဉ်တော်၏ နေရာတိုင်း အရပ်ရပ်တွင် တစ်ချိန်တည်း ပျံ့နှံ့တည်ရှိမှုကို ရည်ညွှန်းပါသည်။** ကျွန်ုပ်နားလည်ရန် မရှာဖွေသော၊ ရှင်းပြရန်မကြိုးစားသော နက်နဲသော အရာ များစွာရှိပါသည်။ ထိုသို့သောအရာများသည် ကျွန်ုပ်အတွက် အလွန်မြင့်သကဲ့သို့ သင့်အတွက်လည်း အလွန်မြင့်နေပါသည်။ ထိုသို့သောအချက်များနှင့် ပတ်သက်၍ **တိတ်တိတ်နေခြင်းသည် သာ၍ကောင်း၏**"

… သင့် အသင်းသူ၊ အသင်းသား ညီအစ်ကိုများနှင့် တူညီသော သဘောထားရှိဖို့ လိုပါသည်။ … အခုချိန်မှာ၊ ညီအစ်ကို၊ ကျွန်ုပ်တို့ လိုချင်သောအရာ၊ ရှိရမည့်အရာသည် အမှန်တရား ဖြစ်ပါသည်။ သို့သော်လည်း **မှားယွင်းသောအရာကို အသစ်သောအလင်းသဖွယ် မိတ်ဆက်တင်ပြခြင်း မပြုပါနှင့်။**" (Letter: E. G. White to Br. Chapman, June 11, 1891. 14MR 179, 180)

ကျော်ကြားသော အကိုးကားဖြစ်သော "တိတ်တိတ်နေခြင်းသည် သာ၍ကောင်း၏" ဟူသောအချက်သည် ဤနေရာမှ လာခြင်းဖြစ်သည်။ အဓိပ္ပာယ်မှာ မှားသောအရာကို အသစ်သောအလင်းသဖွယ် မိတ်ဆက်တင်ပြခြင်း မပြုရန်ဖြစ်သည်။ ညီအစ်ကို ချပ်မန်က သန့်ရှင်းသော ဝိညာဉ်တော်သည် မည်သည်အရာ **အတိကျ** ဖြစ်ကြောင်း၊ အထူးသဖြင့် မှားယွင်းစွာ နိဂုံးချုပ် အဓိပ္ပာယ်ဖွင့်ခဲ့သည်။ ထို့ကြောင့် သူမက တိတ်တိတ်နေခြင်းသည် သာ၍ကောင်း၏ဟု တုန့်ပြန်ခဲ့သည်မှာ အံ့ဖွယ်ရာမရှိပါ။

ဝိညာဉ်တော်သည် မည်သည့်အရာဖြစ်ကြောင်း အဓိပ္ပာယ်ဖွင့်ဆိုချက်များ ထားရှိရာတွင် ဝိညာဉ်တော်သည် ခရစ်တော်ကိုရည်ညွှန်းနေသလော့၊ ခရစ်တော်ပိုင်ဆိုင်သော အရာဖြစ်ကြောင်း ရည်ညွှန်းနေသလော့၊ အခြား ပုဂ္ဂိုလ်တစ်ယောက်မဟုတ် (ကောင်းကင်တမန် ဂါဗြေလကဲ့သို့) ဟု ရည်ညွှန်းနေသလော့ အဆင်ပြေပုံရပါသည်။ အကြောင်းမှာ "**ဤအရာက နှစ်သိမ့်ပေးသူ(သို့) ဥပဇ္ဈာယ်ဆရာခေါ် ခရစ်တော်၏ ဝိညာဉ်တော်၏ နေရာတိုင်း အရပ်ရပ်တွင် တစ်ချိန်တည်း ပျံ့နှံ့တည်ရှိမှုကို ရည်ညွှန်းပါသည်။"** ဟူသောအချက်သည် အီးဂျီဝိုက်ကိုယ်တိုင်၏ ရှင်းပြချက်ဖြစ်သည်။ သူမ၏ ရေးသားချက်များတွင် အဓိပ္ပာယ်ဖွင့်ဆိုချက် ဘယ်လောက်များများ ရှိသေးပါသလဲ။ အဘယ့်ကြောင့် နားလည်းရ ခက်ခဲသနည်း။ သေချာနီးကပ်စွာ လေ့လာရအောင်။

## ၁.၂။ သန့်ရှင်းသော ဝိညာဉ်တော်အကြောင်း အီးဂျီဝိုက်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အဘယ်ကြောင့် နားလည်ရခက်ခဲရသနည်း။

**"သန့်ရှင်းသော ဝိညာဉ်တော်သည် မည်သည့်အရာ အတိအကျ ဖြစ်ကြောင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုနိုင်ရန် ကျွန်ုပ်တို့အတွက် မရှိမဖြစ်အရေးကြီးသည် မဟုတ်ပါ။"** ဟုအီးဂျီဝိုက်ပြောခဲ့ပါသည်။ ထိုအဆိုပြုချက် ဆိုလိုသည်မှာ သန့်ရှင်းသော ဝိညာဉ်တော်

သည် အဓိပ္ပာယ်ဖွင့်ဆို၍ရသော ရှုထောင့်အမျိုးမျိုးရှိသည်ဟု ကျွန်တော်တို့ နားလည်ထားရန် လိုအပ်ပါသည်။ သမ္မာကျမ်းစာအရဖြစ်စေ၊ အီးဂျီပ်ဂ်ုက်၏ ရေးသားချက်များအရဖြစ်စေ အမျိုးမျိုးသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို တွေ့နိုင်ပါသည်။ ထို့ကြောင့် "နှုတ်ကပတ်တော်**အလုံးစုံ**တို့သည် ဟုတ်မှန်ပါ၏" ဟူသော နည်းလမ်းကို စဉ်းစားရန်လိုအပ်ပါသည်။ (ဆာလံကျမ်း ၁၁၉း ၁၆၀) အောက်ပါအချက်များသည် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ဆက်စပ်၍ အီးဂျီပ်ဂ်ုက်၏ အသုံးပြုသော အဆိုပြုချက် အကိုးကားများကို ခရစ်တော်၏ ဝိညာဉ်(the spirit of christ)ကို ၊ ခရစ်တော် မှုတ်သွင်းပေးသော အသက်(breath)၊ ခရစ်တော်၏ စိတ်သဘာနှင့် အကျင့်စာရိတ္တ၊ ခရစ်တော်နှင့် ဘုရားသခင်၏ အတူရှိခြင်း(the presence)၊ ခရစ်တော်၏ အသက်တော်(the life)၊ နှစ်သိမ့်ပေးသူ (သို့) ဥပဒေ္ဒါယ်ဆရာဖြစ်သော ခရစ်တော်၊ သန့်ရှင်းသော ဝိညာဉ်တော်ဖြစ်သော ယေရှုခရစ်တော် စသည်ဖြင့် အမျိုးစားခွဲထားသော ဇယားဖြစ်သည်။

**ခရစ်တော်၏ ဝိညာဉ်တော် (The Spirit of Christ**)

| အမျိုးအစားများ | အီးဂျီပ်ဂ်ုက်၏ အဓိပ္ပာယ်ဖွင့်ဆိုချက် |
| --- | --- |

| | |
|---|---|
| ခရစ်တော်၏ မှုတ်သွင်းသောအသက် (The Breath of Christ) | “ခရစ်တော်က သူတို့အား သူ၏ဇီဝအသက်ဖြစ်သော **သူ၏ အသက်ဝိညာဉ်**ကို ပေးလိုက်သည်။” (DA ၈၂၇) “ခရစ်တော်က **သူ၏ဝိညာဉ်တော်ကို သူတို့အပေါ် မှုတ်သွင်း**ပေးတော်မူခဲ့သည်။” (DA ၈၀၅) “ယေရှုက သူတို့အပေါ် သန့်ရှင်းသော ဝိညာဉ်တော်ကို **မှုတ်သွင်း**ပေးလိမ့်မည်။ (EW 55.1) “ယေရှုက သူတို့အပေါ်တွင် အသက်မှုတ်သွင်းရန် စောင့်နေတော်မူ၏။ ထို့နောက် သူ၏ သန့်စင်စေသော ဝိညာဉ်တော်တန်ခိုးကို ပေး၍ **အခရာကျသော ဩဇာတန်ခိုး**ကို သူ့ထံမှ သူ၏ တပည့်တော်များထံ လွှဲပြောင်းသွင်းပေးတော်မူ၏။” (ST Oct 3, 1892 par 4) |
| ခရစ်တော်၏ စိတ်သဘော(သို့) ဉာဏ်တော်နှင့် အကျင့်စာရိတ္တ (The mind and character of Christ) | “**ဘုရားစိတ်သဘောတော်(divine mind)**သည် ဦးဆောင်ခံလိုသော သူများကို ဦးဆောင်လမ်းပြလိမ့်မည်။” (This day with God, p,188); **အကျင့်စာရိတ္တသည် ဩဇာတန်ခိုး**ဖြစ်သည်။ ခရစ်တော်၏ အမှုတော်သည် စိတ်နှလုံးများကို **သူ၏ဘုရားစိတ်သဘော**ဖြင့် သနားကြင်မှုနာခြင်းဆီသို့ ဆွဲသွင်းရန်ဖြစ်သည်။” (RH, septermber 29, 1891 par. 14); “ခရစ်တော်၌ရှိသော စိတ်သဘောကို သူတို့ ရရှိလိမ့်မည်။ (RH, May 27, 1890 par. 1); “သူတို့သည် စိတ်သဘော၊ ရည်ရွယ်ချက်၊ အကျင့်စာရိတ္တအရာတွင် တစ်လုံး တစ်ဝတည်း ဖြစ်သော်လည်း ပုဂ္ဂိုလ်အားဖြင့် တစ်ဦးတစ်ယောက်တည်း မဟုတ်ပါ။ (The ministry of healing, p. 421, 422);<br>“ခရစ်တော်က ဇာတိသဘောကြောင့်ဖြစ်စေ၊ ပျိုးထောင်ခြင်းကြောင့် ဖြစ်စေ ဖြစ်လာနိုင်သော မကောင်းမှုများကို အောင်မြင်စေနိုင်ရန်နှင့် သူ၏အသင်းတော်အပေါ် သူ၏အကျင့်စာရိတ္တကို ခတ်နှိပ်ရန် **သူ၏ဝိညာဉ်တော်ကို ဘုရားတန်းခိုး (divine power)အဖြစ်** ပေးခဲ့ပြီးဖြစ်သည်။ (DA 671.2); “ခရစ်ယာန်များအနေဖြင့် သူတို့၏ ခင်မင်တွယ်တာမှုများ၊ အပြုအမူများကို ဘုရားဇာတိနှင့် ပြည့်ဝသော မြတ်ဆရာ၏ **အကျင့်စာရိတ္တ၊ ဝိညာဉ်တော်၊** အသက်တာပုံစံအတိုင်း ပညာပေး၊ လေ့ကျင့်သင်ကြား သင့်ပေသည်။ (RH, July 18, 1893 par. 3);<br>“သူ၏ အကျင့်စာရိတ္တသည် စာတန်မာရ်နတ်၏ အကျင့်စာရိတ္တနှင့် နှိုင်းယှဉ်သော် ဆန့်ကျင်ကွဲလွဲချက် သိသာထင်ရှားနေရမည်။ (DA 22) |

| | |
|---|---|
| ခရစ်တော်နှင့် ဘုရားသခင်၏ အတူရှိခြင်း (The presence of Christ and God) | ဤလောက ကယ်တင်ရှင် စေလွှတ်ရန် ကတိပေးထားသော ဘုရားဝိညာဉ်(divine spirit)သည် ဘုရားသခင်၏ **အတူရှိခြင်းနှင့် တန်ခိုးတော်**ပင်ဖြစ်သည်။ (ST November 23, 1891 par 1); “သန့်ရှင်းသော ဝိညာဉ်တော်သည် ဝိညာဉ်များ(soul)ထံ ခရစ်တော်၏ **ကိုယ်တိုင်အတူရှိခြင်း**(personal presence)ဖြစ်သော နှစ်သိမ့်သူ(သို့) ဥပဇ္ဈာယ်ဆရာဖြစ်သည်။ (HM November 1, 1893 par. 28); “ဤအရာက နှစ်သိမ့်ပေးသူ(သို့) ဥပဇ္ဈာယ်ဆရာခေါ် ခရစ်တော်၏ ဝိညာဉ်တော်၏ **နေရာအရပ်တိုင်းတွင် တစ်ချိန်တည်း တည်ရှိနိုင်မှု** (omnipresence) ရည်ညွှန်းပါသည်။” (14MR 179.2) 1891; “**သန့်ရှင်းသော၊ မွန်မြတ်သော အတူရှိခြင်းတစ်ခု**၊ ... ကျွန်မအထဲတွင် **ယေရှု၏အတူရှိခြင်းကို** ခံစားခဲ့ရသည်။ ... **မျက်မမြင်နိုင်သော အတူရှိခြင်း**သည် ကျွန်မနှင့်အတူ စကားပြောနေသယောင် လှုပ်ရှားမှုတစ်ရပ်ကို ကျွန်မရှေ့တွင် ပြသပေးသည်။ (11 MR 326) 1896; “**ယေရှု၏အတူရှိခြင်း** မျက်မှောက်တော်ထဲတွက် ကျမရှိနေသည်နှင့် တူသည်။ သူကျွန်မကို စကားပြောနေသည်။(5MR 147) 1896; “သူ၏ **အားကြီးသော အတူရှိခြင်းသည်** သူ၏အသင်းတော်နှင့်အတူ ရှိနေသေး၏။ (DA 166) “သူသည် **သူ၏အတူရှိခြင်း**နှင့် သဘောတွေ့တော်မူခြင်းကို **ထင်ရှား ဖော်ညွှန်းသည့်အရာ**ဖြစ်သော သူ၏ သန့်ရှင်းသော ဝိညာဉ်တော်ကို သူတို့အား ပေးလိုက်၏။ (9T 230) 1909; သူသည် သူတို့ကို **သူ၏အတူရှိခြင်း**ဖြင့် နှစ်သိမ့်တော်မူ၏။” (DA 669); **ခမည်းတော် ဘုရား၏ အတူရှိခြင်း**က ခရစ်တော်ကို ဝန်းရံလိုက်သည်။ ... ထိုနေရာသည် သူ၏ နှစ်သိမ့်မှု ခံယူရာ နေရာဖြစ်ပြီး ကျွန်ုပ်တို့အတွက်လည်းဖြစ်သည်။ ... **သူ၏အတူရှိခြင်း**ဖြင့် ဝန်းရံသူသည် ...။  (MB 71.2) 1896. |

| | |
|---|---|
| ခရစ်တော်၏ အသက်တော် (The life of Christ) | "ဝိညာဉ်တော်ကို ပေးအပ်ခြင်းသည် ခရစ်တော်၏ အသက်တော်ကို ပေးအပ်ခြင်းပင်ဖြစ်သည်။ (DA 805) "နှစ်သိမ့်သူ (သို့) ဥပဇ္ဈာယ်ဆရာသည် သန့်ရှင်းသော ဝိညာဉ်တော်ဖြစ်သည်။ … သူ့အသက်၏ ဝိညာဉ်လည်းဖြစ်သည်။" (RH, May 19, 1904 par. 1) "သန့်ရှင်းသော ဝိညာဉ်တော်၏ သြဇာတန်ခိုးသည် ဝိညာဉ်ထဲရှိ ခရစ်တော်၏ အသက်တော်ဖြစ်သည်။" (4MR 332. 5) 1896) "ခရစ်တော် သူ၏တပည့်တော်များနှင့် အတူရှိသည်မှာ နှုတ်ကပတ်အားဖြင့် ဖြစ်သည်။ … ခရစ်တော်၏ နှုတ်ကပတ်တော်သည် ဝိညာဉ်လည်းဖြစ်သည်။ အသက်လည်းဖြစ်သည်။ (DA 677) |
| နှစ်သိမ့်သူ (သို့) ဥပဇ္ဈာယ်ဆရာဖြစ်သော ခရစ်တော် (The comforter who is Christ) | "**နှစ်သိမ့်သူ (သို့) ဥပဇ္ဈာယ်ဆရာဖြစ်သော ယေရှုကို** ပေးသနားသော အံ့ဖွယ်မေတ္တာတော်အတွက် ဘုရားသခင်ကို ကျွန်တော်တို့ မြတ်နိုးကြည်ညို၏။ (19 MR 297, 298) 1892; "ယုံကြည်သူ အားလုံးအတွက် ခရစ်တော်သည် **ဥပဇ္ဈာယ်**ဆရာ ဖြစ်လာသည်။ (8MR 57.3) 1898; "ကောင်းချီးခံရသော နာမတော် ဥပဇ္ဈာယ်ဆရာ အဖြစ် ခရစ်တော်ကို သိရန်ဖြစ်သည်။ (Ms7- 1902) (January 26, 1902) par. 10) EGW; " အလွန်သိမ်မွေ့၍ အလွန်ဖြောင့်မတ်သော **ခရစ်တော်နှင့်တူသော ဥပဇ္ဈာယ်ဆရာ** မရှိပါ။ (RH Octorber 26, 1897, Par, 15); "**ကယ်တင်ရှင်သည် ကျွန်ုပ်တို့၏ ဥပဇ္ဈာယ်ဆရာဖြစ်သည်။** သူဖြစ်ကြောင်းကို ကျွန်မတွေ့ရှိခဲ့ပြီး ဖြစ်သည်။ (8MR 49); " သူ(စာတန်)သည် ခရစ်တော်ကို သူတို့အမြင်တွင် **ဥပဇ္ဈာယ်ဆရာ**၊ ဆိုဆုံးမသူ၊ သတိပေးသူ၊ သူတို့ကို "ဤလမ်းဖြစ်သည်။ ဤလမ်းတွင်လျှောက်ပါ" ဟုညွှန်ကြားသူအဖြစ်မှ ဖုံးကွယ်နိုင်ရန် ကြိုးစား၏။ (RH, August 26, 1890) |
| သန့်ရှင်းသော ဝိညာဉ်တော်ဖြစ်သော ယေရှု ခရစ်တော် | သူသည် သူ၏သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် နေရာတိုင်း၊ အရပ်ရပ်တွင် တည်ရှိနိုင်သူ(omnipresent) အဖြစ် မိမိကိုယ်မိမိ ဖော်ပြလေ့ရှိသည်။ (14MR 23.3); "သန့်ရှင်းသော ဝိညာဉ်တော်ဖြစ်သော ခရစ်တော်" (Lt66-1894 (April 10, 1894) par. 18); "သူသည် သူ၏ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ယနေ့ |

| | |
|---|---|
| | လာနေသည်။ ယခုပင် သူ့အား အသိမှတ်ပြုကြပါစို့။ (RH, April 30, 1901 par. 8) |

သန့်ရှင်းသော ဝိညာဉ်တော်သည် ခရစ်တော်ကိုပင် ရည်ညွှန်းကြောင်း၊ သူမှလွဲ၍ အခြားသူမဟုတ်ကြောင်း၊ ကျွန်တော်တို့ ရှင်းရှင်းလင်းလင်း မြင်သင့်ပါသည်။ တစ်ချိန်ထဲတွင် ဝိညာဉ်တော်သည် သူ၏ခမည်းတော်ကိုလည်း ရည်ညွှန်းခြင်း ဖြစ်နိုင်ပါသည်။ (ဝိညာဉ်တော်သည် အရင်းမြစ်ဖြစ်သော "သူ၏" (of whom)ဟူသော ခမည်းတော်ထံမှ လာ၍ ဖန်ဆင်းခြင်းအရာအားလုံးဆီသို့ လမ်းကြောင်းဖြစ်သော "သူ့အားဖြင့်" (by whom) ခေါ်သားတော်အားဖြင့် လာပါသည်။ ၁ကော ၈း ၆, ရှင်ယောန်ဟန် ၂၀း ၂၁-၂၂၊ ဂလတိ ၄း ၆ "ထိုသို့သင်တို့သည် သားဖြစ်သောကြောင့် အဗ္ဗအဘဟုခေါ်တတ်သော **သားတော်၏ ဝိညာဉ်တော်ကို** သင်တို့စိတ်နှလုံးထဲသို့ ဘုရားသခင် စေလွှတ်တော်မူ၏။" ) သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပတ်သက်၍ အယ်လင်ဝိုက် လုံးလုံးမတိတ်ဆိတ်ခဲ့ပါ။ အထူးသဖြင့် ခရစ်တော်အကြောင်းကို သန့်ရှင်းသော ဝိညာဉ်တော်နှင့် ဆက်စပ်၍ ပြောခဲ့ပါသည်။ "တိတ်တိတ်နေခြင်းက သာ၍ကောင်း၏"ဟူသော စကားသည် ခရစ်တော် (သို့) ခရစ်တော်၏ သန့်ရှင်းသော ဝိညာဉ်တော်ဟူသော အဆိုပြုချက်ကိုကျော်လွန်၍ သွားသောသူများအဖို့ ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။

မှန်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ဘုရားဂုဏ်တော်၏ တတိယပုဂ္ဂိုလ်အဖြစ် သူမရေးသား၍ အတည်ပြုခဲ့ပြီးဖြစ်သည်။ အဘယ်ကြောင့် လူများတို့သည် ကောင်းကင် နိုင်ငံတော်၏ တတိယမြောက် ဘုရားကို ယုံကြည်ကြကြောင်း သုံးပါးပေါင်းတစ်ဆူ ယုံကြည်သူများ၏ အမြင်မှ ဆင်ခြင်ကြည့်ကြပါစို့။

| | |
|---|---|
| ဘုရားဂုဏ်တော်တွင် တတိယမြောက် ပုဂ္ဂိုလ် (Third | "ဤကြီးမြတ်သော၊ **အဆုံးမရှိတန်ခိုး** သုံးပါး" (GC conference bullentin, April 4, 1901) "ကောင်းကင်နိုင်ငံတော်၏ ကြီးမြတ်သော ဤတန်းခိုးသုံးပါး။" (General conference Bulletin, April 14, 1901); "စကြာဝဠာအတွင်းရှိ အမြင့်ဆုံးသော တန်းခိုးသုံးပါး။" (Pacific Union |

| | |
|---|---|
| person of Godhead) | Recorder, July 2, 1908); "ဘုရားဂုဏ်တော်တွင် တတိယမြောက် ပုဂ္ဂိုလ်။" (DA 671); "ကောင်းကင်ဘုံရှိ( three living persons in the heavenly trio) အသက်ရှင်သော ပုဂ္ဂုလ် (သို့) ကိုယ်ရည်ကိုယ်သွေး သုံးပါး။" (Bible training school, March 1, 1906; Ev 615.1) "ကောင်းကင်ဘုံရှိ အသန့်ရှင်းဆုံးသော သက်ရှိပုဂ္ဂိုလ်သုံးပါး။ (7MR 267) |

နောက်ဆုံး အဆိုပြုချက်မှာ စိတ်ဝင်စားစရာကောင်းပါသည်။ "အသန့်ရှင်းဆုံးသော သက်ရှိပုဂ္ဂိုလ် သုံးပါး"ဟူသောအချက်က ခမည်းတော်၊ သားတော်မဟုတ်သော အခြား တတိယမြောက် သီခြား၊ ပုဂ္ဂိုလ်ဖြစ်သော ဘုရားကို လူများက အဘယ့်ကြောင့်  ယုံကြည် ကြကြောင်း ကျွန်တော့်ကို သဘောပေါက်စေပါသည်။ ဘုရားဂုဏ်တော်(Godhead)တွင် လှုပ်ရှားဆောင်ရွက်မှု(movements) သုံးခုရှိပါသည်။ သို့သော်လည်း ထိုအချက်သည် အီးဂျီဝိုက်၏ အရင်ရေးသားချက်များဖြစ်သော ခရစ်တော်၏ အသက်တော်ဖြစ်သော သန့်ရှင်းသော ဝိညာဉ်တော်၊ ဥပဓ္ဈာယ်ဆရာဖြစ်သော ခရစ်တော်၊ ခရစ်တော်၏ အကျင့်စာရိတ္တနှင့် စိတ်သဘောတော်ဖြစ်သော သန့်ရှင်းသော ဝိညာဉ်တော်၊ ခရစ်တော် မှုတ်သွင်းသောအသက်ဖြစ်သော သန့်ရှင်းသော ဝိညာဉ်တော် စသသည့်အချက်များနှင့် ဆန့်ကျင်ဘက်ဖြစ်ရန်လိုအပ်ပါသလား။ ကျွန်တော် လိုအပ်မည်မထင်ပါ။

တတိယမြောက် တန်ခိုးသည် ခရစ်တော်၏ အခြားပုံပန်း၊ သဏ္ဍာန်တစ်ခုဖြစ်ပြီး ကိုယ်ခန္ဓာ အားဖြင့် ကျွန်ုပ်တို့ထံလာခြင်းမဟုတ်ဘဲ၊ မမြင်နိုင်သော၊ နေရာခပ်သိမ်းတွင် တပြိုင်တည်း တည်ရှိနေနိုင်သော သူ၏ ဝိညာဉ်အဖြစ် ကျွန်တော် ယူဆပါသည်။ ဥပမာဆောင်ရလျှင် -

"ပြုပြင်ပြင်ဆင်ထားသော စွမ်းအင်ဖြင့် လာခြင်းမဟုတ်ဘဲ၊ ဘုရား အစွမ်းတန်ခိုး အပြည့်အဝဖြင့် လာသော၊ **ဘုရားဂုဏ်တော်(the Godhead)၏ တတိယမြောက် ပုဂ္ဂိုလ်ဖြစ်သော** တန်ခိုးကြီးမြတ်သော ကိုယ်စားလှယ်အားဖြင့်သာ အပြစ်တရားကို ခုခံတွန်းလှန်လျှက်၊ အောင်နိုင်မည်ဖြစ်သည်။ လောကကြီး၏ ကယ်တင်ရှင် ပြောင်းလဲပြုပြင်ထားသောအရာကို ထိရောက်ပြီးမြောက်စေသောအရာမှာ ဝိညာဉ်တော်ဖြစ်ပါသည်။ နှလုံးသားကို ဖြူစင်စေသည်မှာ ဝိညာဉ်တော်ပင်ဖြစ်သည်။ ဝိညာဉ်တော်အားဖြင့် ယုံကြည်သူသည် ဘုရားဇာတိကို ပါဝင်ဆက်ဆံ ရသောသူဖြစ်လာ၏။ ခရစ်တော်သည် သူ၏ဝိညာဉ်တော်ကို ဇာတိသဘောကြောင့်ဖြစ်စေ၊

ပျိုးထောင်ခြင်းကြောင့် ဖြစ်စေ ဖြစ်လာနိုင်သော မကောင်းမှုများကို အောင်မြင်နိုင်ရန်နှင့် **သူ၏အသင်းတော်အပေါ် သူ၏အကျင့်စာရိတ္တကို ခတ်နှိပ်ရန်** ဘုရားတန်းခိုး (divine power)အဖြစ် ပေးခဲ့ပြီးဖြစ်သည်။" (DA 671. 2)

အကြောင်းအရာ၏ နောက်ဆုံး ဝါကျသည် အလွန်တရာ အရေးပါသော်လည်း လူအများစုက မဆင်ခြင်မိကြချေ။ ၁၈၂၈ထုတ် Webster's Dictionaryအရ "ပုဂ္ဂိုလ်" (Person)ဟူသော စကားလုံးသည် "အာဏာတန်ခိုး၏ သွင်ပြင်လက္ခဏာ" (Character of office )ခုဆိုလိုနိုင်ကြောင်းတွေ့ရသည်။ ၁၉၁၃ခုနှစ်ထုတ် အဘိဓာန်အရ "တစ်ဦးတစ်ယောက်၏ စရိုက်လက္ခဏာ အထူးအသွင်ပြင်၊အမျိုးစား ဖော်ပြချက်"ဟု အဓိပ္ပာယ်ဖွင့်ဆို နိုင်ပါသည်။

ထို့ကြောင့် "တိတ်တိတ်နေခြင်းသည် သာ၏ကောင်း၏"ဟူသောအဆိုကို ကျွန်တော်တို့ အသုံးပြုသည့်အခါ အကြောင်းအရာ၊ အခြေနေတစ်ရပ်လုံးကို မတင်ပြဘဲ တစ်ဖက်ပိတ် အမြင်ကိုသာ တင်ပြပါက ကျွန်တော်တို့ သတိထားဖို့လိုအပ်မည်ဖြစ်သည်။ ခမည်းတော်၊ သားတော်တို့ထက်ပို၍ အခြားသော တတိယမြောက် သီးခြားဘုရားတစ်ပါး ရှိရမည်ဟုသော အချက်ကို သက်သေပြရန် ဘုရားဂုဏ်တော်၏ အမျိုးစားတွင် တတိယမြောက်ပုဂ္ဂိုလ် ဟူသောအသုံးနှုန်းတစ်ခုတည်းကို ကျွန်တော်တို့ အသုံးပြုသည် ဆိုကြပါစို့။ ထိုသို့သော အခြေနေသည် မိမိကိုယ်မိမိ ရပ်တည်ချက်တစ်ခုတွင် ဇွတ်အတင်းထား၍၊ ထိုရပ်တည်ချက် အလွန်တွင်ရှိသော အရာများကို မြင်စေနိုင်မည့် နည်းလမ်းများအား မိမိကိုယ်မိမိ ခွင့်မပြု ခြင်းဖြင့် မိမိတို့ကိုမိမိတို့ အန္တာရယ်ရှိသော အခြေနေတွင် ထားရာရောက်ပါသည်။ ထိုကြောင့်ပင်လျှင်၊ အထက်ကဖော်ပြခဲ့သော ဆင်ခြင်စဉ်းစားရန် လိုအပ်သော အမျိုးစား အားလုံးကို လက်လွတ်သွားရခြင်း ဖြစ်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပတ်သက်သော ရှုထောင့်တစ်ခုတည်းကိုသာ အသားပေး၍ အခြားရှုထောင့် များကို မသိကျိုးကျွန်ပြုလိုသော သူများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးမှုများ ရပ်တန့် ပိတ်ပင်ရန် "တိတ်တိတ်နေခြင်းသည် သာ၍ကောင်း၏" ဟူသောအဆိုပြုချက်ကို အသုံးပြုနိုင်ပါသည်။ သန်ရှင်းသော ဝိညာဉ်တော်နှင့် ပတ်သက်၍ အချို့ရှုထောင့်များ၊ အမျိုးအစားများကို ဖယ်ထားခြင်း၊ အလွန်ကျူး အလေးပေးခြင်းတို့ ပြုမည့်အစား

ခရစ်တော်၏ ဝိညာဉ်တော်ဟူသော ခေါင်းစဉ်အောက်ရှိ အခြားသော အမျိုးအစားများ ကိုလည်း ဘုရားဂုဏ်တော်၏ တတိယမြောက်ပုဂ္ဂိုလ်၏ အမျိုးအစားများ အဖြစ် ထည့်သွင်း ဆင်ခြင်သင့်ပါသည်။

နောက်ထပ် ဖြေကြားရန် လိုအပ်သော မေးခွန်းတစ်ခုမှာ ဤအကြောင်းအရာနှင့် ပတ်သက်၍ ထပ်တိုးလေ့လာခြင်းသည် မည်သည့်အချိန်တွင် အန္တရာယ်ရှိ၍၊ မည်သည့်အချိန်တွင် တိတ်တိတ်နေခြင်းသည် အမှန်တကယ် ပို၍ကောင်းမည်နည်း။

## ၁.၃။ မည်သည့်အချိန်တွင် တိတ်ဆိတ်ခြင်းက အမှန်တကယ် အဖိုးတန်လျှက်၊ မည်သည့်အချိန်တွင် ဆက်လက်လေ့လာခြင်းက အန္တရာယ်ရှိသနည်း။

မည်သည့်အချိန်တွင် တိတ်တိတ်နေသင့်သနည်း။ ဤနေရာတွင် သမ္မာကျမ်းစာထဲမှ မည်သည့်အချိန်တွင် စကားပြော၍၊ မည်သည့်အချိန်တွင် တိတ်ဆိတ်သင့်ကြောင်း ဥပမာပေးထားသော အဆိုပြုချက်တစ်ချို့ဖော်ပြထားပါသည်။

"တိတ်ဆိတ်စွာနေသောအချိန်နှင့်၊ စကားပြောရသော အချိန်လည်းရှိ၏။" ဒေသနာကျမ်း ၃း ၇

"မိုက်သောသူ၏ သဘောသို့လိုက်၍ သူ၏စကားကိုမချေနှင့်။ ထိုသို့ချေလျှင် သူနှင့်တူလိမ့်မည်။ မိုက်သောသူ၏ သဘောသို့လိုက်၍ သူ၏စကားကို ချေလော့။ သို့မဟုတ်၊ သူသည် ဝါကြွားသောစိတ် ရှိလိမ့်မည်။" သုတ္တံကျမ်း ၂၆း ၄-၅

"မိုက်သောသူတိတ်ဆိတ်စွာနေလျှင် ပညာရှိဟူ၍လည်းကောင်း … သူတစ်ပါးထင်တတ်၏။" သုတ္တံကျမ်း ၁၇း ၂၈

"အိုထာဝရဘုရား၊ အကျွန်ုပ်၏နှုတ်ရှေ့မှာ ကင်းကိုထားတော်မူပါ။ အကျွန်ုပ်၏ နှုတ်ခမ်း တံခါးကို စောင့်တော်မူပါ။" ဆာလံကျမ်း ၁၄၁း ၃

“… ခံတွင်မှထွက်သောအရာသည် (လူကို) ညစ်ညူးစေသောအရာဖြစ်သည်ဟု မိန့်တော်မူ၏။” ရှင်မဿဲ ၁၅း ၁၁

“အရှင်ထာဝရဘုရား၏ ရှေ့တော်၌ ငြိမ်သက်စွာနေကြလော့။ ထာဝရဘုရား၏ နေ့နီးပြီ။” ဇေဖနိ ၁း ၇

“သင်သည် အမှန်သေလိမ့်မည်ဟု လူဆိုးတို့အား ငါပြောလျက်နှင့် သင်သည် သတိမပေး၊ လူဆိုးတို့၏အသက်ကို ချမ်းသာစေခြင်းငှာ လူဆိုးတို့အား သတိပေးသော စကားကို မပြောဘဲနေလျှင် ထိုလူဆိုးသည် မိမိအပြစ်၌ သေလိမ့်မည်။ သူ၏အသက်ကိုကား၊ သင်၌ ငါတောင်းမည်။” ယေဇကျေလ ၃း ၁၈

“စကားပြောလျက်၊ တရားသဖြင့် စီရင်လျက်၊ ဆင်းရဲငတ်မွတ်သောသူတို့၏ အမှုကို စောင့်လော့။” သုတ္တံကျမ်း ၃၁း ၉

သုတ္တံကျမ်း ၂၆း ၄-၅တွင်ရှိသော ဥပမာကို ကျွန်တော် နှစ်သက်သည်။ သမ္မာကျမ်းသည် အဖြူ အမဲသက်သက်မဟုတ်ပေ။ အခြေနေအချိန်ခါကိုလိုက်၍ လုပ်ရန်၊ မလုပ်ရန် အကြောင်းရင်း ပေးထားသည်။ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပတ်သက်၍လည်း ထိုနည်းတူဖြစ်သည်။ ဆွေးနွေးပြောဆိုရန် အချိန်နှင့် မပြောရမည့်အချိန်ရှိ၏။ သို့သော်လည်း ကျွန်တော်တို့ သန့်ရှင်းသော ဝိညာဉ်တော် လိုအပ်သည်ဖြစ်၍ အချေအတင် ငြင်းခုံမှုရှိတိုင်း လုံးလုံးဆွေးနွေးမှုမပြုခြင်းသည် အကျိုးကြောင်း သင့်လျော်သည်မဟုတ်ပါ။

သို့ဖြစ်၍၊ ကျွန်တော်တို့ လေ့လာမှုသည် အန္တရာယ်ရှိနေပြီဖြစ်ကြောင်း မည်သို့ သိနိုင်မည်နည်း။ ဤနေရာတွင် ကျွန်တော်တို့ မည်သို့ ဘုရားသခင်ကို ရှာဖွေသင့်ကြောင်း အီးဂျီဝှိုက်ပေးသော ဥပမာတစ်ခုကို ရှိပါသည်။

> “လူသားများ၏ ရှာဖွေမှုဖြင့် ဘုရားသခင်ကို ရှာတွေ့နိုင်သည်မဟုတ်ပါ။ မည်သူတစ်ဦးတစ်ယောက်မျှ မိမိကိုယ်မိမိ ယုံကြည်စိတ်လွန်ကဲသောလက်ဖြင့် ဘုရားသခင်၏ ဘုန်းတော်ကို ဝှက်ထားသည့် အဖုံးကို မဖော်မိပါစေနှင့်။ “စီရင်တော်မူချက်တို့ကို အဘယ်သူမျှ စစ်၍မကုန်နိုင်။ ကြွတော်မူရာလမ်းတို့ကို

လိုက်၍ရှာသော်လည်း မတွေ့မမီနိုင်။" ရောမ ၁၁း ၃၃ သူ၏ဘုန်းတန်ခိုးကို ဖုံးဝှက်ထားသည်မှာ သူ၏ ကရုဏာတော်သက်သေပင်ဖြစ်ပါသည်။ **အကြောင်းမှာ ဘုရားသခင်၏ တည်ရှိမှုကို ဝှက်ထားသည့် အဖုံးကို ဖယ်ရှားခြင်းသည် သေခြင်းဖြစ်၏။** မည်သည့် သေမျိုးဉာဏ်ကမျှ ဘုန်းတန်ခိုးနှင့် လျှံပယ်တော်မူသောသူ၏ နေထိုင်ရာ၊ ပြုသောအမှုတို့ရှိရာ လျှို့ဝှက်ချက်ကို ထိုထွင်းသိမြင်နိုင်သည်မဟုတ်။ **ဖော်ပြရန် သင့်လျော်သည်ဟု သူယူဆသော သူ၏အကြောင်းကိုသာလျှင် ကျွန်ုပ်တို့ နားလည်နိုင်၏။** ဆင်ခြင်တုံတရားသည် သူ့အထက်တွင်ရှိသော တန်ခိုးအာဏာကို အသိအမှတ်ပြု ဝန်ခံရမည် ဖြစ်သည်။ **စိတ်နှလုံးနှင့် ဉာဏ်ပညာသည်** ကြီးမြတ်သော "ငါ" ရှေ့တွင် ဦးညွှတ်ရမည် ဖြစ်သည်။ (MHH 253.5)

ယေရမိ ၂၉း ၁၃တွင်ဖော်ပြထားသော "ငါ့ကိုရှာသောအခါ စိတ်နှလုံးအကြွင်းမဲ့နှင့် ရှာလျှင်တွေ့ကြလိမ့်မည်။" ဟူသောကျမ်းချက်ကို ဆင်ခြင်ပါက ကျွန်ုပ်တို့ မည်သည့် အတိုင်းအတာအထိ သွားသင့်ကြောင်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့ကို ဦးနှောက်ခြောက်စေနိုင်ပါသည်။ စိတ်နှလုံးနှင့် ဉာဏ်ပညာတို့သည် နှိမ့်ချသော စိတ်ထားနှင့် ယှဉ်တွဲရန် လိုအပ်သည်။ ဤနေရာတွင် အယ်လင်ဝှိုက်က ကန့်သတ်ချက်နှင့် လေ့လာခြင်းကို အားပေးထားပါသည်။

"မထင်ရှားသောအရာတို့သည် ငါတို့ဘုရားသခင် ထာဝရဘုရား၏ အင်္ဂနန်းအတာဖြစ်ကြ၏။ ဖော်ပြတော်မူသောအရာတို့သည် ကာလအစဉ်မပြတ် ငါတို့နှင့် ငါတို့သားသမီးများတို့၏ အင်္ဂနန်းအတာဖြစ်ကြ၍။" တရာဟောရာကျမ်း ၂၉း ၂၉ **ဘုရားသခင်၏ နှုတ်ကပတ်တော်တွင် ပေးထားသော သူ့အကြောင်း ဖော်ပြတော်မူချက်တို့သည် ကျွန်ုပ်တို့လေ့လာရန်ဖြစ်သည်။ နားလည်ရန် ကြိုးစားအားထုတ်နိုင်ဖို့ဖြစ်သည်**။ သို့သော်လည်း ဖော်ပြသောအရာထက် ကျော်လွန်၍ ကျွန်တော်တို့ ထိုးဖောက်သိမြင်ရန်မဟုတ်ပါ။ (MR 429)

ရှင်းပြထားသည်မှာ ဤကဲ့သို့သော လေ့လာမှုမျိုးကို ကျွန်တော်တို့ လုပ်ဆောင်ပါက သူမဟုတ်သောအရာ၊ သူဖော်မပြထားသောအရာကို အဟုတ်သဖွယ် ဘုရားသခင် အကြောင်း မမှန်မကန် မပြောမိရန်အတွက် သတိကြီးစွာ ထားရမည်ဖြစ်သည်။ မမှန်ကန်ပါက အန္တရာယ်ရှိပါသည်။ ဘုရားသခင်၏ အလိုတော်မဟုတ်ဘဲ၊ ကျွန်ုပ်တို့၏ သဘောအတိုင်း ဖုံးထားသောအရာကို ဖော်ရန်ကြိုးစားခြင်းသည် သေခြင်းသို့ဦးတည် စေတတ်၏။ ဤအချက်သည် ဂျွန်ဟာလ်ဘေကာလ်းလုတ် (John Harvey Kellogg)က The Living Temple ခေါ်သူ၏ စာအုပ်ထဲတွင် ပြုလုပ်မိသောအရာ ဖြစ်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပတ်သက်၍ အသစ်သော ယူဆချက်တို့ကို မိတ်ဆက် ပေးသော စာအုပ်ပင်ဖြစ်သည်။ ထိုယူဆချက် တစ်ချို့တစ်ဝက်ကို ယနေ့ တရားဝင် ယုံကြည်ကြပြီ ဖြစ်သည်။ စာအုပ်ထဲတွင် မှားယွင်းမှုသော ယူဆချက်များ ပါဝင်ကြောင်း ကာလ်းလုတ်ထံ တင်ပြကြသောအခါ သူက အယ်လင်ဝှိုက်၏ စကားလုံးများကို အသုံးပြုလျက် မိမိကိုယ်မိမိ ကာကွယ်ခဲ့သည်။ အယ်လင်ဝှိုက်၏ ပြင်းပြင်းထန်ထန် တုံ့ပြန်ချက်တွင် သူမ၏ စကားလုံးများသည် မှားယွင်းစွာ အသုံးချခံပြီဖြစ်ကြောင်း တရားဝင်ကြေငြာခဲ့၏။

"**အသက်ရှင်သော ဗိမာန်တော်စာအုပ် ဒီလိုထွက်လာ၍ ပျံ့နှံ့နေသည့်အတွက် ကျွန်မအလွန် ဝမ်းနည်းမိပါသည်**။ ကျွန်မ၏ စိတ်နှလုံးအရှိုက်ကိုထိမိသော အဆိုးဆုံးအချက်မှာ "**စာအုပ်တွင် စစ်စတာဝှိုက် သင်ကြားပေးနေသော သဘောထားခံယူချက်များ ပါဝင် နေသည်**။"ဟူသော ထိုစာအုပ်နှင့်ပတ်သက်၍ ဤကဲ့သို့ သော တင်ပြချက်များ ဖြစ်သည်။ ဤအကြောင်းကို ကျွန်မကြားရသော **မည်သည့်စကားမျှ ပြောမထွက်နိုင် လောက်အောင် စိတ်နှလုံးကြေကွဲခဲ့ရ၏။ ကျွန်မ တစ်ခုခုပြောခဲ့ပါက ပြောခဲ့သမျှသည် အမှန်တရားကို ရှိသည်အတိုင်း လိုလိုလားလားပြောခဲ့ခြင်း ဖြစ်ပါသည်**။ (Ellen G. White, Talking given on may 18th 1904, "The Foundation of our Faith")

ကာလ်းလုတ်ကိုယ်တိုင် သူ၏စာအုပ်အပေါ် ငြင်းခုံမှုများကို မေးခွန်းတစ်ခုဖြင့် ငြိမ်ကျသွားစေခဲ့သည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ပုဂ္ဂိုလ်တစ်ပါးလော။

“ကျွန်တော် နားလည်သလောက်မှာ “The Living Temple”တွင် တွေ့ရသည့် နားလည်ရခက်သောအရာတစ်ခုလုံးသည် “သန့်ရှင်းသော ဝိညာဉ်တော်သည် ပုဂ္ဂိုလ် တစ်ပါးလော” ဟူသော မေးခွန်းထဲတွင် ငြိမ်ကျသွားနိုင်ပါသည်။ ပုဂ္ဂိုလ်တစ်ပါး မဟုတ်ပါဟု သင်ပြော၏။ သမ္မာကျမ်းစာတွင် သန့်ရှင်းသော ဝိညာဉ်တော် အကြောင်းပြောရာ၌ “သူ” (he)ဟူသော နာမ်စားကို အသုံးပြုထားသည့်အတွက် ပုဂ္ဂိုလ်တစ်ပါးဟု ကျွန်တော်မှတ်ယူခဲ့ခြင်းဖြစ်သည်။

စစ်စတာဝိုက်ကလည်း “သူ” (he)ဟူသော နာမ်စားကို အသုံးပြုပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်သည် ဘုရားဂုဏ်တော်တွင် တတိယမြောက် ပုဂ္ဂိုလ်တစ်ဦး အဖြစ်သည်ဟု အဓိပ္ပာယ်ဆောင်သော စကားလုံးများစွာ အသုံးပြုခဲ့ပြီးဖြစ်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် တတိယမြောက်ပုဂ္ဂိုလ်ဖြစ်လျှက်နှင့် လုံးလုံးပုဂ္ဂိုလ်တစ်ပါး မဟုတ်ပြန်သည်မှာ ကျွန်တော့်အတွက် နားလည်ရန်ခက်ခဲပါသည်။” (Letter: J.H. Kellogg to G.I. Butler. Oct 28. 1903.)

သူမ၏ရေးသားချက်တစ်ချို့သည် ဤစာအုပ်၏ သင်ကြားချက်များကို ထောက်ခံသယောင် ရှိနိုင်ကြောင်း အယ်လင်ဝိုက် ဝန်ခံခဲ့ပါသည်။ သို့သော် တကယ့်တကယ်တွင် ထိုသို့မဟုတ်ပါ။ “The Living Temple ထဲရှိရှိ သဘောထားခံယူချက်များသည် (သန့်ရှင်းသော ဝိညာဉ်တော်နှင့်ပတ်သက်၍ စာအုပ်၏ သဘောထားခံယူချက်သည် ကာလ်းလုတ်၏ အယူအဆသာ မဟုတ်ပါလော။) ကျွန်မ၏ ရေးသားချက်များနှင့် သဟာဇာသဖြစ်သည်ဟု ဆိုခြင်းကို ဘုရားသခင် တားမြစ်ထားပါသည်”ဟု သူမရှင်းလင်းခဲ့ပြီး ဖြစ်ပါသည်။

> “The Living Temple စာအုပ်၏ သင်ကြားချက်များသည် ကျွန်မ၏ ရေးသားချက်ထဲရှိ အဆိုပြုချက်များက ထောက်ခံသည်ဟူသည့် အဆိုကို ငြင်းပယ်ပြောဆိုရန် ကျွန်မလှုံ့ဆော်ခံရပါသည်။ ဤစာအုပ်ထဲရှိထဲ ဖော်ပြချက်များ၊ ခံယူချက်များသည် ကျွန်မ၏ရေးသားချက်များနှင့် ကိုက်ညီမှုရှိသည်များလည်း ရှိကောင်း ရှိနိုင်ပါသည်။ ကျွန်မရေးသားချက်များမှ **စာအဆက်အစပ် ဖြတ်တောက်ခံရ၍ Living Temple စာရေးသူ၏ စိတ်သဘောထားဖြင့် အနက်ဖွင့်ခံရသောကြောင့် ဤစာအုပ်၏ သင်ကြားချက်များနှင့် ကိုက်ညီမှုရှိသယောင်ယောင်ဖြစ်နေသော အဆိုပြုချက်များစွာ**

**ရှိနေနိုင်ပါသည်။ ဤကဲ့သို့သော အချက်များကြောင့် The Living Temple စာအုပ်ထဲရှိ ခံယူချက်များသည် ကျွန်မ၏အရေးအသားများနှင့် ကိုက်ညီမှု ရှိသည်ဟူသော အခိုင်အမာ ယုံကြည်တင်ပြချက်များကို အပြင်ပန်းအားဖြင့် ထောက်ခံသယောင်ဖြစ်နိုင်ပါသည်။ သို့သော်လည်း ဤခံယူချက်သဘောထားများ လက်ခံခြင်းကို ဘုရားသခင် တားမြစ်ထားပါသည်။”(1SM 203)**

ဤအရာက တစ်စုံတစ်ယောက်၏ သတင်းစကားသည် တမင်ရည်ရွယ်၍ဖြစ်စေ၊ မတော်တဆအားဖြင့်ဖြစ်စေ ပြောင်းပြန်ဖြစ်သွား၍ အမှားကို အသစ်သောအမှန်တရား သဖွယ်ဖြစ်စေနိုင်ကြောင်း ဥပမာကောင်းတစ်ခု ဖြစ်ပါသည်။ လုပ်ဆောင်ချက် တစ်ခုခုက အယ်လင်ဝှိုက်၏ စကားလုံးများကို မှားယွင်းစွာအသုံးပြုမိနိုင်ပါသည်။ ကျွန်ုပ်တို့ ကိုယ်တိုင် လေ့လာ၍ သမိုင်းအခြေအနေကို သိမြင်ကာ ဘုရားသခင်ပေးထားသော လွတ်လပ်သော အသိတရားကို အသုံးပြုဖို့ လိုအပ်ပါသည်။

အယ်လင်ဝှိုက်အနေဖြင့် “သန့်ရှင်းသော ဝိညာဉ်တော်သည် မည်သည့်အရာ အတိအကျ ဖြစ်ကြောင်း သိရန်အသိမဖြစ်လိုအပ်သည်မဟုတ်ကြောင်း … သန့်ရှင်းသော ဝိညာဉ်တော်၏ သဘောသဘာဝသည် လျှို့ဝှက်နက်နဲသောအရာဖြစ်ကြောင်း ပြောခဲ့သည်။ ထိုကြောင့် တစ်ချို့က ဤစာအုပ်တွင် ဖော်ပြထားသော ခရစ်တော်၏ ဝိညာဉ်တော် ဇယားတွင် အမျိုးအစားခွဲ၍ ထားခြင်းသည် မသိမဖြစ်အရေးကြီးသည် မဟုတ်သော  သန့်ရှင်းသော ဝိညာဉ်တော်၏ သဘောသဘာဝကို တိကျသော အနက်အဓိပ္ပာယ်ဖော်ဆောင်ခြင်း ဖြစ်သည်ဟု ငြင်းခုံနိုင်ပါသည်။ လျှို့ဝှက်နက်နဲသော အရာဖြစ်သောကြောင့် တိတ်ဆိတ်စွာ ထားသင့်ပါသည်ဟု ငြင်းခုံနိုင်ပါသည်။

ဤအကြောင်းနှင့်ပတ်သက်၍ ခြားနားချက်တစ်ခုရှိသည်ဟု ကျွန်တော် ငြင်းခုံလိုပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ သဘောသဘာဝ မည်သို့ရှိကြောင်းနှင့် သူ၏အလုပ် လုပ်ဆောင်ပုံများ တစ်ခုတည်း မဟုတ်ဘဲ စဉ်းစားဆင်ခြင်ရန်လိုအပ်သော မတူညီသည့် အနက်ဖွင့်ဆိုချက်များစွာ အယ်လင်ဝှိုက်တွင် ရှိပါသည်။ လိုချင်သော ရလာဒ်တစ်ခု (သဘာဝလောကတွင် ရှိသော အရာခပ်သိမ်းကို ဘုရားအဖြစ်ကိုးကွယ်မှုနှင့် ဆင်တူသော

စနစ်) ဖြစ်လာရန် လိုအပ်သောအချက်များ အပေါ်တွင်သာ အာရုံစိုက်ခြင်းသည် The Living Temple စာအုပ်တွင် ကာလ်းလုတ်ပြုလုပ်ခဲ့သော အရာဖြစ်သည်။ ထိုသို့ပြုခြင်းသည် အမှားကို အသစ်သောအမှန်တရားသဖွယ်ပြုလုပ်ခြင်း ဖြစ်ပါသည်။

သန့်ရှင်းသော ဝိညာဉ်တော်ကို နားလည်ပုံနှင့်ပတ်သက်၍ ထိုအရာနှင့် ဆင်တူအသော အရာတစ်ခု ကျွန်တော်တို့အချိန်တွင်လည်း ဖြစ်ပျက်နေပါသည်။ ဒင်္ဂါးပြား၏ မျက်နှာတစ်ဖက်ကိုသာ ဖော်ပြ(သို့)ဆင်ခြင်လျက် သန့်ရှင်းသော ဝိညာဉ်တော်သည် ခမည်းတော်၊ သားတော်တို့နှင့် ၊ သီးခြားဖြစ်သော ခြားနားသော တတိယမြောက် ဘုရားပုဂ္ဂိုလ်တစ်ပါး ဖြစ်သည်ဟု လက်ခံကြခြင်းဖြစ်သည်။ ဤအရာသည် သန့်ရှင်းသော ဝိညာဉ်တော်အပေါ် အခြားသော ရှုထောင့်များကို ဖုံးကွယ်ထားသော ပုံဖော်မှုတစ်ခု သာဖြစ်သည်။ ဘုရားသခင်အကြောင်း မှားယွင်းသော ပုံဖော်မှုသို့ ဦးတည်စေနိုင်ပါသည်။

ညီအစ်ကို ချပ်မန် (သန့်ရှင်းသော ဝိညာဉ်တော်သည် ဂါဗေလဖြစ်သည်ဟု တင်ပြသူ)ထံ စာပြန်ရာတွင် အယ်လင်ဝှိုက်က မည်သည့်အရာသည် ကျွန်ုပ်တို့အတွက် မသိမဖြစ်အရေးကြီးကြောင်း အကြံပြုချက်ပေးခဲ့ပါသည်။

> "ကျွန်မနားလည်ရန် မရှာဖွေသော၊ ရှင်းပြရန်မကြိုးစားသော နက်နဲသောအရာများစွာရှိပါသည်။ ထိုသို့သောအရာများသည် ကျွန်မအတွက် အလွန်မြင့်သကဲ့သို့ သင့်အတွက်လည်း အလွန်မြင့်နေပါသည်။ ထိုသို့သောအချက်များနှင့် ပတ်သက်၍ တိတ်တိတ်နေခြင်းသည် သာ၍ကောင်း၏။ **ဘုရားသခင်ကို ရှိသေကိုင်းရှိုင်းခြင်း၊ ကိုးကွယ်ဆည်းကပ်ခြင်း၊ ဝိညာဉ်၊ စိတ်၊ ကိုယ်ခန္ဓာ သန့်ရှင်းစင်ကြယ်ခြင်းတို့သည် ကျွန်ုပ်တို့အားလုံးအတွက် အရေးကြီးပါသည်။ "ထာဝရအသက်မူကား၊ မှန်သောဘုရားသခင် တစ်ဆူတည်းဖြစ်တော်မူသော ကိုယ်တော်ကိုလည်းကောင်း၊ စေလွှတ်တော်မူသော ယေရှုခရစ်ကိုလည်းကောင်း၊ သိကျွမ်းခြင်းတည်း။**" (ရှင်ယောဟန် ၁၇: ၃) "သားတော်ကို ကြည့်မြင်၍ ယုံကြည်သောသူရှိသမျှတို့သည် ထာဝရအသက်ကို ရစေခြင်းငှာလည်းကောင်း အလိုတော်ရှိ၏။ (ရှင်ယောဟန် ၆း ၄၀) (14MR 179.3)

ကျွန်ုပ်၏ ပန်းတိုင်သည် ဘုရားသခင်ကို ရှိသေကိုင်းရှိုင်း၊ ကိုးကွယ်ဆည်းကပ်ခြင်းနှင့် သန့်ရှင်းစင်ကြယ်ခြင်းဖြစ်လျှင် ဘုရားသခင်ကျွန်ုပ်ကိုပေးထားသော လွတ်လပ်ခွင့်ကို သူ၏နှုတ်ကပတ်တော်ထဲတွင် ဖော်ပြချက်နှင့်အညီ ဝိညာဉ်တော်ကို နားလည်နိုင်ရန် ရှာဖွေဖို့ အသုံးပြုခြင်းသည် အရေးကြီးပါသည်။ ကျွန်တော်တို့ နှိမ့်ချသော စိတ်ထားဖြင့် ကျွန်တော်တို့ရှေ့တွင် လမ်းလျှောက်ခဲ့သူများထံမှ သင်ခန်းစာယူလျက်၊ ကျွန်ုပ်တို့ ဘိုးဘေးများ၊ (အထူးသဖြင့် အယ်လင်ဝိုက်)တည်ထောင်ခဲ့ပြီးသောအရာများအပေါ် ထပ်ဆင့်တည်ဆောက်၍ ကျွန်တော်တို့၏ ကြိုတင်မှန်းဆချက်များ၊ အစဉ်အလာများနှင့် ဆန့်ကျင်သော အနက်ဖွင့်ဆိုချက်များကို လျစ်လျူမရှုဘဲ ဆောင်ရွက်ပါသည်။ အယ်လင်ဝိုက်၏ ကိုးကားချက်ဖြစ်သော ရှင်ယောဟန် ၁၇း ၃တွင် ထာဝရအသက်သည် မှန်ကန်သော တစ်ဆူတည်းဖြစ်တော်မူသော ခမည်းတော်ဘုရားနှင့် သူ၏သားတော် ယေရှုခရစ်တော်ကို သိကျွမ်းခြင်းဖြစ်သည်ဟု ရေးသားထားသည်ကိုလည်း သတိပြုပါ။

အယ်လင်ဝိုက်၏ အရေးအသားများသည် သမ္မာကျမ်းစာနှင့် ကိုက်ညီကြောင်း သမ္မာကျမ်းစာက မည်သို့ဖော်ပြကြောင်း ဆက်လက်ကြည့်ကြပါစို့။

## ၂။ သန့်ရှင်းသော ဝိညာဉ်တော်ကို နားလည်ခြင်း

ဤအခန်းသည် ဝိညာဉ်တော်အကြောင်း ပိုမိုနက်နဲသော သမ္မာကျမ်းစာလေ့လာမှုဖြစ်သည်။ ဝိညာဉ် (Spirit)ဟူသော စကားလုံးကို ကျမ်းစာထဲတွင် အကြိမ်များစွာ ဖော်ပြသုံးနှုန်းထားပါသည်။ အခြေနေ၊စာအသွားအလာပေါ်မူတည်၍ မတူညီခြားနားသော အဓိပ္ပာယ်အမျိုးမျိုး ရှိနိုင်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် သီးခြားပုဂ္ဂိုလ်၊ သက်ရှိဘုရားတစ်ပါးဖြစ်ရမည် ဟူသော သုံးပါးပေါင်းတစ်ဆူ လက်ခံသူများ၏ ယုံကြည်ချက်နှင့် ထိုအမျိုးမျိုးသော အနက်အဓိပ္ပာယ်တို့သည် ကိုက်ညီမှုရှိပါသလား။ ဝိညာဉ်ဟူသော စကားလုံး၏ အဓိပ္ပာယ်နှင့် အသုံးပြုကြသော မတူညီသည့် အခြေအနေ အမျိုးအမျိုးကို မြင်နိုင်ရန် ဂရိဘာသာနှင့် ဟေဗြဲဘာသာ၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကျွန်တော်တို့ ရှာဖွေလေ့လာကြည့်ရအောင်။

ဂရိဘာသာတွင် “ဝိညာဉ်”ဟူသောစကားလုံး (G4151) “Pneuma”ကို လေ(air)၊ ဝင်သက်ထွက်သက်(Breath)၊ စိတ်သဘောထား (mind)စသဖြင့် အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။

ဟေဗြဲဘာသာတွင် “ဝိညာဉ်”ဟူသောစကားလုံး (H7303) “Ruach”ကို လေ(wind)၊ ဝင်သက်ထွက်သက် (Breath)၊ စိတ်သဘောထား (Mind)စသဖြင့် အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။

“ဝိညာဉ်”ဟူသော စကားလုံးကို နားလည်နိုင်ရန် ရှုထောင့်လေးခုကို ကျွန်တော်တင်ပြပါမည်။

- ကိုယ်တော်၏ မှုတ်သွင်းသော ဇီဝအသက်ဖြစ်သည့် ဝိညာဉ်။
- ကိုယ်တော်၏ စိတ်သဘောတော်ဖြစ်သော ဝိညာဉ်။
- ကိုယ်တော်၏ အတူရှိခြင်းဖြစ်သော ဝိညာဉ်။
- နှစ်သိမ့်သူ ဥပဒ္ဓျာယ်ဆရာဖြစ်သော ဝိညာဉ်။

## ၂.၁။ ဘုရားသခင် မှုတ်သွင်းသော အသက်ဖြစ် ဝိညာဉ်တော်

၂၀၁၇၊ ပထမကွာတာထုတ် SDA ဥပုဒ်စာဖြေစာအုပ်၊ ဇန်နဝါရီလ ၉ရက်နေ့စာပိုဒ်တွင် ဤသို့ရေးထားသည်။

> “ ဤကမ္ဘာတွင် ဘုရားသခင်၏ ပထမဦးဆုံး အဓိကလုပ်ဆောင်သောအရာမှာ ဖန်ဆင်းခြင်းဖြစ်သည်။ သမ္မာကျမ်းစာထဲတွင် ဘုရားသခင်(ကမ္ဘာဦးကျမ်း ၁း ၁)နှင့် ယေရှုခရစ် (ကောလောသဲ ၁း ၁၆, ၁၇)ကို ကောင်းကင်၊ မြေကြီးနှင့် အရာအားလုံးကို ဖန်ဆင်းရှင်အဖြစ် ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ (ရှင်ယောဟဟန် ၁း ၁-၃) သို့သော်လည်း သမ္မာကျမ်းထဲတွင် ဖန်ဆင်းခြင်းအမှုတွင် သန့်ရှင်းသော ဝိညာဉ်တော်၏ အတူရှိခြင်းကိုလည်း ဖော်ပြထားပါသည်။
>
> ဖတ်ရန်။  ။ ကမ္ဘာဦးကျမ်း ၁း ၂၊ ယောဘ ၂၆း ၁၃၊ ၃၃း ၄၊ ဆာလံကျမ်း ၃၃း ၆၊ ၁၀၄ ၂၉, ၃၀၊ **ဖန်ဆင်းခြင်းတွင် သန့်ရှင်းသော ဝိညာဉ်တော်၏ အခန်းကဏ္ဍာသည်**

**ဘယ်အရာနည်း။ ဘုရားသခင်၏ ဝိညာဉ်တော်သည် အသက် ဖန်ဆင်းခြင်းတွင် မည်သို့ဆက်စပ်နေသနည်း။**

ကမ္ဘာဦးကျမ်း ၁း ၂ ဖန်ဆင်းခြင်း ပုံပြင်တွင် ဖန်ဆင်းခြင်း၌ ဘုရားသခင့် ဝိညာဉ်တော်၏ ပါရှိခြင်းကိုဖော်ပြထားသည်။ ယောဘ ၂၆း ၁၃, ၃၃း ၄၊ ဆာလံကျမ်း ၁၀၄း ၂၉, ၃၀, နှင့် ဆာလံကျမ်း ၃၃း ၆တို့က ကမ္ဘာမြေကြီးကို အံ့ဖွယ်ရာ ဖန်ဆင်းရာတွင် သန့်ရှင်းသော ဝိညာဉ်တော်၏ ပါဝင်မှု အခန်းကဏ္ဍကို ထောက်ခံကြသည်။ ကမ္ဘာကြီးကို ဖန်ဆင်းရာတွင် ခမည်းတော်ဘုရားနှင့် သူ၏ ဘုရားဖြစ်သော သားတော်ယေရှုခရစ်တို့ကို တက်ကြွပါဝင်သူအဖြစ် ရှင်းလင်းစွာ ဖော်ပြထားပြီး (ဟေရှာယ ၆၄း ၈၊ ကောလောသဲ ၁း ၁၆, ၁၇) သန့်ရှင်းသော ဝိညာဉ်တော်၏ အတူပါရှိခြင်းကိုလည်း ပိုမိုသိမ်မွေ့သောအသွင်ဖြင့် ဖော်ပြထားပါသည်။

သူသည် ဖန်ဆင်းခြင်း အဖြစ်အပျက်တွင် အဓိကဇာတ်ဆောင်အဖြစ် ပေါ်မလာပေ။ ထို့အစား သူသည် လွတ်လပ်လဟာပြင်ပေါ်မှာ လှုပ်ရှားတော်မူ၏။ သူ၏လှုပ်ရှား တော်မူခြင်းအားဖြင့် သူသည် ကမ္ဘာမြေကြီးပေါ်တွင် အသက်၏ အစတွင် တည်ရှိခဲ့ပါသည်။

SDA ဥပုဒ်စာဖြေသင်ခန်းစာက မေးခွန်းမေးထားသည်။ "ဖန်ဆင်းခြင်းတွင် သန့်ရှင်းသော ဝိညာဉ်တော်၏ အခန်းကဏ္ဍာသည် ဘယ်အရာနည်း။ ဘုရားသခင်၏ ဝိညာဉ်တော်သည် အသက် ဖန်ဆင်းခြင်းတွင် မည်သို့ဆက်စပ်နေသနည်း။" ဤမေးခွန်းများနှင့် ပတ်သက်၍ SDAဥပုဒ်စာဖြေသင်ခန်းစာတွင် ဖော်ပြထားသော ကျမ်းချက်တစ်ပိုဒ်ကို ကျွန်တော် စိတ်ဝင်စားလှသောကြောင့် ပိုမိုနက်နဲစွာသွားလိုပါသည်။ ထိုကျမ်းချက်က ဘုရားသခင်၏ ဝိညာဉ်တော်သည် ကိုယ်တော် မှုတ်သွင်းတော်မူသော အသက်ဖြစ်ကြောင်း ကျွန့်တော်ကို သဘောပေါက်စေသောကြောင့် ဖြစ်သည်။

"ထာဝရဘုရား၏ နှုတ်ကပတ်တော်အားဖြင့် မိုးကောင်းကင်ကိုလည်းကောင်း၊ **နှုတ်တော်အသက် (**The breath **(Ruach)** of his mouth)အားဖြင့်

မိုးကောင်းကင်တန်ဆာများကိုလည်းကောင်း ဖန်ဆင်းတော်မူ၏။” ဆာလံကျမ်း ၃၃း ၆

ဖန်ဆင်းခြင်းတွင် သန့်ရှင်းသော ဝိညာဉ်တော် ပါဝင်တည်ရှိကြောင်း သံသယရှိစရာမရှိပါ။ ကမ္ဘာဦးကျမ်း ၁း၂ တွင် ဘုရားသခင်၏ ဝိညာဉ်တော်သည် ရေမျက်နှာပြင်ပေါ်မှာ လှုပ်ရှားတော်မူ၏။” ဆာလံ ၃၃း ၆တွင် “အသက်” (breath) အဖြစ်ဘာသာပြန်ထားသော “Ruach”ကို ဟေဗြဲဘာသာတွင် ဝိညာဉ်(Spirit) အဖြစ်သုံးနှုန်းထားပါသည်။ ဤကျမ်းပိုဒ်က အခြားကျမ်းချက်တစ်တွင် ဘုရားသခင်က လူသားကို မြေမှုန့်နှင့် သူ၏နှုတ်မှ ဇီဝအသက်မှုတ်သွင်းတော်မူခြင်းအားဖြင့် ဖန်ဆင်းခဲ့ကြောင်းကို သတိရစေနိုင်ပါသည်။

> “ထို့နောက်၊ ထာဝရအရှင် ဘုရားသခင်သည် မြေမှုန့်ဖြင့် လူကိုဖန်ဆင်း၍၊ သူ၏နှခေါင်းထဲသို့ **ဇီဝအသက်**ကို**မှုတ်တော်မူ**လျှင်၊ လူသည် အသက်ရှင်သော သတ္တဝါဖြစ်လေ၏။” ကမ္ဘာဦးကျမ်း ၂း ၇

ယောဘကလည်း သူသည် ဘုရားသခင် မှုတ်သွင်းတော်မူသော အသက်အားဖြင့် အသက်ရှင်ကြောင်းကို နားလည်ခဲ့ပါသည်။ ထိုအရာသည် ဟေဗြဲဘာသာတွင် တူညီကြောင်း

ရှင်းလင်းသော ဥပမာဖြစ်ပါသည်။

> “ဘုရားသခင်၏ **ဝိညာဉ်တော်** (Spirit)သည် ငါ့ကိုဖန်ဆင်းတော်မူပြီ။ အနန္တတန်ခိုးရှင်၏ **အသက်တော်** (the breath)သည် ငါ့ကို အသက်ရှင်စေတော်မူပြီ။” ယောဘဝတ္ထု ၃၃း ၄

လူသားဖြစ်သော ကျွန်တော်တို့သည် ကျွန်တော်တို့၏ ကိုယ်ပိုင် ကိုယ်ရည်ကိုယ်သွေး၊ အသိတရားနှင့် စိတ်သဘောထားများ ရှိကြသည်။ ဤအရာအားလုံးသည် ကျွန်ုပ်တို့ကို ဖန်ဆင်းခဲ့သော ဘုရားသခင်၏ နမိတ်လက္ခဏာ၊ လက်ဆောင်ဖြစ်ပါသည်။ သမ္မာကျမ်းစာနှင့် SDA အသင်းတော်သည် ဝိညာဉ်+ကိုယ်ခန္ဓာ = အသက်ရှင်သောသတ္တဝါ ဖြစ်လာသည်ဟု သွန်သင်ပါသည်။ ထို့ကြောင့် လူသားများအတွက် ဝိညာဉ်သည်ဟု

ဆိုရာတွင် ထိုဝိညာဉ်ကိုပိုင်ဆိုင်သော လူပုဂ္ဂိုလ်ကို ရည်ညွှန်းလိုခြင်းဖြစ်သည်။ ကျွန်ုပ်၏ ဝိညာဉ်သည် ကျွန်တော်နှင့် မတူသီးခြားဖြစ်သော သတ္တဝါ(သို့)သက်ရှိတစ်မျိုး မဟုတ်ပါ။

သန့်ရှင်းသော ဝိညာဉ်တော်ရော ... မည်သို့ရှိမည်နည်း။ ဘုရားသခင် ကျွန်တော်တို့ကို ဖန်ဆင်းခဲ့ပုံနှင့် သန့်ရှင်းသော ဝိညာဉ်တော်ကို ယေရှုအားဖြင့် စေလွှတ်ပုံမှာ ဆင်တူမှုရှိသည်။

> "တစ်ဖန် ယေရှုက၊ သင်တို့၌ ငြိမ်သက်ခြင်းရှိစေသတည်း။ ခမည်းတော်သည် ငါ့ကိုစေလွှတ်တော်မူသည် နည်းတူ၊ သင်တို့ကို ငါစေလွှတ်သည်ဟု မိန့်တော်မူပြီးလျှင်၊ **ထိုသူအပေါ်၌ မှုတ်လျက်**၊ သင်တို့သည် သင့်ရှင်းသော ဝိညာဉ်တော်ကို ခံကြလော့။" ရှင်ယောဟန် ၂၀း ၂၁-၂၂

ထိုနေရာတွင် မတူညီသော သီးခြားသက်ရှိတစ်ပါး ယေရှုထံမှ ထွက်လာခြင်း ဟုတ်ပါသလား။

ထိုကိစ္စနှင့်ပတ်သက်၍ အယ်လင်ဝိုက်က မည်သို့ ဆိုထားသနည်း။

> "ခရစ်တော်သည် **သူ့ကိုယ်ပိုင်ဝိညာဉ်၏ အသက်၊ သူ့ကိုယ်ပိုင်အသက်၏ အသက်** (the breath of His own spirit, the life of His own life)ကို သူတို့အား ပေးတော်မူ၏။ သန့်ရှင်းသော ဝိညာဉ်တော်သည် ၎င်း၏ အမြင့်ဆုံးသော စွမ်းအင်ကို စိတ်နှလုံး၊ စိတ်သဘောထဲတွင် အလုပ်လုပ်ရန် ထည့်သွင်း၏။ (DA 827)

> "တပည့်တော်တို့သည် အသင်းတော်နှင့်စပ်ဆိုင်သော သူတို့၏ တရားဝင်တာဝန်များကို မပြီးစီးနိုင်မည်၊ ခရစ်တော်သည် **သူ၏ဝိညာဉ်တော်**ကို သူတို့အပေါ် (breathed**) မှုတ်သွင်းတော်မူခဲ့သည်။** (DA 827)

> "ယေရှုက သူတို့အပေါ်တွင် အသက်မှုတ်သွင်းရန် စောင့်နေတော်မူ၏။ ထို့နောက် သူ၏သန့်စင်စေသော ဝိညာဉ်တော်တန်ခိုးကို ပေး၍ **အခရာကျသော သြဇာ တန်ခိုး**ကို သူ့ထံမှ သူ၏ တပည့်တော်များထံ လွှဲပြောင်းသွင်းပေးတော်မူ၏။ ယခုအချိန်မှစသူ သူတို့သည် သခင်နှစ်ဦး၏ အစေခံနိုင်မည်မဟုတ်ကြောင်း သူတို့ကို

နားလည်စေချင်ခဲ့သည်။ သူတို့အသက်သည် ကွဲပြား၍မရ။ ခရစ်တော်သည် ကိုယ်စားလှယ်များဖြစ်သော လူသားများအထဲတွင် အသက်ရှင်လျှက် သူတို့၏ စွမ်းရည်များအားဖြင့် အလုပ်လုပ်၍၊ သူတို့၏ အစွမ်းသတ္တိများအားဖြင့် ပြုမူလို၏။ သူ၏အလိုတော်ထဲတွင် သူတို့၏အလိုဆန္ဒများကို အပ်နှံထားရမည်ဖြစ်သည်။ သူ၏ ဝိညာဉ်တော်အားဖြင့် ပြုမူလျှက်၊ အသက်ရှင်သူသည် သူတို့မဟုတ်တော့ဘဲ၊ **ခရစ်တော်သည် သူတို့အထဲတွင် အသက်ရှင်**ရမည်ဖြစ်သည်။ သူ၏ သန့်ရှင်းသော ဝိညာဉ်တော်ကို ပေးခြင်းအားဖြင့် ခမည်းတော်သူ့အား ပေးခဲ့သည့် ဘုန်းတော်ကို သူတို့အား ပေးနေခြင်းဖြစ်သည်ဟူသော အတွေးကို သူတို့အထဲတွင် ခတ်နှိပ်ရန် ယေရှု ကြိုးစားတော်မူ၏။ သူနှင့် သူလူများသည် ဘုရားသခင့်အထဲတွင် တစ်လုံးတစ်ဝတည်း ဖြစ်နိုင်ရန် ဖြစ်သည်။ (ST Otc 3, 1892, par.4)

"ခမည်းတော်ရှေ့တွင် ရပ်နေသည့် ကြီးမြတ်သော ယဇ်ပုရောဟိတ်မင်း ယေရှုကို ကျွန်မမြင်တွေ့ခဲ့သည်။ သူ၏ ဝတ်လုံးတော်အောက်စွန်း အနားပတ်လည်တွင် ခေါင်းလောင်းတစ်လုံးနှင့်၊ သလဲသီးတစ်လုံးစီရှိကြ၏။ ယေရှုအားဖြင့် ထမြောက်သူ တို့သည် သူတို့၏ယုံကြည်ခြင်းကို အသန့်ရှင်းဆုံးအခန်းတွင်ရှိသော သူထံ ပို့လွှင့်ကာ "ကျွန်ုပ်၏အဖ၊ ကိုယ်တော်၏ ဝိညာဉ်တော်ကို ကျွန်ုပ်တို့အား ပေးတော်မူပါ"ဟု ဆုတောင်းကြ၏။ ထို့နောက် ယေရှုသည် သူတို့အပေါ် သန့်ရှင်းသော ဝိညာဉ်တော်ကို မှုတ်သွင်းတော်မူ၏။ **ထိုမှုတ်သွင်းသော ထွက်သက်တွင်** (breath) အလင်း၊ တန်ခိုး၊ **ကြွယ်ဝသော မေတ္တာ၊ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်း**တို့ပါရှိသည်။" (EW 55.1)

သန့်ရှင်းသော ဝိညာဉ်တော်ကို အယ်လင်ဝှိုက်က "မှုတ်သွင်းသော ထွက်သက်" (breath)ဟု ရှင်းလင်းစွာ ဖော်ပြထားပါသည်။ အယ်လင်ဝှိုက်က ထပ်၍ ယေရှုမှုတ်သွင်းသော အသက်၏ အကျိုးသည် တန်ခိုးနှင့် အလင်းသာမကဘဲ ကြွယ်ဝသော မေတ္တာ၊ ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်းတို့ဖြစ်သည်ဟု ပြောထားသည်။ ဂလာတိ ၅း ၂၂-၂၃တွင်တွေ့ရသော ဝိညာဉ်ပကတိ၏ အကျိုးများနှင့် တူညီပါသည်။ ထိုကြောင့် ဝိညာဉ်ပကတိ၏ အကျိုးနှင့် ယေရှု၏ မှုတ်သွင်းတော်မူသော အသက် (The breath of Jesus)တို့သည် အတူတူပင် ဖြစ်သည်။

“ဝိညာဉ်ပကတိ၏ အကျိုးမူကား၊ **ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊** စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်သိခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းပေးတည်း။ ထိုသို့သောအကျင့်ကို အဘယ်ပညတ်တရားမျှ မမြစ်တား။” ဂလာတိ ၅း ၂၂-၂၃

ဘုရားသခင်၏ မှုတ်သွင်းသော အသက်(breath)နှင့် သူ၏နှုတ်ကပတ်တော်သည် မည်သို့ဆက်စပ်မှု ရှိသနည်း။

“**ထာဝရဘုရား၏ နှုတ်ကပတ်တော်အားဖြင့်** မိုးကောင်းကင်တို့ကိုလည်းကောင်း၊ **နှုတ်တော်အသက်** (breath)အားဖြင့် မိုးကောင်းကင် တန်ဆာများကိုလည်းကောင်း ဖန်ဆင်းတော်မူ၏။” ဆာလံကျမ်း ၃၃း ၆

ဘုရားသခင်သည် စကားပြောတော်မူသောအခါ သူ၏နှုတ်ကပတ်တော်နှင့် ဖန်ဆင်းခဲ့ပြီး၊ တပြိုင်နက် (အသက်) ထွက်လာခဲ့သည်။

“အကြောင်းမူကား၊ ထာဝရဘုရားမြွက်ဆို၍ မြွက်ဆိုတော်မူသည်အတိုင်း ဖြစ်၏။ အမိန့်တော်ရှိ၍၊ မိန့်တော်မူသည်အတိုင်း တည်လျက်နေ၏။ ဆာလံကျမ်း ၃၃း ၉

ဘုရားသခင် ဤကမ္ဘာမြေကြီးကို နှုတ်ကပတ်တော်အားဖြင့် ဖန်ဆင်းရာတွင် ဝိညာဉ်တော်သည် ဇာတ်လမ်းထဲပေါ်လာသည်။ သူ မြွက်ဆို၍ မြွက်ဆိုသည်အတိုင်း တည်ရှိလာ၏။ မိန့်တော်မူ၍ မိန့်တော်မူသည်အတိုင်း ဖြစ်တည်၏။ ထို့ကြောင့် မိတ်ဆွေ ဒီလိုနားလည်နိုင်သည်။

“မြေကြီးသည် အဆင်းသဏ္ဍာန်မရှိ၊ လွတ်လပ်လဟာဖြစ်၏။ နက်နဲရာအရပ်ကို မှောင်မိုက်ဖုံးလွှမ်း၍ ဘုရားသခင်၏ အသက်(breath) (သို့ နှုတ်ကပတ်တော် ဖြစ်သော) ဝိညာဉ်တော်သည် ရေမျက်နှာပြင်ပေါ်မှာ လှုပ်ရှားတော်မူ၏။” ကမ္ဘာဦးကျမ်း ၁း ၂

ကမ္ဘာဦးကျမ်း ၁း ၂ ရှိ “လှုပ်ရှား”ဟူသော စကားလုံး၏ ဟေဗြဲစကားလုံးသည် Strong’s(H7363) - လှုပ်ခါခြင်း၊ လှုပ်ရှားခြင်းနှင့် တဖျက်ဖျက် လှုပ်ခါခြင်းစသည့်

အနက်အဓိပ္ပာယ်များ ဖော်ပြသည်။ ဘုရားသခင် ကမ္ဘာမြေကြီးကို ဖန်ဆင်းသည့် အခြား ကျမ်းပိုဒ်များနှင့် နှိုင်းယှဉ်ပါက ထိုနေရာတွင် "လှုပ်ခါသည်"ဟူသော စကားလုံးကို အစားထိုးအသုံးပြုနိုင်ပါသည်။ ဘုရားသခင် သူ၏ဖန်ဆင်းခြင်းအကြောင်းပြောရာတွင် ကမ္ဘာကြီး လှုပ်ခါသွားကြောင်း ဥပမာကောင်းတစ်ခုရှိပါသည်။

> "အထက်က **ဗျာဒိတ်တော်အသံသည် မြေကြီးကို လှုပ်သည်ဖြစ်၍၊** ယခုတစ်ဖန် ငါသည် မြေကြီးနှင့် ကောင်းကင်ကို **လှုပ်**ဦးမည်ဟု ကတိတော်ရှိ၏။ ဟေဗြဲ ၁၂း ၂၆

ဘုရားသခင် သူ၏ဝိညာဉ်တော်အားဖြင့် ဖန်ဆင်း၍သူ၏ အသံဖြင့် ကမ္ဘာမြေကြီးကို လှုပ်(ခါ)သည့်အကြောင်း ပိုမိုသိလိုပါက(youtu.be/IONmvLCvcn – by Bill Pinto, from 6: 20-9:48 min)ကို သွားကြည့်ပါ။

ဘုရားသခင်နှင့် ယေရှု၏ ပါးစပ်မှ သန့်ရှင်းသော ဝိညာဉ်တော်ထွက်လာကြောင်း ယခုကျွန်တော်တို့ သိကြပြီဖြစ်သည်။ သူတို့သည် တူညီသော ဝိညာဉ်၊ တူညီသော နှုတ်ထွက်စကားများကို ပိုင်ဆိုင်အသုံးပြုကြကြောင်း ကျွန်တော်တို့ သိကြသည်။ (ရှင်ယောဟန် ၂၀: ၂၁-၂၂, ၁၄း ၁၀) "ဘုရားသခင် မှုတ်သွင်းသောအသက်ဖြစ်သည့် သန့်ရှင်းသော ဝိညာဉ်တော်" ဟူသောဤအခန်းအား သန့်ရှင်းသော ဝိညာဉ်တော်သည် ယေရှု၏ ပါးစပ်ထဲမှ ဓားတစ်လက်ကဲ့သို့ ထွက်လာကြောင်းကို ပြသော အခြားသော ကျမ်းချက်အချို့နှင့် ကျွန်တော်အဆုံးသတ်ပါမည်။ ယေရှုနှင့် သူ၏ခမည်းတော်၏ နှုတ်ကပတ်တော်ထက် သာ၍ထက်သော နှုတ်ကပတ်တော် မရှိပါ။ ဘုရားသခင် ကမ္ဘာမြေကြီးကို ဖန်ဆင်းခဲ့စဉ်က ယေရှုသည် ဖန်ဆင်းခြင်းဖြစ်လာစေသော ကြားခံ လမ်းကြောင်း(Channel)ဖြစ်ကြောင်း ကျွန်တော်တို့ သိပြီးဖြစ်သည်။ ထို့ကြောင့် သူသည် ဘုရားသခင်၏ နှုတ်ကပတ်တော်၊ ဖန်ဆင်းခြင်း၏ ကိုယ်စားလှယ်ဖြစ်ပါသည်။

"**ဘုရားသခင်၏ နှုတ်ကပတ်တရားတော်သည်** အသက်ရှင်ခြင်း၊ တန်ခိုးနှင့် ပြုပြင်ခြင်း၊ သန်လျက်တကာတို့ထက် ထက်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍၊ အသက်နှင့် စိတ်ဝိညာဉ်ကိုလည်းကောင်း၊ အရိုးအဆစ်နှင့် ခြင်ဆီကိုလည်းကောင်းပိုင်းခြား၍ ထုတ်ချင်းခွင်းတတ်၏။ စိတ်နှလုံးအကြံစည်များကိုလည်း သိမြင်တတ်၏။ (ဟေဗြဲကျမ်း ၄း

၁၂။) လက်ယာလက်တော်သည်လည်း ကြယ်ခုနှစ်လုံးကို ကိုင်၏။ **ခံတွင်းတော်ထဲကလည်း** ထက်သောသန်လျက် ထွက်၏။ မျက်နှာတော်သည် အရှိန်တန်ခိုးနှင့် ထွန်းတောက်သောနေကဲ့သို့ ဖြစ်၏။ (ဗျာဒိတ်ကျမ်း ၁း ၁၆) "ဘုရားသခင်၏ **နှုတ်ကပတ်တော်**တည်းဟူသော **ဝိညာဉ်တော်၏ဓား**ကိုလည်းကောင်း ယူကြလော့။ (ဧဖက် ၆း ၁၇) "လူမျိုးတို့ကို ဒဏ်ခတ်စရာအဖို့ ထက်သော **သန်လျက်သည် ခံတွင်းတော်ထဲက ထွက်**၏။ သူတို့ကို လှံတံနှင့် အုပ်စိုးတော်မူမည်။ အနန္တတန်ခိုးနှင့် ပြည့်စုံတော်မူသော ဘုရားသခင်၏ ဒေါသအမျက်တော်၏ စပျစ်သီးနယ်ရာတန်ဆာကို ဖိနင်းတော်မူမည်။ (ဗျာဒိတ် ၁၉း ၁၅) ထို့ကြောင့် နောင်တရလော့။ မရလျှင် သင်တို့ရှိရာသို့ငါသည် အလျင်အမြန် လာမည်။ ထိုသူတို့ကို **ငါ့ခံတွင်း၏ သံလျက်**နှင့် စစ်တိုက်မည်။ (ဗျာဒိတ်ကျမ်း ၂း ၁၆) "ပယ်ရှင်းခြင်းသို့ရောက်သောအခါ ထိုအဓမ္မလူသည် ထင်ရှားလိမ့်မည်။ ထိုအဓမ္မလူကို **သခင်ယေရှုသည် နှုတ်ထွက်ဝိညာဉ်တော်**အားဖြင့် ဖျက်ဆီး၍၊ ကြွလာတော်မူခြင်း၏ ရောက်ခြည်အားဖြင့် ပယ်ရှားတော်မူလိမ့်မည်။ (၂သက်သာလောနိတ် ၂း ၈)

## ၂.၂။ ဘုရားသခင်၏ စိတ်သဘောတော်ဖြစ်သော ဝိညာဉ်တော်။

၂၀၁၇ခုနှစ်၊ ပထမပတ်က္ခာတာ၊ ဥပုဒ်စာဖြေသင်ခန်းစာ၊ ဇန်နဝါရီ ၂ရက်နေ့ စာတွင်

"သန့်ရှင်းသော ဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းကို ခံရ၍" (၂ပေတရု ၁း ၂၁) ဤကျမ်းချက်သည် ဘုရားသခင်၏ ဖော်ပြခြင်းတွင် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ကို ခိုင်မာစွာ အတည်ပြုပေးသော ကျမ်းချက်ဖြစ်သည်။ ၁ကော ၂း ၉-၁၃တွင် တမန်တော် ရှင်ပေါလုက သန့်ရှင်းသော ဝိညာဉ်တော်သည် ဗျာဒိတ်တော်နှင့် ဖွင့်ပြပေးတော်မူသော အရာတို့ကို ပြုသူဖြစ်ကြောင်း အသိမှတ်ပြုထားပါသည်။ လူမျက်စိဖြင့် မမြင်ရသေးသော လျှို့ဝှက်ထားသောအရာတို့ကို(အခန်းငယ် ၉တွင် ဖော်ပြထားသော အရာများ) ဘုရားသခင် ဖွင့်ပြတော်မူသည်လို့ သူပြောထားပါသည်။ ဘုရားသခင်က ထိုအရာများကို ဝိညာဉ်တော်အားဖြင့် ဖွင့်ပြပေး၏။ (၁ကော ၂း ၁၀) တမန်တော်ကြီးသည် "ဘုရားသခင်ပေးတော်မူသောအရာတို့ကို သိခြင်းအလို့ငှာ

ဘုရားသခင်ထံမှ ကြွလာသော ဝိညာဉ်ကို”ခံရပြီ ဖြစ်သည်။ (၁ကော ၂း ၁၂) ထိုနောက် အခန်းငယ် ၁၃တွင် ဖော်ပြတော်မူချက်များ အကြောင်းကို သူပြောထားပါသည်။ “ဘုရားသခင် ပေးတော်မူသော အရာတို့ကို ငါတို့သည် လူပညာကိုအမှီပြု၍ နားလည်သော စကားနှင့် မဟော၊ သန့်ရှင်းသော ဝိညာဉ်တော်သည် ဝိညာဉ်နှင့် စပ်ဆိုင်သောအရာတို့ကို ဝိညာဉ် စကားအားဖြင့် ဖွင့်ပြ၍ ပဲ့ပြင်တော်မူသော စကားနှင့် ငါတို့သည် ဟောကြ၏။” (၁ကော ၂း ၁၃) **ရှင်ပေါလုအနေဖြင့် သူကြွေးကြော်ထားသောအရာ၏ အရင်းမြစ်နှင့် ဩဇာအာဏာ အပေါ် သံသယစိတ်မရှိခဲ့ပါ။**

သန့်ရှင်းသော ဝိညာဉ်တော်သည် ဖွင့်ပြသူဖြစ်ကြောင်း သံသယရှိစရာ မရှိပါ။ ဥပုဒ်စာဖြေ သင်ခန်းစာ၏ စာရေးသူက ရှင်ပေါလုအနေဖြင့် သူဟောကြားချက်၏ အရင်းမြစ်နှင့် ဩဇာအာဏာအပေါ် သံသယစိတ်မရှိကြောင်း တင်ပြထားပါသည်။ ဆိုလိုသည်မှာ ရှင်ပေါလုသည် မတူ၊ သီးခြားဖြစ်တည်သော တတိယမြောက် ပုဂ္ဂိုလ်တစ်ပါးက သူ့အား ဖော်ပြတော်မူသည် ဖြစ်ကြောင်း သူနားလည်ထားသည်ဟူ၍ ဖြစ်သည်။ ရှင်ပေါလု ထို့သို့ ယုံကြည်ခဲ့ပါသလား။ အပေါ်ကအကိုးကားအနေဖြင့်သုံးခဲ့သော ၁ကော ၁း ၉-၁၃ကို ဖတ်ကြည့်ရအောင်။ ထို့နောက် ထိုစာတစ်ပုဒ်လုံးတွင် ဝိညာဉ်တော် ဟုဆိုရာ၌ ရှင်ပေါလု ဘာကို ဆိုလိုကြောင်း နားလည်နိုင်ရန် အခန်း ၁၆အထိ ဆက်ဖတ်ရအောင်။
အခန်းငယ် ၁၃-၁၆တွင်

“ဘုရားသခင်ပေးတော်မူသောအရာတို့ကို ငါတို့သည် လူပညာကိုအမှီပြု၍ နားလည်းသောစကားနှင့် မဟော။ သန့်ရှင်းသော ဝိညာဉ်တော်သည် ဝိညာဉ်နှင့် စပ်ဆိုင်သောအရာကို ဝိညာဉ်စကားအားဖြင့် ဖွင့်ပြ၍ ပဲ့ပြင်တော်မူစကားနှင့် ငါတို့သည် ဟောကြ၏။ **ဇာတိပကတိလူသည် ဘုရားသခင်၏ ဝိညာဉ်တော်အရာတို့ကို မခံမယူ။** ထိုအရာတို့သည် မိုက်မဲသော အရာဖြစ်သည်ဟု ထင်တတ်၏။ ထိုအရာတို့ကို ဝိညာဉ်အားဖြင့်သာ ပိုင်းခြား၍ နားလည်နိုင်သောကြောင့်၊ ဇာတိပကတိလူသည် နားမလည်နိုင်။ **ဝိညာဉ်လူမူကား၊ ထိုအရာအလုံးစုံတို့ကို ပိုင်းခြား၍ နားလည်တတ်၏။** သို့သော်လည်း ထိုလူကို အဘယ်သူမျှ ပိုင်းခြား၍ မသိနိုင်။ အဘယ်သူသည် **ထာဝရဘုရား၏ စိတ်တော်**ကို သိသနည်း။ ငါတို့မူကား **ခရစ်တော်၏စိတ်ကို** ခံရကြ၏။

"ဘုရားသခင်၏ စိတ်သဘောတော်"အကြောင်း ကျွန်တော်တို့ မည်မျှ မကြာခဏ ပြောလေ့ရှိကြသနည်း။ ဟေဗြဲ/ဂရိတ်ဘာသာတွင် "ဝိညာဉ်"သည် (Ruach/Pneuma)၊ "စိတ်သဘောတော်"လည်းဖြစ်သည်။ ယေရှု၏ အတွေး၊သဘောထားဟုလည်း ရည်ညွှန်းနိုင်ပါသည်။ ရှင်ပေါလုက ရောမ ၁၁း ၃၃၄တွင် ဟေရှာယ ၄၀း ၁၃ကို ကိုးကားထားသည်။ ဂရိတ်ဘာသာတွင် "စိတ်သဘော"နေရာတွင် "Ruach-ဝိညာဉ်"ကို အစားထိုး သုံးထားသည်။ ဤခြားနားသော အသုံးနှုန်းအားဖြင့် ရှင်ပေါလုသည် ကျွန်ုပ်တို့အား ကျမ်းပိုဒ်အပေါ် အသိမြင်ကိုပေးလျှက်၊ ထိုစကားလုံး၏ အဓိပ္ပာယ်ကို ကျွန်ုပ်တို့အား ဖွင့်ပြပါသည်။

"ထာဝရဘုရား၏ **ဝိညာဉ်**ကို အဘယ်သူ စစ်ကြောသနည်း။ ထိုဘုရားနှင့် တိုင်ပင်၍၊ အဘယ်သူသည် အကြံပေးသနည်း။" ဟေရှာယ ၄၀း ၁၃

"ထာဝရဘုရား၏ **စိတ်တော်**ကို အဘယ်သူသိသနည်း။ ထာဝရဘုရားနှင့် အဘယ်သူသည် တိုင်ပင်ဘက်ပြုသနည်း။" ရောမ ၁၁း ၃၄

ဝိညာဉ်တော်သည် စိတ်တော်ကို ရည်ညွှန်းခြင်းဖြစ်နိုင်ကြောင်း၊ အခြားသော ဥပမာများ ရှိပါသေးသည်။ ဒံယေလ ၂း ၁ တွင် နေဗုခတ်နေဇာမင်းကြီးသည် သူ၏အိပ်မက်များက သူ၏ ဝိညာဉ်(စိတ်တော်) (အင်္ဂလိပ်တွင် ဤနေရာ၌ Spirit ကိုသုံးထားသည်။ မြန်မာကျမ်းတွင်မူ စိတ်ဟုပြန်ဆိုထားသည်။) ထိတ်လန့်ကြောင်း ဖော်ပြထားပါသည်။ ဓမ္မရာဇဝင် တတိယစောင် ၁၀: ၄-၅ (KJV, NKJV) တွင် (there was no more spirit in her) ဟုသုံးထားသည်။ မြန်မာကျမ်းတွင်မူ "မိန်းမောတွေဝေ" ဟုသုံးထားပါသည်။ (ပြောစရာ အတွေးပင် မရှိလောက်အောင် အလွန်းအမင်း အံ့သြသည်ဟု ဆိုလိုခြင်းဖြစ်ရာ ဤနေရာတွင် Spirit ကို စိတ်၊အတွေးဟု အဓိပ္ပာဆောင်၍ သုံးနှုန်းထားကြောင်း တွေ့ရသည်။ ကျမ်းချက်များကို အင်္ဂလိပ်ကျမ်းနှင့် မြန်မာကျမ်းကို ယှဉ်ဖတ်ကြည့်ပါကလည်း ထိုနေရာတွင်သုံးထားသော ဝိညာဉ်သည် စိတ်၊အတွေးကို ဆိုလိုကြောင်း သိနိုင်ပါသည်။ ဖတ်ကြည့်ပါ။ စကားချပ်)

ထပ်၍ပြောရလျှင်၊ နေဗုခတ်နေဇာမင်း၏ ဝိညာဉ်ဟုဆိုရာတွင် မတူ၊သီးခြားဖြစ်သော တတိယမြောက် ပုဂ္ဂိုလ်တစ်ပါးထက် သူ၏စိတ်ကို ဆိုခြင်းဖြစ်ကြောင်း ပို၍

နားလည်နိုင်ပါသည်။ (ဒံယေလ ၂း၁၊ အင်္ဂလိပ်ကျမ်းတွင် ဝိညာဉ်ဟု သုံးထားသော်လည်း မြန်မာကျမ်းတွင် စိတ်ဟုပင် ဘာသာပြန်ထားသည်ကို တွေ့ရသည်။ စကားချပ်)

အယ်လင်ဝှိုက်အနေဖြင့် ဝိညာဉ်နှင့် စိတ်၏ ဆက်စပ်မှုအကြောင်း ဘာပြောခဲ့သနည်း။

" သဘာဝတရားရှိ အရာများအပေါ်တွင် အလုပ်လုပ်သော ထိုဘုရားစိတ်တော် (divine mind)ကပင် လူသားများ၏ စိတ်နှလုံးကို စကားပြောနေ၏။ သူတို့တွင် မရှိသော အရာတစ်ခုကို စကားလုံးဖြင့် မပြောပြနိုင်လောက်သော တောင့်တမှုတစ်ခုကို ဖန်ဆင်း၏။ သူတို့၏ ထိုလိုချင်တောင့်တစိတ်ကို လောကကြီး၏ အရာတို့သည် ဖြည့်ဆည်းမပေးနိုင်။ **ဘုရားသခင်၏ ဝိညာဉ်တော်**သည် ခရစ်တော်၏ ကရုဏာတော် ဖြစ်သော ငြိမ်သက်ခြင်းနှင့် အနားယူခြင်း၊ မွန်မြတ်သန့်ရှင်းသော ဝမ်းမြောက်ခြင်း တို့ကိုသာပေးစွမ်းနိုင်သော အရာများကို ကြိုးစားရှာဖွေရန် သူတို့ကို တောင်းပန်နေ၏။ မျက်မြင်ရသော လွှမ်းမိုးမှုဖြင့်ဖြစ်စေ၊ မျက်မြင်မရသော လွှမ်းမိုးမှုများဖြင့်ဖြစ်စေ **ကျွန်ုပ်တို့၏ ကယ်တင်ရှင်**သည် လူသားများ၏ စိတ်နှလုံးကို တင်းတိမ်ရောင့်ရဲမှု မရှိနိုင်သော အပြစ်တရား၏ သာယာမှုများထံမှ **သူ၏အထဲတွင်ရှိသော၊** သူတို့အတွက် ဖြစ်နိုင်သော အဆုံးမရှိ ကောင်းချီးမင်္ဂလာများဆီသို့ ဆွဲဆောင်နိုင်ရန် အမြဲတစေ ကြိုးစားလုပ်ဆောင်၏။ (SC 28) 1893

မိတ်ဆွေတွင် သမ္မာကျမ်းစာရှိပါသည်။ မိမိအတွက် ကိုယ်တိုင်လေ့လာပါ။ ဘုရား၏ လမ်းညွှန်မှု သွန်သင်ချက်များသည် လျစ်လျူရှုရန် (သို့) လမ်းလွဲစေရန်မဟုတ်ပါ။ **ဦးဆောင်ခြင်းခံလို သူတို့ကို ဘုရားစိတ်တော်သည် ဦးဆောင်လမ်းပြ ပေးလိမ့်မည်**။ (This day with God, p. 188)

"အကျင့်စာရိတ္တသည် ဩဇာတန်ခိုးဖြစ်သည်။ ခရစ်တော်၏ အမှုတော်သည် စိတ်နှလုံးများကို **သူ၏ဘုရားစိတ်သဘော**ဖြင့် သနားကြင်မှုနာခြင်းဆီသို့ ဆွဲသွင်းရန်ဖြစ်သည်။" (RH, septermber 29, 1891 par. 14)

ယေရှု၏အကျင့်စာရိတ္တနှင့် ဘုရားစိတ်တော်/ဝိညာဉ်တော်တို့သည် မည်သို့ဆက်စပ်သနည်း။

(ဤနေရာတွင် အကျင့်စာရိတ္တဟု ဘာသာပြန်သုံးစွဲသော အင်္ဂလိပ်ဘာသာစကားသည် "Character" ဖြစ်သည်။ စာအသွားအလာအရ တော်တော်များများတွင် အကျစ်လစ်ဆုံးဟု ယူဆပါသည်။ သို့အချို့သောနေရာများတွင် အကျင့်စာရိတ္တထက် စရိုက်၊လက္ခဏာ၊ ဝိသေသလက္ခဏာဟု ပြန်ဆိုရပါသည်။ စကားချပ်)

"ခရစ်တော်က ဇာတိသဘောကြောင့်ဖြစ်စေ၊ ပျိုးထောင်ခြင်းကြောင့် ဖြစ်စေ ဖြစ်လာနိုင်သော မကောင်းမှုများကို အောင်မြင်စေနိုင်ရန်နှင့် သူ၏အသင်းတော်အပေါ် သူ၏အကျင့်စာရိတ္တကို **ခတ်နှိပ်ရန် သူ၏ဝိညာဉ်တော်ကို ဘုရားတန်းခိုး (divine power) အဖြစ်** ပေးခဲ့ပြီးဖြစ်သည်။" (DA 671.2)

"ခရစ်ယာန်များအနေဖြင့် သူတို့၏ ခင်မင်တွယ်တာမှုများ၊ အပြုအမူများကို ဘုရားဇာတိနှင့် ပြည့်ဝသော မြတ်ဆရာ၏ **အကျင့်စာရိတ္တ၊ ဝိညာဉ်တော်၊ အသက်တာပုံစံ**အတိုင်း ပညာပေး၊ လေ့ကျင့်သင်ကြား သင့်ပေသည်။ (RH, July 18, 1893 par. 3)

"လူသားတိုင်း၏ တရားသူကြီးဖြစ်သော သခင်ယေရှုသည် စိတ်နှလုံးခိုင်မာသူများ၊ တစ်ကိုယ်ကောင်းဆန်သူများ၊ မတရားအမြတ်ထုတ်သော အရောင်းအဝယ်ပြုသူများ အပေါ်ရည်ရွယ်၍ "အဘယ်သူသည် ဤအရာများကို သင့်လက်ထဲတွင် လုပ်ဆောင်ရန် ခိုင်းစေသနည်း"ဟု မေးမြန်းတော်မူလိမ့်မည်။ "သင်ဖော်ပြထင်ရှားစေသော **အကျင့်စာရိတ္တ**၊ **ဝိညာဉ်**သည် ငါ ကမ္ဘာလောကြီးတွင် အသက်ရှင်ခဲ့စဉ်က ပြသခဲ့သော **အကျင့်စာရိတ္တ**၊ **အသက်တာပုံစံ** လုံးလုံးမဟုတ်ပါတကား။ (RH, Oct 16, 1894 par. 3)

"ဘုရားသခင်ကို သိခြင်းသည် ဘုရားသခင်ကို ချစ်ခြင်းဖြစ်သည်။ **သူ၏ အကျင့်စာရိတ္တသည်** စာတန်မာရ်နတ်၏ အကျင့်စာရိတ္တနှင့် နှိုင်းယှဉ်သော် ဆန့်ကျင်ကွဲလွဲချက် သိသာထင်ရှားနေရမည်။ ဤအရာကို စကြာဝဠာတစ်ခုလုံးတွင် တစ်ဦးကသာ ပြုလုပ်နိုင်၏။ ဘုရားသခင့် မေတ္တာတော်၏ မြင့်မားခြင်း၊ နက်နဲခြင်းကို နားလည်သော သူကသာလျှင် ထိုသို့ ထင်ရှားစေနိုင်၏။ (DA 22)

“ခမည်းတော်နှင့် သားတော်၏ ကိုယ်ရည်ကိုယ်သွေး၊ သူတို့တွင်ရှိသော စည်းလုံးညီညွတ်မှုတို့ကို ရှင်ယောဟန် အခန်းကြီး ၁၇တွင် ဖော်ပြထားပါသည်။ သူ၏တပည့်တော်များအတွက် ယေရှု ဆုတောင်းရာတွင် “ထိုသူတို့အဖို့ကိုသာ အကျွန်ုပ်ဆုတောင်းသည် မဟုတ်ပါ။ သူတို့ ဟောပြောခြင်းအားဖြင့် အကျွန်ုပ်ကို ယုံကြည်သော သူတို့အဖို့ကိုလည်း ဆုတောင်းပါ၏။ ကိုယ်တော်သည် အကျွန်ုပ်ကို စေလွှတ်တော်မူသည်ကို လောကီသားတို့သည် ယုံကြည်မည်အကြောင်း ထိုသူအပေါင်းတို့သည် တစ်လုံးတစ်ဝတည်းဖြစ်လျက်၊ အဘ၊ ကိုယ်တော်သည် အကျွန်ုပ်၌ ရှိတော်မူ၍ အကျွန်ုပ်သည်လည်း ကိုယ်တော်၌ရှိတော်မူသကဲ့သို့ ထိုသူအပေါင်းတို့သည် ငါတို့၌ တစ်လုံးတစ်ဝတည်းဖြစ်စေခြင်းငှာ ဆုတောင်းပါ၏။ (ရှင်ယောဟန် ၁၇း ၂၀,၂၁) ခရစ်တော်နှင့် သူ၏တပည့်တော်များတွင်ရှိသော စည်းလုံးညီညွတ်မှုသည် သူတို့၏ ပုဂ္ဂိုလ်ဖြစ်ခြင်း ကိုယ်ရည်ကိုယ်သွေးကို ပျက်မသွားစေပါ။ **ဦးတည်ချက်၊ စိတ်သဘောထား၊ အကျင့်စာရိတ္တတို့တွင် သူတို့သည် တစ်လုံးတစ်ဝတည်း ဖြစ်သော်လည်း ပုဂ္ဂိုလ်အရာတွင် တစ်ဦးတစ်ယောက်တည်း မဟုတ်ကြပါ။** ထိုနည်းဖြင့် ဘုရားသခင်နှင့် ခရစ်တော်သည် တစ်လုံးတစ်ဝဖြစ်ကြ၏။” (MH 421, 422)

သူ၏ နောက်လိုက်သူများကို ယေရှုမည်သို့ ချည်နှောင်ထားသနည်း။

“သူသည် ခမည်းတော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့ သူတို့သည်လည်း သူနှင့် တစ်လုံးတစ်ဝတည်း ဖြစ်စေနိုင်ရန် ကိုယ်တော် ဆုတောင်းပေးသော လူတစ်စုရှိသည်။ ခရစ်ယာန်များဖြစ်ကြသော၊ နှုတ်ကပတ်တော်အတိုင်း လုပ်ဆောင်သူများဖြစ်သော ကျွန်တော်တို့သည် ခရစ်တော် ဆုတောင်းပေးသည်အတိုင်း တစ်လုံးတစ်ဝတည်း နေသင့်သည်။အကြောင်းမှာ **သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် စိတ်နှလုံးတစ်ခုနှင့် တစ်ခု ယေရှုချည်နှောင်ပေးနိုင်၏။** ကျွန်တော်တို့သည် နောက်ဆုံးသော နေ့ရက်ကာလ၏ ဘေးအန္တရယ်ကြားတွင် အသက်ရှင်နေသူများဖြစ်သည်။ ဆိုးယုတ်သော အချိန်များ ကျွန်ုပ်တို့ထံ ရောက်လာသည်။ ကမ္ဘာမြေကို ကြီးသောမှောင်မိုက်သည် ဖုံးလွှမ်းခဲ့ပြီ။ စာတန်မာရ်နတ်သည် သူ၏ဆင်းရဲဒုက္ခအတိကို ကျွန်ုပ်တို့နှင့်

ဘုရားသခင်စပ်ကြားတွင် ကြားဝင်စွက်ဖက်စေနိုင်ရန် ကြိုးစား၏။ ကောင်းကင်၏ အလင်းတရားကို မှေးမှိန်သွားစေနိုင်ရန် သူ့တွင်ရှိသော နည်းလမ်းပေါင်းစုံဖြင့် ကြိုးစား၏။ သို့သော်လည်း ခရစ်ယာန်ဟု မိမိကိုယ်မိမိ ခေါ်သူများသည် **ခရစ်တော်နှင့်တူသော သူများ**ဖြစ်ပါက သူတို့သည် ယေရှု၏ ခြေရာတော်များကို နီးကပ်စွာ လိုက်လျှောက်ကြမည်ဖြစ်သည်။ **ယေရှုခရစ်တွင်ရှိသော စိတ်နှလုံးသည် သူတို့တွင်လည်း ရှိလိမ့်မည်။** (RH, May 27, 1890 par. 1)

ယေရှုနှင့် သတေဖန်သည် သူတို့၏ ဝိညာဉ်ကို ဘုရားသခင်ထံ စွန့်သည့်အချိန်ကို သတိရပါ။ သူတို့သည် သူတို့၏အသက်၊ စရိုက်လက္ခဏာတို့ကို ဘုရားသခင် ထိန်းသိမ်းဖို့ရန်အတွက် စွန့်လွှတ်ခဲ့ကြသည်။

"ယေရှုသည်လည်း ကြီးသောအသံနှင့် ကြွေးကြော်တော်မူပြီးလျှင်၊ အိုအဘ၊ **အကျွန်ုပ်စိတ်ဝိညာဉ်ကို ကိုယ်တော်လက်၌ အကျွန်ုပ်အပ်ပါ၏**ဟု မိန့်တော်မူလျက် အသက်ချုပ်တော်မူ၏။" ရှင်လုကာ ၂၃း ၄၆

"ကျောက်ခဲနှင့် ပစ်ကြစဉ် သတေဖန်သည် ပတ္တနာပြုလျက်၊ သခင်ယေရှု၊ **အကျွန်ုပ်၏ဝိညာဉ်ကို သိမ်းယူ**တော်မူပါဟု လျှောက်ဆို၏။ (တမန်တော် ၇: ၅၉)

"ကျွန်ုပ်တို့၏ ကိုယ်ပိုင်ဖြစ်တည်မှုကို ရှင်ပြန်ထမြောက်ခြင်းတွင် ထိန်းသိမ်းထား၏။ သို့သော်လည်း ကျွန်တော်တို့ သင်္ချိုင်းထဲဆင်းရစဉ် အချိန်နဲ့တူသော အသွေးသား၊ (သို့) ရုပ်ဝတ္တု ကိုယ်ထည်၊ဒြပ်အတိုင်းမဟုတ်ပါ။ ဘုရားသခင်၏ အံ့ဖွယ်ပြုသော အမှုတို့သည် လူသားများ နားလည်နိုင်ရန်အတွက် လျှို့ဝှက်နက်နဲလှ၏။ လူသား၏ **ဝိညာဉ်ဖြစ်သော စရိုက်လက္ခဏာ၊ ဝိသေသများသည်** ထိန်းသိမ်းခံရန် ဘုရားသခင်ထံ ပြန်သွား၏။ ရှင်ပြန်ထမြောက်ရာနေ့တွက် လူသားတိုင်း၊ မိမိတို့ ကိုယ်ပိုင် **စရိုက်လက္ခဏာ**များ အသီးသီးရရှိကြလိမ့်မည်။" (Ellen White, S. D. A. Bible Commentary vol. 6, p. 1093,2) 1900

ထပ်လေ့လာရန် အချက်လက်များကို “The Godhead in Black & White – Direct quotes from the Pen of the Messenger of the Lord, Ellen G. White” နဲ့ “Putting the Pieces Together – Difficult statements on the doctrine of the Godhead Harmonized.” တို့တွင်တွေ့နိုင်ပါသည်။

## ၂.၃။ ဘုရားသခင်၏ အတူရှိခြင်း မျက်မှောက်တော်/တည်ရှိခြင်းဖြစ်သော ဝိညာဉ်တော်။

ဘုရားသခင်၏ (မှုတ်သွင်းသော)အသက်၊ စိတ်သဘောထားဖြစ်သော သန့်ရှင်းသော ဝိညာဉ်တော်ဟူသော စကားလုံးကို အခြားစကားလုံးဖြစ်သော ဘုရားသခင်၏ တည်ရှိခြင်း/အတူရှိခြင်း(the presence of God)အဖြစ် သုံးနှုန်းနိုင်ပါသည်။ သို့သော်လည်း ၂၀၁၇ခုနှစ်၊ ပထမကွာတာ၊ SDA ဥပုဒ်စာဖြေစာအုပ်၏ ဇန်နဝါရီလ ၁၆ရက်နေ့ သင်ခန်းစာက ကွဲပြားစွာ နားလည်ပုံရပါသည်။

> “**ဝိညာဉ်တော်၏ တည်ရှိခြင်းသည် ဘုရားသခင်၏ တည်ရှိခြင်းဖြစ်သည်။** ဘုရားသခင်၏ ဝိညာဉ်တော်မရှိသော နေရာတွင် ကျွန်တော် ထွက်မပြေးနိုင်လျှင် **သူသည်** နေရာတိုင်း၊ အရပ်ရပ်တွင် တစ်ချိန်တည်း တည်ရှိနိုင်သော ဘုရားဖြစ်သည်။”

ဝိညာဉ်တော်၏ တည်ရှိခြင်းသည် ဘုရားသခင်၏ တည်ရှိခြင်း။ သန့်ရှင်းသော ဝိညာဉ်တော်သည် ဘုရားသခင်၏ တည်ရှိခြင်းဖြစ်သည်ဟုဆိုလျှင် ပို၍ရိုးရှင်း၊ ရှင်းလင်းပါသည်။ ဒီကျမ်းပိုဒ်များတွင် “ဝိညာဉ်” ဟူသောစကားလုံးနဲ့ “အတူရှိခြင်း မျက်မှောက်တော်(သို့) တည်ရှိခြင်း”ဟူသော စကားလုံးတို့ကို အပြန်လှန်ရော၍ သုံးနှုန်းနိုင်ပါသည်။

> “**ဝိညာဉ်တော်**နှင့် လွတ်အောင် မည်သည့်အရပ်သို့သွား၍ **အပါးတော်**နှင့် ကင်းအောင် မည်သည့်အရပ်သို့ ပြေးခွင့်ရပါအံ့နည်း။ (ဆာလံ ၁၃၉း ၇။ GHB version)

> “အိုဘုရားသခင်၊ အကျွန်ုပ်အထဲ၌ စင်ကြယ်သောနှလုံးကို ဖန်ဆင်းတော်မူပါ။ မြဲမြံတည်ကြည်သော သဘောကို အသစ်ပြုပြင်တော်မူပါ။ အကျွန်ုပ်ကို

**အထံတော်**ထဲက နှင်ထုတ်တော်မမူပါနှင့်။ **သန့်ရှင်းသော ဝိညာဉ်တော်ကို** ရုပ်သိမ်းတော်မမူပါနှင့်။" (ဆာလံ ၅၁း ၁၀-၁၁)

"**ငါကိုယ်တိုင်** (my presence) သွား၍ ငြိမ်ဝပ်ခြင်းချမ်းသာကိုပေးမည်ဟု မိန့်တော်မူ၏။" ထွက်မြောက်ရာ ၃၃း ၁၄ (ကျမ်းချက်များကို အင်္ဂလိပ်လိုဖတ်ကြည့်ပါ။)

**ဤအကြောင်းနှင့် ပတ်သက်၍ အယ်လင်ဝှိုက် မည်သို့ပြောထားသနည်း။**

"လောကကြီး၏ ကယ်တင်ရှင် စေလွှတ်ရန် ကတိပေးထားသော ဘုရား၏ ဝိညာဉ်တော်သည် ဘုရားသခင်၏ အတူရှိခြင်းနှင့် တန်ခိုးတော်ဖြစ်သည်။" (ST Nov. 23, 1891, par. 1)

"သန့်ရှင်းသော ဝိညာဉ်တော်သည် ဝိညာဉ်များထံ ခရစ်တော်၏ **ကိုယ်တိုင်အတူရှိပေးခြင်းဖြစ်သော** ဥပဇ္ဈာယ်ဆရာဖြစ်သည်။" (HM November 1, 1893 Par. 28)

"သန့်ရှင်းသော ဝိညာဉ်တော်သည် ဥပဇ္ဈာယ်ဆရာဖြစ်ပြီး၊ ဥပဇ္ဈာယ်ဆရာသည် "ငါ၏ နာမ၌ ခမည်းတော်စေလွှတ်မည့် သမ္မာတရားနှင့်ပြည့်စုံသော ဝိညာဉ်တော်၊" (သို့) သန့်ရှင်းသော ဝိညာဉ်တော် ဖြစ်ကြောင်း ခရစ်တော်က ကျွန်ုပ်တို့ကို ပြောထားပါသည်။ "ခမည်းတော်သည် သမ္မာတရားကိုပြသော ဝိညာဉ်တော်တည်းဟူသော တစ်ပါးသော ဥပဇ္ဈာယ်ဆရာကို သင်တို့နှင့်အတူ အစဉ်မပြတ်တည်နေစခြင်းငှာ သင်တို့အား ပေးတော်မူမည်။ ထိုဝိညာဉ်တော်ကို လောကီသားတို့သည် မသိမြင်သောကြောင့် မခံမယူနိုင်ကြ။ ထိုဝိညာဉ်တော်သည် သင်တို့နှင့်အတူ တည်နေ၍၊ သင်တို့၌ ရှိတော်မူသောကြောင့် သင်တို့သည် သိရကြ၏။ (ရှင်ယောဟန် ၁၄း ၁၆,၁၇) ဤကျမ်းချက်က ဥပဇ္ဈာယ်ဆရာဟုခေါ်သော **နေရာတိုင်း၊ အရပ်တကာတွင် တပြိုင်တည်း အတူရှိနိုင်သော ခရစ်တော်၏ ဝိညာဉ်တော်**ကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။" (14MR 179.2) 1891

ဥပဇ္ဈာယ်ဆရာဆိုသည်မှာ "ဘုရားသခင်၏ အတူရှိခြင်း" (သို့) "ခရစ်တော်၏ အတူရှိခြင်း"၊ "နေရာတိုင်း၊ အရပ်တကာတွင် တပြိုင်တည်း အတူရှိနိုင်သော ခရစ်တော်၏ ဝိညာဉ်တော်"

ကိုရည်ညွှန်းပါသည်။ သို့သော်လည်း ရှင်ယောဟန် ၁၄း ၁၆-၁၇တွင်ပြောပုံမှာ ယေရှုက ကျွန်ုပ်တို့ထံ စေလွှတ်မည့်သူမှာ ယေရှုမဟုတ်ဘဲ၊ အခြားတစ်စုံတစ်ဦးနှင့် တူနေပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် "ခရစ်တော်၏ ကိုယ်တိုင်အတူရှိပေးခြင်း မျက်မှောက်တော်" ဖြစ်ပါက ထိုကျမ်းချက်နှင့် မည်သို့ကိုက်ညီမည်နည်း။ ကျွန်တော်တို့၏ ဥပဓ္ဈာယ်ဆရာသည် "အခြား တစ်ပါးသော ဥပဓ္ဈာယ်ဆရာ" မဟုတ်ဘဲ ခရစ်တော်ကိုယ်တိုင် ဖြစ်သင့်သည် မဟုတ်ပါလော။

"ခရစ်တော်သည် သူတို့ထံ မိမိကိုယ်မိမိ ထင်ရှားပြမည်ဖြစ်သော်လည်း၊ လောကသား တို့သည် မြင်နိုင်မည်မဟုတ်၊ ဆိုသည့်အချက်သည် တပည့်တော်များဖို့ နားမလည်နိုင် သောအရာ ဖြစ်သည်။ ခရစ်တော်၏ စကားတော်များကို သူတို့၏ဝိညာဉ်ရေးရာ အသိ အားဖြင့် နားမလည်နိုင်ကြချေ။ သူတို့တွေးနေသည်မှာ **အပြင်ပိုင်း၊ မျက်မြင်၍ရသော ထင်ရှားဖော်ပြမှုမျိုးဖြစ်သည်။ လောကသားများသည် မမြင်နိုင်ကြသော်လည်း ခရစ်တော်သည် သူတို့နှင့် အတူရှိနေနိုင်မည်** ဆိုသည့်အချက်ကို သူတို့လက်မခံနိုင်ကြချေ။ ဝိညာဉ်ရေးရာ ထင်ရှားဖော်ပြမှုမျိုး၏ အနက်အဓိပ္ပာယ်ကို သူတို့ နားမလည်နိုင်ကြပါ။" (The southern Review, September 13, 1898, par. 2)

ထိုစာသည် ယေရှု ကျွန်ုပ်တို့ထံ သူ၏ကိုယ်တိုင် အတူရှိခြင်းဖြင့် ကိုယ်တိုင်ထင်ရှားမည် ဟူသောစကားဖြင့်ဆုံးသော ရှင်ယောဟန် ၁၄း ၁၈-၂၁ကို ရည်ညွှန်းနေပါသည်။ (ငါသည် သင်တို့ကို မိဘမဲ့ဖြစ်စေခြင်းငှာ စွန့်ပစ်မည်မဟုတ်။ သင်တို့ဆီသို့လာဦးမည်။ ... ငါသည်လည်း ထိုသူကိုချစ်၍ သူ့အားကိုယ်တိုင်ထင်ရှားမည်ဟု မိန့်တော်မူ၏။) ကျမ်းပိုဒ်၏ ဆိုလိုသော အခြေနေကိုမကြည့်ဘဲ ၁၄း ၁၅-၁၇ အထိသာဖတ်ပါက ယေရှု ကိုယ်တိုင် မဟုတ်ဘဲ၊ အခြားတစ်ဦးတစ်ယောက်ဟု ထင်ရသည်မှာ အံ့သြစရာမရှိပါ။

ဝိညာဉ်တော်သည် ခရစ်တော်၏ မျက်မြင်မရသော အတူရှိပေးခြင်းဟု စာထဲတွင် ရိုးရိုးကလေး ပြောမည့်အစား၊ ခရစ်တော်သည် သူ၏ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့ အထဲတွင် ကိန်းအောင်းသည်ဟု ပြောမည့်အစား ကျွန်တော်တို့သည် အတွေးလွန်၍ "သူ့မှာ ကိုယ်ခန္ဓာရှိလား"ဟု တွေးလျက်၊ သူ့ထံ ကျွန်တော်တို့ ဆုတောင်းသင့်သလား" ဟုမေးလျက်

တတိယမြောက် ပုဂ္ဂိုလ်တစ်ပါးကို ကိုးကွယ် တွေးကြည့်ကြသည်။ သန့်ရှင်းသော ဝိညာဉ်တော်ဘုရား ဟုလည်း နာမည်အသစ်ပေးကြသည်။ ကျွန်တော်တို့၏ တရားဝင် ရပ်တည်ချက်သည် အယ်လင်ဝှိုက်နှင့် တပည့်တော်များ လက်ခံနိုင်သည်ထက် ကျော်လွန် သွားမလား။

**အယ်လင်ဝှိုက်က သူမ၏ဖော်ပြချက်များနှင့် ပတ်သက်၍ မည်သို့ဖော်ပြထားသနည်း။**

"မတ်လ ၂၀၊သောကြာနေ့ မနက်ပိုင်း သုံးနာရီခွဲ ဝန်းကျင်တွင် ကျွန်မစောစော ထခဲ့သည်။ရှင်ယောဟန် အခန်းကြီး ၁၅အကြောင်း ရေးသားနေချိန်တွင် ရုတ်တရက် အံ့ဖွယ်ကောင်းသော ငြိမ်သက်ခြင်း ကျွန်မအပေါ် သက်ရောက်ခဲ့သည်။ အခန်းတစ်ခု လုံးသည် ကောင်းကင်လေထုနှင့် ပြည့်နေသည်ဟု ထင်ရသည်။ **သန့်ရှင်းသော၊ မွန်မြတ်သော အတူရှိခြင်းတစ်ခု** ကျွန်မအခန်းထဲတွင် ရှိနေသည်နှင့်တူ၏။ ကျွန်မ၏ ကလောင်ကိုချလျက် **ဝိညာဉ်တော်ဖွင့်ပြောမည့်အရာ**ကို နားလည်ရန် စောင့်နေလိုက်သည်။ **ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုမျှ မမြင်ရပါ။** ကြား၍ရသော အသံမျိုး မကြားရပါ။ သို့သော် ကောင်းကင်ရှိ စောင့်ကြည့်သူတစ်ဦး ကျွန်မအနားတွင် ရှိနေသည်ဟု ထင်ရ၏။ **ယေရှု၏ အတူရှိခြင်း မျက်မှောက်တော်ထဲတွင် ကျွန်မရှိနေသည်ဟု ခံစားရ၏။ ကျွန်မအခန်းထဲတွင် ရှိသည်ဟုထင်ရသော ချိုမြိန်သော ငြိမ်သက်ခြင်းနှင့် အလင်းတရားကို ကျွန်မရှင်းပြ၊ ဖော်ပြခြင်းငှာ မတတ်ပါ။ မွန်မြတ်သော၊ သန့်ရှင်းသော လေထုသည် ကျွန်မကို ဝန်းရံထား၏။** ထိုနေရာတွင် အလွန်အမင်း သိလိုအသည့် ကိစ္စများ၊ အရေးကြီးသော အရာများ နားလည်နိုင်ခြင်းအစွမ်းကို ကျွန်မ၏စိတ်ထဲတွင် ပေးထား၏။ **မျက်မြင်မရသော အတူရှိခြင်း မျက်မှောက်တော်သည် ကျွန်မနှင့် စကားပြောနေသယောင်၊** လှုပ်ရှားမှုတစ်ချို့ ကျွန်မရှေ့တွင် ဖြစ်သွား၏။ (11MR 326) 1896

အယ်လင်ဝှိုက်သည် ခရစ်တော်၏ ဝိညာဉ်တော်ဖြစ်သော မျက်မြင်မရသော ယေရှု၏ အတူရှိခြင်းကို ပြောပြနေခြင်းဖြစ်သည်။ ယေရှု သူမနှင့် မည်သို့ အဆက်အသွယ်ပြုကြောင်း နောက်ထပ်ဖော်ပြချက် ရှိပါသည်။

"ကြာသာပတေးနေ့ မနက် ကျွန်မအိပ်ယာ စောစောထ၏။ မနက်နှစ်နာရီ ဝန်းကျင်ဖြစ်သည်။ စစ်မှန်သော စပျစ်နွယ်ပင်အကြောင်း ရေး၍၊ အလုပ်ရှုပ်နေ၏။ အရင်အချိန်များတွင် ကျွန်မခံစားနေကျအတိုင်း **အတူရှိခြင်းတစ်ခု ကျွန်မ၏အခန်းထဲတွင် ခံစား**ရသောအခါ ကျွန်မ ရေးသားရန်ရွယ်ထားသော အရာများကို မေ့ပျောက်ကုန်၏။ **ယေရှု၏အတူရှိခြင်း မျက်မှောက်တော်ထဲတွင် ကျွန်မရှိနေသည်နှင့်တူ၏။** ကျွန်မသည် သွန်သင်ခံရရန်ဖြစ်ပြီး သူသည် ကျွန်မကို ဆက်သွယ်နေ၏။ အရာအားလုံးသည် ရှင်းလင်းလှသည်ဖြစ်၍ ကျွန်မ အဓိပ္ပာယ်ကောက်မှားခြင်းမျိုး မဖြစ်နိုင်ပါ။ ... အသံကြားရသော စကားလုံးတစ်လုံးကိုမျှ ကျွန်မ၏နားတွင် မပြောပြပါ။ ကျွန်မ၏ စိတ်ထဲတွင် ပြောပြခြင်းဖြစ်သည်။ "သခင်၊ သခင် ဘုရားစေခိုင်းသည့်အတိုင်း ကျွန်မဆောင်ရွက်ပါမည်"ဟု ကျွန်မပြန်ဖြေခဲ့ပါသည်။ (5MR 147) 1896

## ကမ္ဘာပေါ်ရှိ အသင်းတော်အတွက် အမှုတော်ဆောင်သည့် အဘယ်သူနည်း။

"ခရစ်တော်သည် အထက်ကောင်းကင်တွင်ရှိသော ဗိမာန်တော်ထဲတွင် အမှုတော် ဆောင်ရွက်နေချိန်တွင် **သူသည် သူ၏ဝိညာဉ်တော်ဖြင့် ကမ္ဘာပေါ်ရှိ အသင်းတော် အတွက်လည်း** အမှုတော်ဆောင်ဖြစ်နေပါသည်။ သူသည် အမြင်အာရုံမှ ယူဆောင်သွားခြင်း ခံရသော်လည်း သူ၏ကတိတော်သည် ပြည့်စုံခဲ့ပါပြီ။ "ငါသည်လည်း ကပ်ကမ္ဘာကုန်သည် တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်ဟု မိန့်တော်မူ၏။" (ရှင်မဿဲ ၂၈း ၂၀) သူ၏ တန်ခိုးတော်ကို နိမ့်ကျသော ငယ်သား အမှုတော်ဆောင်များထံ ခွဲဝေပေးသည်သာမက သူ၏ စွမ်းအားပြည့်ဝသော အတူရှိခြင်းမျက်မှောက်တော်သည် သူ၏အသင်းတော်နှင့်အတူ ရှိနေပါသေးသည်။ (DA 166)

## ခရစ်တော် ကျွန်ုပ်တို့ကို မည်သို့နှစ်သိမ့်ပေးသနည်း။

"ကိုယ်တော်သည် သူ၏သစ္စာရှိသော စေခံများ၊ သူအတွက်ကြောင့် ထောင်ထဲတွင် လျောင်းနေသူများ၊ လူသူကင်းမဲ့သော ကျွန်းများတွင် နှင်ထုတ်ခံရသူများ အားလုံးတို့၏ အကြောင်းကို သိတော်မူပါသည်။ သူ၏ အတူရှိခြင်း မျက်မှောက်တော်ဖြင့် သူတို့ကို သူနှစ်သိမ့်ပေးသည်။ (DA 669)

“စိတ်နှလုံးအကြွင်းမဲ့ဖြင့် သူ့ကိုရှာသော သူတို့ကို ကိုယ်တော် ခွန်အားပေးတော်မူ၏။ ထိုသို့သောသူတို့အား သူ၏အတူရှိခြင်း မျက်မှောက်တော်၊ မျက်နှာသာတော်၏ ထင်ရှားပြခြင်းဖြစ်သော သန့်ရှင်းသော ဝိညာဉ်တော်ကို ပေးတော်မူ၏။” (9T 230) 1909

**ခရစ်တော် ကမ္ဘာပေါ် ရှိစဉ်တွင် နှစ်သိမ့်ခြင်းကို မည်သို့ခံယူခဲ့သနည်း။**

“**ခမည်းတော်ဘုရား၏ အတူရှိခြင်း မျက်မှောက်တော်သည် သူ့ကို ဝန်းရံထား၏။** ကမ္ဘာကြီး၏ ကောင်းချီးမင်္ဂလာအတွက် ခွင့်ပြုထားသော အဆုံးမဲ့မေတ္တာသည်သာလျှင် သူ့အပေါ်ကျရောက်လျှက်ရှိသည်။ထိုနေရာသည် သူ၏ နှစ်သိမ့်မှုခံယူရာ၊ စိတ်သက်ရာ ရရာနေရာ အရင်းမြစ်ဖြစ်ပြီး၊ ကျွန်ုပ်တို့အတွက်လည်း ဖြစ်သည်။ ခရစ်တော်၏ ဝိညာဉ်တော်ဖြင့် ပြည့်ဝသောသူသည် ခရစ်တော်အထဲတွင် ရှင်သန်နေထိုင်သူဖြစ်၏။ ထိုသူအပေါ် ချိန်ရွယ်ထားသော ထိုးနှက်ချက်များသည် သူ၏အတူရှိခြင်းဖြင့် ဝန်းရံ ထားသော ကယ်တင်ရှင်အပေါ် ကျရောက်သွားသည်။ သူထံရောက်သော အရာအားလုံး သည် ခရစ်တော်ထံမှ လာခြင်းဖြစ်၏။ သူသည် မကောင်းမှုကို တွန်းလှန်ရန်မလိုပါ။ အကြောင်းမှာ ခရစ်တော်သည် သူ၏ကွယ်ကာရာ ဖြစ်တော်မူ၏။ ကိုယ်တော်၏ ခွင့်ပြုချက်မရှိဘဲ မည်သည့်အရာကမျှ သူ့ကို မထိနိုင်ရာ။ ဘုရားသခင်ကို ချစ်သော သူတို့၏ အကျိုးကို ခပ်သိမ်းသောအရာတို့သည် တညီတညွတ်တည်း ပြုစုကြ၏” ရောမ ၈း ၂၈ (MB 71.2) 1896

## ၂.၄။ နှစ်သိမ့်သူ (သို့) ဥပဒ္ဓျာယ်ဆရာဖြစ်သော ဝိညာဉ်တော်

၂၀၁၇ခုနှစ်၊ ပထမကွာ၊ ဥပုဒ်စာဖြေသင်ခန်းစာ၊ ဇန်နဝါရီ ၂ရက်နေ့ စာတွင်

> “အမှန်တရားနှင့် ပတ်သက်၍ သမ္မာကျမ်းစာအားလုံးတွင် အခရာကျသော စည်းလုံးညီညွတ်မှုကို ကျွန်ုပ်တို့ တွေ့ရခြင်းမှာ မှုတ်သွင်းဖော်ပြခြင်းတွင် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်မှုကြောင့်ဖြစ်သည်။ သမ္မာတရားနှင့် ပြည့်စုံသော ဝိညာဉ်တော်အနေဖြင့် (ရှင်ယောဟန် ၁၄း ၁၇, ၁၅း ၂၆, ၁၆း ၁၃)

> သန့်ရှင်းသော ဝိညာဉ်တော်သည် သမ္မာတရားကို ကျွန်ုပ်တို့အား အကြွင်းမဲ့ သွန်သင်ပြသလိမ့်မည်။”

သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား သမ္မာတရားကို အကြွင်းမဲ့သွန်သင်ပြသမည့်အကြောင်း သံသယရှိဖွယ်မရှိပါ။ သို့သော်လည်း ဒီအဆိုပြုချက်၏ နောက်ကွယ်တွင် မြင်ရသောအရာသည် သုံးပါးပေါင်းတစ်ဆူ အယူဝါဒကို ထောက်ခံရန်လိုအပ်သော သန့်ရှင်းသော ဝိညာဉ်တော်သည် မတူ၊ သီးခြားဖြစ်တည်သော တတိယမြောက် သီးခြား ပုဂ္ဂိုလ်ဖြစ်သည်ဟူသော အချက်ဖြစ်သည်။ အထက်တွင် ဖော်ပြထားသော ကိုးကား ကျမ်းချက်များက သန့်ရှင်းသော ဝိညာဉ်တော်သီအိုရီကို ထောက်ခံပါသလား။ ဤအခန်းတွင် “ဥပဇ္ဈာယ်ဆရာဖြစ်သော သန့်ရှင်းသော ဝိညာဉ်တော်”ဆိုသည့်အချက်ကို လေ့လာမည် ဖြစ်သည်။ ရှင်ယောဟန် ၁၄း ၁၇၊ ၁၅း ၂၆တွင် “သူ” (He)သည် ယေရှု (သို့) ခမည်းတော်တို့ မဟုတ်ဘဲ အခြားတစ်ပါးသောသူနှင့် ဆင်နေပါသည်။ (မြန်မာကျမ်းစာတွင် အင်္ဂလိပ်ကျမ်း များကဲ့သို့ “သူ”ဟူသော နာမ်စားသုံးထားသည်ကို မတွေ့ရပါ။ “ထိုဝိညာဉ်တော်”ဟုသာ ထပ်၍သုံးထားပါသည်။ စကားချပ်။) ဤကျမ်းချက်များကို အပြည့်အစုံဖတ်ကြရအောင်။ “How the comforter Change my life”ဟူသာ ကျွန်တော့် စာအုပ်ငယ်လေးထဲတွင် ယောဟန် ၁၄း ၁၅-၂၁သည် (Chiasm)ဝါကျအမျိုးစား ဖြစ်ကြောင်း ရှင်းပြထားပါသည်။ (ဟေဗြဲ ကဗျာစာပေတွင် သုံးသော ဝါကျဖွဲ့ပုံအမျိုးစားတစ်မျိုးဖြစ်သည်။ ဤအကြောင်းကို ထပ်၍လေ့လာလိုပါက ဂိုဂါလ်ခေါက်၍ဖြစ်စေ wikipediaတွင်ဖြစ်စေ ရှာ၍လေ့လာနိုင်ပါသည်။ စကားချပ်)

(က) ၁၅။ ငါ့ကိုချစ်လျှင် **ငါ့ပညတ်တို့ကို**_စောင့်ရှောက်ကြလော့။

(ခ) ၁၆။ ငါသည် ခမည်းတော်ကိုတောင်း၍ ခမည်းတော်သည် သမ္မတရားကိုပြသော ဝိညာဉ်တော်တည်းဟူသော **တစ်ပါးသော ဥပဇ္ဈာယ်ဆရာ** (Allos) ကို သင်တို့နှင့် အတူ အစဉ်မပြတ်တည်နေစေခြင်းငှာ သင်တို့အား ပေးတော်မူမည်။

(ဂ) ၁၇။ ထိုဝိညာဉ်တော်ကို လောကီသားတို့သည် **မသိမမြင်သောကြောင့်** မခံမယူနိုင်ကြ။ ထိုဝိညာဉ်တော်သည် သင်တို့နှင့်အတူ တည်နေ၍ သင်တို့၌ရှိတော်မူသောကြောင့် *သင်တို့သည် သိရကြ၏။*

(ဃ) ၁၈။ ***ငါသည် သင်တို့ကို မိဘမဲ့ဖြစ်စေခြင်းငှာ စွန့်ပစ်မည်မဟုတ်။ သင်တို့ဆီသို့ လာဦးမည်။***

(ဂ) ၁၉။ ခဏကြာပြီးမှ **လောကီသားတို့သည် ငါ့ကိုမမြင်ရကြ။** *သင်တို့မူကား၊ မြင်ရကြလိမ့်မည်။* ငါသည်အသက်ရှင်သောကြောင့် သင်တို့သည်လည်း အသက်ရှင်ရကြလိမ့်မည်။

(ခ) ၂၀။ ငါသည် ခမည်းတော်၌ရှိသည်ကိုလည်းကောင်း၊ သင်တို့သည် ငါ၌ရှိသည်ကိုလည်းကောင်း၊ ငါသည် သင်တို့၌ရှိသည်ကိုလည်းကောင်း **ထိုနေ့၌** သင်တို့သည် သိရကြလိမ့်မည်။

(က) ၂၁။ **ငါ့ပညတ်တို့ကို**ရ၍၊ စောင့်ရှောက်သောသူသည် ငါ့ကိုချစ်သောသူဖြစ်၏။ ငါ့ကိုချစ်သောသူကို ငါ့ခမည်းတော်သည် ချစ်တော်မူမည်။ ငါသည်လည်း ထိုသူကိုချစ်၍ သူ့အား ကိုယ်တိုင်ထင်ရှားမည်ဟု မိန့်တော်မူ၏။

တွေ့ရသည့်အတိုင်း အရောင်တင်ထားသော စကားလုံးများသည် "က" နဲ့ "က"၊ "ခ နဲ့ "ခ"၊ "ဂ" နဲ့ "ဂ" စသည်ဖြင့် တစ်ခုနှင့်တစ်ခု အဓိပ္ပာယ်တူနေသည်ကို တွေ့ရပါသည်။ အလယ်ကျမ်းပိုဒ်(ဃ)သည် စာပိုဒ်တစ်ခုလုံး၏ ဆိုလိုရင်း၊ အခြေအနေကိုဖွင့်ပြသော သော့ချက်ဖြစ်ပါသည်။ ဤသို့သော ဝါကျမျိုးသည် ဟေဗြဲ ကဗျာစာပေတွင် စံပြနည်းစနစ်တစ်ခုဖြစ်သော (Chiasm) ဖြစ်သည်။ အဓိကကျသော၊ အလယ်စာပိုဒ်ကို အဓိပ္ပာယ်ထင်ရှားစေရန် အလေးပေးလို့သည့်အခါတွင် သုံးပါသည်။

ခရစ်တော်သည် ဥပဓ္ဈာယ်ဆရာအကြောင်း ပြောသောအခါ မိမိကိုယ်မိမိ တတိယမြောက်ပုဂ္ဂိုလ်တစ်ဦးကဲ့သို့ ရည်ညွှန်းခြင်း ဖြစ်နိုင်ပါသလား။ ထူဆန်းသော အရာမဟုတ်ပါ။

ယေရှုက မိမိကိုယ်မိမိ တတိယ ပုဂ္ဂိုယ်ကဲ့သို့ ရည်ညွှန်းပြောဆိုလေ့ရှိပါသည်။ (မဿဲ ၁၆း ၂၇၊ မာကု ၉း ၂၆၊ ၅၈၊ လုကာ ၁၈း ၈၊ ယောဟန် ၈း ၂၈)တို့ကို ဖတ်ကြည့်ပါ။

ရှင်မဿဲ ၂၄း ၂၇, ၃၀ "လျှပ်စစ်သည် အရှေ့မှပြတ်၍ အနောက်တိုင်အောင် ထွန်းလင်း သကဲ့သို့၊ **လူသားသည်** ကြွလာတော်မူလတ္တံ့။ ထိုအခါ**လူသား**၏ နိမိတ်လက္ခဏာသည် ကောင်းကင်၌ ထင်ရှားလိမ့်မည်။ မြေကြီးပေါ်မှာ လူအပေါင်းတို့သည် ငိုကြွေးမြည်တမ်း ကြ၍၊ **လူသားသည်** ကြီးစွာသော ဘုန်းတန်ခိုးအာနုဘော်ကို ဆောင်လျက်၊ မိုးတိမ်ကိုစီး၍ ကြွလာတော်မူသည်ကို မြင်ရကြလိမ့်မည်။"

## ဤအကြောင်းနှင့်ပတ်သက်၍ အယ်လင်ဝိုက် ဘယ်လိုတွေးမလဲ။

"သူတက်ကြွတော်မူပြီးနောက်၊ သူသည် **လူပုဂ္ဂိုလ်အားဖြင့် အတူရှိနိုင်မည် မဟုတ်တော့ပါ။** သို့သော်လည်း **ဥပဇ္ဈာယ်ဆရာအားဖြင့် သူတို့နှင့်အတူ ရှိနေအုံးမည် ဖြစ်သည်။** ထို့ကြောင့် သူတို့ ဝမ်းနည်းငိုကြွေးလျှက် အချိန်မကုန်ဆုံးတော့ရန် ဖြစ်သည်။ (DA 277)

"ထို့နောက် ကယ်တင်ရှင်သည် သူ**၏အတူရှိခြင်းမျက်မှောက်တော်သည်** သူတို့နှင့်အတူ အမြဲရှိနေမည်ဖြစ်ကြောင်း ကတိပေးတော်မူခဲ့သည်။ သူသည် သူတို့ ကြားတွင် မျက်မြင် သွားလာတော်မူသည်ထက် **သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် သူတို့နှင့်အတူ ပိုမို နီးကပ်စွာရှိနေနိုင်မည်ဖြစ်သည်။** (MHH 48.5)

(Chiasm)စာရေးနည်း၏ အဓိကနေတွင် ယေရှုက သူ့အကြောင်းကို သူပြောရာတွင် နှစ်သိမ့်သူအဖြစ် ပြောထားပါသည်။ (ရှင်ယောဟန် ၁၄း ၁၈) အယ်လင်ဝိုက်ကလည်း ထိုအချက်ကို လက်ခံအတည်ပြုခဲ့သည်။ (ဤစာပိုဒ်များသည် ၂၀၁၇ခုနှစ်ထုတ် ပထမကွာတာ SDA ဥပုဒ်စာဖြေသင်ခန်းစာတွင် မပါဝင်ပါ။ သင်ခန်းစာက ဥပဇ္ဈာယ် ဆရာသည် ယေရှုမဟုတ်ဘဲ၊ အခြားသော ပုဂ္ဂိုလ်တစ်ပါးဖြစ်သည်ဟု ရည်ညွှန်းခဲ့သည်။

"ယုံကြည်ခြင်းအားဖြင့် ကျွန်တော်တို့ ယေရှုကို ကြည့်ရှုစဉ် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည် မှောင်မိုက်ကို ဆုတ်ဖြဲသွား၏။ သူ၏ အံ့ဖွယ်မေတ္တာတော်ကြောင့် **ဥပဇ္ဈာယ်ဆရာဖြစ်သော**

**ယေရှုကို** ကျွန်ုပ်တို့အတွက် ပေးတော်မူသောကြောင့် ဘုရားသခင်ကို ကျွန်ုပ်တို့ မြတ်နိုးရ၏။ (19MR 297-298) 1892

"ယုံကြည်သူအားလုံးအတွက် ခ**ရစ်တော်သည် ဥပဒေ့ရှာယ်ဆရာအဖြစ် လာ၏**။ သင့် ယုံကြည်စိတ်ချမှုကို သူဖိတ်ခေါ်နေပါသည်။" (8MR 57. 3) 1898

"ခရစ်တော်ကို **ကောင်းချီးခံရသော နာမတော် နှစ်သိမ့်သူ(သို့) ဥပဒေ့ရှာယ်ဆရာ**အဖြစ် သိကြရန် ဖြစ်သည်။ (Ms7-1902 (January 26, 1092) par. 10)

"အလွန်သိမ်မွေ့၍ အလွန်ဖြောင့်မတ်သော **ခရစ်တော်နှင့်တူသော နှစ်သိမ့်သူ ဥပဒေ့ရှာယ်ဆရာ မရှိပါ**။ (RH Oct 26, 1897, par. 15)

"**ကယ်တင်ရှင်သည် ကျွန်ုပ်တို့၏ နှစ်သိမ့်သူ(သို့) ဥပဒေ့ရှာယ်ဆရာဖြစ်သည်။** သူဖြစ်ကြောင်းကို ကျွန်မတွေ့ရှိခဲ့ပြီးဖြစ်သည်။ (8MR 49)

## အသင်းတော်သည် အဘယ့်ကြောင့် အားနည်းလျှက်၊ ချူချာလျှက်၊ သေအံ့ဆဲဆဲ ဖြစ်ရသနည်း။

"အသင်းတော်သည် အားနည်းလျှက်၊ ချူချာလျှက်၊ သေအံ့ဆဲဆဲကဲ့သို့ ဖြစ်နေရသည့် အကြောင်းရင်းမှာ ရန်သူသည် အားနည်းစေသည့် သဘာဝတစ်ခု၏ ဩဇာလွှမ်းမိုးမှုများကို တုန်လှုပ်ထိတ်လန့် သော ဝိညာဉ်များ ရရှိရန် ယူဆောင်လာသောကြောင့် ဖြစ်သည်။" **သူ(စာတန်)သည် ခရစ်တော်ကို သူတို့အမြင်တွင် ဥပဒေ့ရှာယ်ဆရာ**၊ ဆိုဆုံးမသူ၊ သတိပေးသူ၊ သူတို့အား "ဤလမ်းဖြစ်သည်။ ဤလမ်းတွင်လျှောက်ပါ" ဟုညွှန်ကြားသူအဖြစ်မှ **ဖုံးကွယ် ပစ်နိုင်ရန် ကြိုးစားခဲ့ပြီဖြစ်သည်။** (RH, August 26, 1890)

## ကျွန်တော်တို့၏ အားနည်းချက်ကို အောင်မြင်နိုင်ရန် ကျွန်တော်တို့ ဘာလိုအပ်သနည်း။

"ကျွန်ုပ်တို့၏ ဆင်းရဲဒုက္ခများထဲတွင် မည်သည့်အခါတွင်မျှ ကျွန်ုပ်တို့ကို စွန့်ပစ်မသွားမည့် ကူညီထောက်မသူ (helper)တစ်ဦး ကျွန်ုပ်တို့တွင် ရှိပါသည်။ စုံစမ်းနှောက်ယှက်ခြင်းကို ရုန်းကန် တွန်းလှန်ရန်၊ နတ်ဆိုးနဲ့ တိုက်ခိုက်ရန်၊ ဝမ်းနည်းမှုများ၊ ဝန်ထုပ်ဝန်ပိုးများနဲ့

ကြေမွသွားစေရန် ကျွန်ုပ်တို့ကို တစ်ဦးတစ်ယောက်တည်း ပစ်ထားမည် မဟုတ်ပါ။ သူသည် အခုတွင် သေမျိုးဖြစ်သော ကျွန်တော်တို့၏ မြင်ကွင်းမှ ပျောက်ကွယ်သွား သော်လည်း၊ “မကြောက်နှင့်၊ ငါ သင်နှင့်အတူရှိ၏” ဟူသော သူ၏အသံတော်ကို ယုံကြည်သော နားသည် ကြားနိုင်၏။” (DA 483)

ရှင်ယောဟန် ၁၄း ၁၆၊ ၁၅း ၂၆တွင်တွေ့ရသော ဥပဒ္ဒေသာယ်ဆရာဟူသော စကားလုံးသည် ပရိတ်ဘာသာတွင် “Parakletos” ဖြစ်သည်။ ထိုစကားလုံးကို ဓမ္မသစ်ကျမ်းတွင် ငါးကြိမ် အသုံးပြုထားပြီး၊ ရှင်ယောဟန်ကသာ အသုံးပြုသည်။ ၁ယော ၂း ၁တွင်မူ၊ “Parakletos” ဟူသော စကားလုံးကို အင်္ဂလိပ်ကျမ်းဘာသာပြန်ရာတွင် “Comforter” (ဥပဒ္ဒေသာယ်ဆရာ)ဟု ဘာသာပြန်ရမည့် အစား “Advocate” (အမှုဆောင်သခင်ဟု ပြန်ဆိုထားသည်ကို တွေ့ရသည်။ အမှုဆောင်သခင်ဆိုတာ ဘယ်သူလဲ။

“ချစ်သားတို့၊ သင်တို့သည် ဒုစရိုက်ကိုမပြုစေခြင်းငှာ ဤအရာများကို သင်တို့အား ငါရေး၍ပေးလိုက်၏။ တစ်စုံတစ်ယောက်သောသူသည် **ဒုစရိုက်ကိုပြုမိလျှင်၊ ဖြောင့်မတ်တော်မူသော အရှင်ယေရှုခရစ်တည်းဟူသော ငါတို့မှုဆောင်သခင်သည်** ခမည်းတော်ထံ၌ ရှိတော်မူ၏။ (၁ယော ၂း ၁)

ရှင်ယောဟန် ၁၄း ၁၅-၂၁ ၏အခြေအနေတွင် တပည့်တော်များက ယေရှုသည် သူ့အကြောင်းကို သူပြောနေခြင်းဖြစ်ကြောင်း နားလည်နိုင်ရန် အခက်တွေ့ခဲ့ကြသည်။ အကြောင်းမှာ ထိုအရာသည် မျက်စိဖြင့်မမြင်နိုင်သော ယေရှု၏ လုပ်ဆောင်ချက်နဲ့ သက်ဆိုင်နေသောကြောင့် ဖြစ်ပါသည်။

## ရှင်ယောဟန် ၁၄း ၁၅-၂၁အကြောင်းအရာနှင့်ပတ်သက်၍ ထပ်မေးမြန်သော တပည့်တော်ကို ယေရှုမည်သို့ ဖြေကြားခဲ့သနည်း။

“ယုဒရှကာယုတ်မဟုတ်၊ အခြားသောယုဒက၊ သခင်၊ ကိုယ်တော်သည် လောကီသားတို့အား မထင်ရှားဘဲ အကျွန်ုပ်တို့အား အဘယ်သို့ ထင်ရှားတော်မူမည်နည်းဟု မေးလျှောက်၏။ ယေရှုကလည်း၊ ငါ့ကိုချစ်သောသူသည် **ငါ့စကားကို နားထောင်လိမ့်မည်။**

ငါ့ခမည်းတော်သည် ထိုသူကို ချစ်တော်မူသည်။ **ငါတို့** (ခမည်းတော်နဲ့ သားတော်) သည်လည်း၊ သူဆီသို့ကြွ၍ နေရာချမည်။ ရှင်ယောဟန် ၁၄း ၂၂-၂၃

**ယေရှုရဲ့စကားဆိုတာ ဘာလဲ။**

"ဝိညာဉ်သာလျှင် အသက်ရှင်စေ၏။ ကိုယ်ကာယသည် အလျှင်းမတတ်နိုင်။ **ငါပြောသော စကားသည် ဝိညာဉ်ဖြစ်၏။ အသက်လည်းဖြစ်၏။** (ရှင်ယောဟန် ၆း ၆၃)

**ဤကျမ်းချက်အကြောင်း အယ်လင်ဝှိုက် မည်သို့ပြောထားသနည်း။**

"ဝိညာဉ်သာလျှင် အသက်ရှင်စေ၏။ ကိုယ်ကာသည် အလျှင်းမတတ်နိုင်။ ငါပြောသော စကားသည် ဝိညာဉ်ဖြစ်၏။ အသက်လည်းဖြစ်၏။ **ခရစ်တော်သည် ဤနေရာတွင် သူ၏ ဒေသနာတော်အကြောင်းကို ရည်ညွှန်းနေသည်မဟုတ်ပါ။ ဘုရားဇာတိ နှင့်ပြည့်စုံသော သူ၏သွင်ပြင်လက္ခဏာဖြစ်သည့် သူ၏ပုဂ္ဂိုလ်အသွင်ကို ရည်ညွှန်းနေခြင်း ဖြစ်ပါသည်။** (9T 135) 1909

"သင်တို့သည် များစွာသော အသီးကို သီးသောအားဖြင့် ငါ့ခမည်းတော်သည် ဘုန်းထင်ရှားတော်မူ၏"ဟု ယေရှုပြောခဲ့သည်။ သင့်အားဖြင့် သူ၏ပင်ကိုယ်အသွင်ပြင် စရိုက်ဖြစ်သော သန့်ရှင်းခြင်း၊ စေတနာသဒ္ဒါတရား၊ အကြင်နာမေတ္တာတရားတို့သည် သင့်အားဖြင့် ထင်ရှားနိုင်ရန် ဘုရားသခင်အလိုတော်ရှိ၏။ သို့သော်လည်း ကယ်တင်ရှင်က တပည့်တော်များ၏ လုပ်ဆောင်ချက် အသီး သီးလာစေရန် အမိန့်မပေးပါ။ သူ၌ တည်ရန်သာ ပြောခဲ့သည်။ "သင်တို့သည် ငါ၌တည်၍ ငါ့စကားသည် သင်တို့၌တည်လျှင်၊ သင်တို့သည် တောင်းချင်သမျှကို တောင်း၍ရကြလိမ့်မည်။" (ရှင်ယောဟန် ၁၅း ၇)ဟု ကိုယ်တော်ပြောခဲ့သည်။ **ခရစ်တော်သည် တပည့်များထံ သူ၏စကား (သို့) နှုတ်ကပတ်တော် အားဖြင့်တည်၏။** သူ၏ အသားကို စားခြင်းနှင့် အသွေးကိုသောက်ခြင်းအားဖြင့် ကိုယ်စား ပြုဖော်ပြသည့် တူညီသော ပေါင်းစည်းခြင်း ပဓာနပင်ဖြစ်သည်။ **ခရစ်တော်၏ စကားသည် ဝိညာဉ်ဖြစ်သည်။ အသက်ဖြစ်သည်။** ထိုစကားကို လက်ခံရရှိခြင်းသည် စပျစ်နွယ်ပင်၏ အသက်ကို သင်ရရှိခြင်းပင်ဖြစ်သည်။ သင်သည် "ဘုရားသခင် မိန့်တော်မူသမျှအားဖြင့်"

အသက်ရှင်နေခြင်းဖြစ်သည်။(မဿဲ ၄း၄) သင့်အထဲတွင်ရှိသော ခရစ်တော်၏ အသက်သည် သူ၏အထဲတွင်ရှိသော အသီးမျိုးကို သီးလိမ့်မည်။ ခရစ်တော်၌ အသက်ရှင်ခြင်း၊ ခရစ်တော်၌ တည်နေခြင်း၊ ခရစ်တော်၏ ထောက်ပံ့ခြင်း၊ ခရစ်တော်ထံမှ ဖွံ့ဖြိုးကြီးထွားခြင်းကို ဆွဲယူခြင်းအားဖြင့် သင်သည် ခရစ်တော် သီးသော အသီးကဲ့သို့သော အသီးမျိုး သီးလိမ့်မည်။ (DA 677)

"ဝိညာဉ်တော်ကို ပေးခြင်းသည် ခရစ်တော်၏ အသက်ကို ပေးခြင်းဖြစ်သည်။" (DA 805)

"တက်ကြွတော်မူပြီးနောက် သူ၏နေရာကို အစားထိုးယူမည့် အမြင့်ဆုံးသော ဆုကျေးဇူးဖြစ်သည့် ဥပဗ္ဗာယ်ဆရာကို သူ၏အသင်းတော်ထံ စေလွှတ်မည်ဟု ခရစ်တော် ကြေငြာခဲ့ပါသည်။ ဥပဗ္ဗာယ်ဆရာသည် သန့်ရှင်းသော ဝိညာဉ်တော်၊ သူ့အသက်၏ ဝိညာဉ်၊ သူ့အသင်းတော်၏ စွမ်းအင်၊ လောက၏ အသက်နှင့် အလင်းတရားဖြစ်သည်။ သူ၏ ဝိညာဉ်တော်အားဖြင့် ပြန်လည်သင့်မြတ်ခြင်း အစွမ်းတန်ခိုးနှင့် အပြစ်ကို ဖယ်ရှားနိုင်သော တန်ခိုးကို ခရစ်တော် စေလွှတ်ခဲ့သည်။" (RH, May 19, 1904 par. 1)

"သန့်ရှင်းသော ဝိညာဉ်တော်၏ ဩဇာတန်ခိုးသည် **ဝိညာဉ်ထဲရှိ ခရစ်တော်၏ အသက်တော်ဖြစ်သည်**။" (4MR 332. 5) 1896

ရှင်ယောဟန် ၁၄း၂၃တွင် ယေရှုက "ငါ့ကိုချစ်သောသူသည် ငါ့စကားကို နားထောင်လိမ့်မည်။ ငါ့ခမည်းတော်သည် ထိုသူကို ချစ်တော်မူမည်။ **ငါတို့သည်လည်း သူဆီသို့ကြွ၍ နေရာချမည်**။"ဟုပြောခဲ့သည်။ ဖတ်ကြည့်ပါက ယေရှုသည် သူကိုယ်တိုင်နှင့် သူ၏ ခမည်းတော်ကို "**ငါတို့**"ဟု ပြောနေခြင်းဖြစ်ကြောင်း လွယ်ကူစွာ နားလည်နိုင်ပါသည်။ အယ်လင်ဝှိုက်၏ အဆိုပြုချက်တစ်ခုကလည်း ထောက်ခံထားပါသည်။

"ဝိညာဉ်တော်အားဖြင့် **ခမည်းတော်နှင့် သားတော်သည်** ကြွလာ၍ သင်နှင့်အတူ **သူတို့နေရာချ**ကြလိမ့်မည်။" (BEcho, January 15, 1893)

**ခမည်းတော်နှင့် သားတော်၌ အစဉ်တစိုက်သော ယုံကြည်ခြင်းရှိခြင်းကို အယ်လင်ဝှိုက်မည်သို့ ထုတ်ဖော်ပြောဆိုခဲ့သနည်း။**

“သားတော်ကို ယုံကြည်သောသူသည် ခမည်းတော်ကိုလည်း ရ၏။ ခမည်းတော်နှင့် သားတော်ကို အစဉ်တစိုက် ယုံကြည်သောသူတို့သည် ဝိညာဉ်တော်ကိုလည်း ရ၏။ သန့်ရှင်းသော ဝိညာဉ်တော်သည် သူ၏ဥပဇ္ဈာယ်ဆရာဖြစ်သည်။ ထိုသူသည် အမှန်တရားမှ မည်သည့်အခါမျှ လမ်းလွဲသွားမည်မဟုတ်ပါ။ (BTS March 1, 1906 par. 6)

## ဥပဇ္ဈာယ်ဆရာကြွလာမည့် အကြောင်းဖြစ်သော ရှင်ယောဟန် ၁၅း၂၆၊ ၁၄း၂၆။

ရှင်ယောဟန် ၁၅း၂၆ “ခမည်းတော်ထံမှ ထွက်လာ၍ သမ္မာတရားနှင့် ပြည့်စုံသော ဝိညာဉ်တော်တည်းဟူသော ခမည်းတော်ထံမှ သင်တို့ဆီသို့ ငါစေလွှတ်လတ္တံ့သော ဥပဇ္ဈာယ်ဆရာသည် ရောက်လာသောအခါ ငါ၏အကြောင်းကို သက်သေခံလိမ့်မည်။”

၁။ ဒီနေရာမှာ ဘယ်သူက ဥပဇ္ဈာယ်ဆရာကို စေလွှတ်တာလဲ။

“ခမည်းတော်ထံမှ သင်တို့ဆီသို့ ငါစေလွှတ်လတ္တံ့သော ဥပဇ္ဈာယ်ဆရာသည်”

၂။ ဥပဇ္ဈာယ်ဆရာက ဘယ်ကလာတာလဲ။

“ခမည်းတော်ထံမှ ထွက်လာ၍”

## ဥပဇ္ဈာယ်ဆရာကို ကျွန်ုပ်တို့ ရောက်လာသောအခါ မည်သည့်အရာကို ကျွန်ုပ်တို့ နားလည်ကြမည်နည်း။

ရှင်ယောဟန် ၁၄း၂၀ “ငါသည် ခမည်းတော်၌ ရှိသည်ကိုလည်းကောင်း၊ သင်တို့သည် ငါ၌ရှိသည်ကိုလည်းကောင်း၊ ငါသည် သင်တို့၌ ရှိသည်ကိုလည်းကောင်း၊ ထိုနေ့၌ သင်တို့သည် သိရကြလိမ့်မည်။

သန့်ရှင်းသော ဝိညာဉ်တော်သည် ငါပြောသောစကားတို့ကို မှတ်မိသော ဉာဏ်ကိုပေးမည်ဟု ယေရှုပြောသောအခါ သူသည် သူ့အကြောင်းကိုသူ တင်စား၍ ပြောနေခြင်းဖြစ်သည်။

“ခမည်းတော်သည် ငါ့အတွက်ကြောင့် စေလွှတ်တော်မူသော ဥပဇ္ဈာယ်ဆရာ တည်းဟူသော သန့်ရှင်းသော ဝိညာဉ်တော်သည် (ခရစ်တော်၏ မျက်စိဖြင့်မမြင်နိုင်သော အတူရှိခြင်း မျက်မှောက်တော်) သင်တို့အား ခပ်သိမ်းသောအရာတို့ကို ပြသသွန်သင်တော်မူ၍၊

**ငါပြောခဲ့သမျှသော စကားတို့ကို မှတ်မိသောဉာဏ်ကို သင်တို့အား ပေးတော်မူမည်**။
ရှင်ယောဟန် ၁၄း ၂၆

သုံးပါးပေါင်းတစ်ဆူဘုရား ယုံကြည်သောသူတို့သည် ဝိညာဉ်တော်သည် ခရစ်တော်၊ ခမည်းတော်တို့မဟုတ်ဘဲ၊ အခြားသီးခြားတည်ရှိသော ပုဂ္ဂိုလ်တစ်ပါးဖြစ်မည်ဟု ယုံကြည်သည်။ ကျမ်းချက်တွင် ပုံဥပမာအားဖြင့် တင်စားပြောဆိုခြင်းမဟုတ်ဘဲ၊ အရှိတရားအတိုင်း တိုက်ရိုက်အဓိပ္ပာယ်ဖြင့် ပြောခြင်းဖြစ်သည်ဟု ယုံကြည်ကြသည်။ ရှင်ယောဟန် ၁၄, ၁၅,၁၆တွင် ယေရှုသည် အရှိအတိုင်း တိုက်ရိုက်အဓိပ္ပာယ်ဖြင့်ပြောခြင်း မဟုတ်ကြောင်း ကျွန်တော်တို့ မည်သို့ သိနိုင်မည်နည်း။

"**ဤအရာတို့ကို ပုံဥပမာအားဖြင့် ငါဟောပြော၏။** ပုံဥပမာအားဖြင့် မဟော မပြောဘဲ၊ ခမည်းတော်နှင့် စပ်ဆိုင်သောအရာတို့ကို သင်တို့အား အတည်အလင်း ဖော်ပြသော အချိန်ကာလရောက်လိမ့်မည်။" ရှင်ယောဟန် ၁၆း ၂၅

ခရစ်တော်၏ အမှုတော်ကို(ခရစ်တော်သည် ငြင်းပယ်ခံရမည်ဖြစ်သောကြောင့် ဧဝံဂေလိ သတင်းကောင်းသည် အခြားလူမျိုးများထံရောက်သွားခြင်း) နားလည်ရန် ငြင်းဆန်ခဲ့ကြ သောကြောင့် တပည့်တော်များ နားမလည်နိုင်သော အရာများစွာ ရှိနေပါသည်။ ဘုရားသခင် သည် လူသားအားလုံးထံ မိမိကိုယ်မိမိ မည်သို့ ထင်ရှားမည်ကို သူတို့ နားမလည်နိုင်ကြချေ။ ထိုအချိန်တွင် ခရစ်တော်သည် "လူ့ဇာတိဖြင့်ကန့်သတ်ထားသောကြောင့်" ဘုန်းတော်မပွင့် သေးပါ။ ထို့ကြောင့် နေရာတိုင်း၊ အရပ်ရပ်တိုင်းတွင် ကိုယ်တိုင်ကိုယ်ကျ ရှိမနေနိုင်သေးပါ။

"ဘုရားသခင်သည် လူသားအားဖြင့် ဘုန်းတော်ထင်ရှားခြင်းရှိလျှင်၊ ဘုရားသခင်သည် ကိုယ်တော်တိုင်အားဖြင့် သူ၏ဘုန်းကို ထင်ရှားစေတော်မူလိမ့်မည်။ ကာလမကြာမမြင့်မီ သူ၏ဘုန်းကို ထင်ရှားစေတော်မူလိမ့်မည်။ ချစ်သားတို့၊ ငါသည် သင်တို့နှင့်အတူ ခဏသာ နေရ၏။ သင်တို့သည် ငါ့ကိုရှာကြလိမ့်မည်။ ငါသွားရာ အရပ်သို့ သင်တို့မရောက်နိုင်ကြဟု ယုဒလူတို့အား ငါပြောသကဲ့သို့ ယခုသင်တို့အား ငါပြော၏။ (ရှင်ယောဟန် ၁၃း ၃၂-၃၃)

“ငါအမှန်အကန်ဆိုသည်ကား၊ ငါသွားလျှင် သင်တို့အကျိုးရှိလိမ့်မည်။ အကြောင်းမူကား၊ ငါမသွားလျှင် ဥပဒ္ဒေသျှာယ်ဆရာသည် သင်တို့ဆီသို့မလာ။ ငါသွားလျှင် ထိုသူကို သင်တို့ဆီသို့ ငါစေလွှတ်မည်။ (ရှင်ယောဟန် ၁၆း ၇)

(ဥပဒ္ဒေသျှာယ်ဆရာ ပုံဥပမာအကြောင်း Nader Mansour၏ တင်ပြချက်။ ၃၄မိနစ်။ [https://youtu.be/jAYcGYQ7Wo](https://youtu.be/jAYcGYQ7Wo))

**ကောင်းကင်တက်ကြွသွားပြီးနောက် ခရစ်တော်၏ ကျွန်ုပ်တို့နှင့်အတူရှိခြင်းကို အယ်လင်ဝှိုက် မည်သို့ ရှင်ပြထားသနည်း။**

“လူ့ဇာတိအားဖြင့် ကန့်သတ်ထားသောကြောင့်၊ ခရစ်တော်သည် နေရာတိုင်း၊ အရပ်ရပ်တိုင်းတွင် ကိုယ်တိုင်ကိုယ်ကျ အတူရှိမနေနိုင်ပါ။ ထို့ကြောင့် သူတို့ကိုထားခဲ့၍၊ သူ၏ ခမည်းတော်ထံသွား၍  သန့်ရှင်းသော ဝိညာဉ်တော်ကို ဤကမ္ဘာတွင် သူ့အရိုက်အရာ ဆက်ခံသူအဖြစ်စေလွှတ်ခြင်းသည် သူတို့အကျိုးအတွက်ဖြစ်သည်။ **သန့်ရှင်းသော ဝိညာဉ်တော်ဆိုသည်မှာ လူ့ဇာတိ ကိုယ်ရည်ကိုယ်သွေး (သို့) စရိုက် လက္ခဏာကို ချွတ်ပယ် ရှုတ်သိမ်းထားသော သူကိုယ်တိုင်ဖြစ်သည်။ ထို့ကြောင့် ချုပ်ချယ်မှုမရှိဘဲ လွတ်လပ်သည်။ သူသည် နေရာတိုင်း၊ အရပ်တကာတိုင်းတွင် တပြိုင်တည်း တည်ရှိနိုင်သောသူ၏ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် မိမိကိုယ်မိမိ သရုပ်ဖော်ထားခြင်းဖြစ်သည်။**
“ခမည်းတော်သည် ငါ့အတွက်ကြောင့် စေလွှတ်တော်မူသော ဥပဒ္ဒေသျှာယ်ဆရာ တည်းဟူသော သန့်ရှင်းသော ဝိညာဉ်တော်သည် (သင်၏ မျက်စိဖြင့်မမြင်နိုင်သော်လည်း) <ကွင်းဖြင့်ဖော်ပြထားသော စကားစုကို အယ်လင်ထည့်သွင်းသည်> သင်တို့အား ခပ်သိမ်းသောအရာတို့ကို ပြသသွန်သင်တော်မူ၍၊ ငါပြောခဲ့သမျှသော စကားတို့ကို မှတ်မိသောဉာဏ်ကို သင်တို့အား ပေးတော်မူမည်။ ရှင်ယောဟန် ၁၄း ၂၆

“ငါအမှန်အကန်ဆိုသည်ကား၊ ငါသွားလျှင် သင်တို့အကျိုးရှိလိမ့်မည်။ အကြောင်းမူကား၊ ငါမသွားလျှင် ဥပဒ္ဒေသျှာယ်ဆရာသည် သင်တို့ဆီသို့မလာ။ ငါသွားလျှင် ထိုသူကို သင်တို့ဆီသို့ ငါစေလွှတ်မည်။ (ရှင်ယောဟန် ၁၆း ၇) (14MR 23.3)

သုံးပါးပေါင်းတစ်ဆူ ယုံကြည်များ၏ ရှုထောင့်တွင် ဤကိုးကားချက်ကို ကွဲပြားစွာ နားလည်တွေးထင်ကြသည်။

"သန့်ရှင်းသော ဝိညာဉ်တော်သည် သူကိုယ်တိုင်(**ဝိညာဉ်တော်**) လူ့ဇာတိ၏ ကိုယ်ရည်ကိုယ်သွေး (သို့) စရိုက်လက္ခဏာကို ချွတ်ပယ်သည်။ ထို့ကြောင့် ချုပ်ချယ်ကန့်သတ် ချက်မရှိတော့ဘဲ လွတ်လပ်သည်။ သူသည် (**ဝိညာဉ်တော်**) နေရာတိုင်း၊ အရပ်တကာ တိုင်းတွင် တပြိုင်တည်း တည်ရှိနိုင်သော (omnipresent)၊ သူ၏သန့်ရှင်း သော ဝိညာဉ်တော်အားဖြင့် မိမိကိုယ်မိမိ(**ဝိညာဉ်တော်**) သရုပ်ဖော်ထားခြင်းဖြစ်သည်။

ထိုအမြင်သည် မှန်ကန်မှုမရှိပါ။ ထိုကိုးကားချက်ကို အထက်ကပုံစံအတိုင်း ဖတ်ရန် ဖြစ်နိုင်ပါသလား။ အဘယ့်ကြောင့် ဝိညာဉ်တော်သည် မိမိကိုယ်မိမိ နေရာတိုင်း၊ အရပ်တကာ တိုင်းတွင် တပြိုင်တည်း တည်ရှိနိုင်သော (omnipresent)၊ သူ၏သန့်ရှင်း သော ဝိညာဉ်တော်အဖြစ် သရုပ်ဖော်မည်နည်း။ သန့်ရှင်းသော ဝိညာဉ်တော်တွင် ဝိညာဉ်ရှိ သေးသလော။ သန့်ရှင်းသော ဝိညာဉ်တော်သည် ခမည်းတော်၊ သားတော်တို့ကဲ့သို့ သီးခြား တည်ရှိသော သက်ရှိတစ်ပါးဆိုလျှင် သူ့ထံတွင်လည်း ဝိညာဉ်ရှိရမည်။ သို့သော်လည်း ထိုစာပိုဒ်ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုပုံအတွက် အချိန်ကုန်ရန်မလိုပါ။ အကြောင်းမှာ အယ်လင်ဝှိုက် ကိုယ်တိုင် တစ်နေရာတွင် ရှင်းပြထားသောကြောင့် ဖြစ်သည်။

**"ယေရှုခရစ်တော်ဖြစ်သော သန့်ရှင်းသော ဝိညာဉ်တော်ကို ကျွန်ုပ်တို့ အလိုရှိသည်။**" (Lt66-1894 (April 10, 1894) par. 18) – EGW (အောက်တွင် ကိုးကားချက်အပြည့်အစုံကို ဖတ်ပါ)

"သင်တို့တွင် တစ်စုံတစ်ယောက်သောသူတို့သည် ပညာကိုလိုလျှင်၊ ကဲ့ရဲ့ပြစ်တင်ခြင်းကို ပြုတော်မမူဘဲ၊ ခပ်သိမ်းသော သူတို့အား စေသနာစိတ်နှင့် ပေးသနားတော်မူသော ဘုရားသခင်ကို တောင်းစေ၊ တောင်းလျှင် ရလိမ့်မည်။" (ယာကုပ် ၁း ၅) "ငါတို့သည် ပညတ်တော်ကို စောင့်ရှောက်၍၊ နှစ်သက်တော်မူသော အကျင့်တို့ကို ကျင့်ကြသောကြောင့်၊ ဆုတောင်းသမျှတို့ကို ဘုရားသခင့်ထံတော်မှ ရကြ၏" (၁ယော ၃း ၂၂) ဘုရားသခင်၏ သားတော်သည် ကြွလာ၍၊ မှန်သောဘုရားသခင် (ခမည်းတော်)ကို သိသောဉာဏ်ကို

ငါတို့အား ပေးတော်မူသည်ကိုလည်းကောင်း၊ ငါတို့သိကြ၏။ မှန်သောဘုရားသခင် (ခမည်းတော်) ၌လည်းကောင်း၊ သားတော်ယေရှုခရစ်၌လည်းကောင်း ငါတို့သည် တည်လျက်ရှိကြ၏။ ထိုသူသည် မှန်သောဘုရားသခင်(ခမည်းတော်) ဖြစ်တော်မူ၏။ ထာဝရအသက်လည်းဖြစ်တော်မူ၏။ ချစ်သားတို့၊ ရုပ်တုဆင်းတုကို ကြဉ်ရှောင်ကြလော့။ (၁ယော ၅း၂၀) ကိုယ်တော်သည် များမကြာမီ ကြွလာတော့မည်။ ကိုယ်တော်တစ်ပါးတည်းသာ ပေးနိုင်သော ပြီးပြည့်စုံသော နားလည်ခြင်းကို ကျွန်ုပ်တို့အလိုရှိသည်။ ဝိညာဉ်ကို အခြားသူထံမှ ရရှိခြင်းသည် အန္တရယ်ရှိသည်။ **ယေရှုခရစ်တော် ဖြစ်တော်မူသော သန့်ရှင်းသော ဝိညာဉ်တော်ကို ကျွန်ုပ်တို့ အလိုရှိသည်**။ ဘုရားသခင်နှင့် ကျွန်ုပ်တို့အတူ မိတ်သဟာယဖွဲ့ခြင်းရှိပါက အစွမ်းခွန်အား၊ ကျေးဇူးတော်၊ အစွမ်းသတ္တိတို့ကို ရရှိကြလိမ့်မည်။ (Lt66-1894 (April 10,1894) par. 18)

အထက်ပါ ပုံနှိပ်ထုတ်ဝေခြင်းမရှိသော အယ်လင်ဝှိုက်၏ အဆိုပြုချက်အကြောင်း - www.Theos.Institute/heavenly-trio/

၂ကော ၃း ၁၇တွင်လည်း ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။

“သူတို့စိတ်နှလုံးသည် မိုက်မဲလျက်ရှိ၍ ယခုတိုင်အောင် ဓမ္မဟောင်းကျမ်းစာကို ဖတ်ကြသောအခါ အနက်အဓိပ္ပာယ်သည် ဖုံးအုပ်လျက်ရှိ၏။ အကြောင်းမူကား၊ ခရစ်တော်အားဖြင့်သာ ထိုဖုံးအုပ်ခြင်းအကြောင်းကို ပယ်ရှင်းရ၏။ ယခုတိုင်အောင်လည်း မောရှေ၏ ကျမ်းစာကို ဖတ်ကြသောအခါ သူတို့စိတ်နှလုံးသည် ဖုံးအုပ်လျက်ရှိသေး၏။ သို့သော်လည်း သခင်ဘုရားထံတော်သို့ ပြောင်းလဲသောအခါ ထိုဖုံးအုပ်ခြင်း အကြောင်းကို ပယ်ရှင်းလိမ့်မည်။ **သခင်ဘုရား(ယေရှု)ဟုဆိုသော် ဝိညာဉ်တော်တရားကို ဆိုလိုသတည်း**။ သခင်ဘုရား(ယေရှု)၏ ဝိညာဉ်တော်တရားသည် လွတ်ခြင်းချမ်းသာကို ပေးတတ်၏။

၁။ ဝိညာဉ်တစ်ဝိညာဉ်တည်းရှိ၏။ - ဧဖက် ၄း ၄

၂။ ဥပဒ္ဒေါသယ်ဆရာတည်းဟူသော သန့်ရှင်းသော ဝိညာဉ်တော်။ - ရှင်ယောဟန် ၁၄း ၂၆

၃။ ဝိညာဉ်တော်သည် သခင်ဘုရား (Lord) - ၂ကော ၃း ၁၄-၁၇

၄။ သခင်ဘုရားသည် (Lord) ယေရှု - ၁ကော ၈း ၅-၆

ရောမ ၈း ၁၅၊ တွင်တွေ့ရသော (spirit of adoption) သည် ခရစ်တော်၊ ခမည်းတော်တို့ မဟုတ်ဘဲ အခြားသော သီးခြားတည်ရှိသော သက်ရှိတစ်ပါးအဖြစ် နားလည်ရမည်လော။ ထိုကျမ်းချက်ကို ဂလာတိ ၄း၆ နှင့် နှိုင်းယှဉ်လျှင် ပို၍ ရှင်းလင်းပါသည်။

(မှတ်ချက်။ ယုဒသာန်ပြန်ဆိုသော မြန်မာကျမ်းတွင် "Spirit of adoption"ဟူသော အသုံးနှုန်းမျိုးမတွေ့ရပါ။ "သားဖြစ်ခြင်း၏ သဘော" ဟုသာသုံးနှုန်ထား၍ ရှုပ်စရာမရှိပါ။)

"အကြောင်းမူကား၊ ငါတို့သည် တစ်ဖန် ကြောက်ရွံ့တတ်သော ကျွန်သဘောကို ရကြသည်မဟုတ်။ အဗ္ဗအဘဟုခေါ်သောအခွင့်နှင့် သားဖြစ်ခြင်း၏ သဘောကိုရကြပြီ။ (ရောမ ၈း ၁၅)

"For ye have not received the spirit of bondage again to fear; but ye have received the **Spirit of adoption**, **whereby we cry, Abba, Father**" (Romans 8:15)

"And because ye are sons, God hath sent forth the **Spirit of his Son** into your hearts, **crying, Abba, Father**" (Galatians 4:6)

ထိုသို့ သခင်တို့သည် သားဖြစ်သောကြောင့် အဗ္ဗအဘဟုခေါ်တတ်သော **သားတော်၏ ဝိညာဉ်တော်**ကို သင်တိုစိတ်နှလုံးထဲသို့ ဘုရားသခင် စေလွှတ်တော်မူ၏။ (ဂလာတိ ၄း ၆)

"ကျမ်းစာလာသည်ကား၊ ရှေးဦးစွာသော လူအာဒံသည် အသက်ရှင်သော သတ္တဝါဖြစ်၏ဟု လာသတည်း။ ယခုတွင် **နောက်ဆုံးဖြစ်သော အာဒံမူကား၊ အသက်ရှင်စေတတ်သော ဝိညာဉ်ဖြစ်၏**။" (၁ကော ၁၅း ၄၅)

"စိတ်နှလုံး သဘောသစ်ကို ရပြီးလျှင်၊ မှန်သောဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း ပါရမီအားဖြင့် ဘုရားသင်နှင့်အတူအမျှ ဖန်ဆင်းသော **လူသစ်ကို ယူတင်ဝတ်ဆောင်မည်**အကြောင်း၊ ခရစ်တော်၏ စကားကို ကြားနာရသည်ဖြစ်၍၊ (ဖေက် ၄း ၂၂-၂၃)

"သို့သော်လည်း၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကျိန်းဝပ်တော်မူလျှင်၊ **သင်တို့သည် ဇာတိပကတိဘက်၌ ရှိကြသည်မဟုတ်။ ဝိညဉ်ပကတိဘက်၌ ရှိကြ၏။ ခရစ်တော်၏ ဝိညာဉ်ကိုမရသော** သူမည်သည်ကား၊ ခရစ်တော်နှင့်မဆိုင်။ **ခရစ်တော်သည် သင်တို့အထဲ၌ရှိတော်မူလျှင်၊** ကိုယ်ကာယသည် အပြစ်ကြောင့် အသေဖြစ်သော်လည်း **ဝိညာဉ်မူကား၊** ဖြောင့်မတ်ခြင်းကြောင့် **အသက်ရှင်လျက်ရှိ၏။** (ရောမ ၈း ၉-၁၀)

"ယေရှုက၊ **ငါသည်** လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ **အသက်**လည်းဖြစ်၏။ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ။" (ရှင်ယောဟန် ၁၄း ၆)

## ကျွန်ုပ်တို့၏ နှလုံးသားထဲ ဝင်လာသောသူသည် အဘယ်သူနည်း။

"ငါသည် တံခါးရှေ့မှာရပ်၍ ခေါက်လျက်နေ၏။ အကြင်သူသည် ငါ၏အသံကို ကြား၍ တံခါးကိုဖွင့်အံ့၊ **ထိုသူရှိရာသို့ ငါဝင်၍** သူနှင့်အတူ စားသောက်မည်။ သူသည်လည်း ငါနှင့်အတူ စားသောက်ရလိမ့်မည်။ **ငါသည်**အောင်မြင်၍ **ငါ့ခမည်းတော်**၏ ပလ္လင်ပေါ်မှာ ခမည်းတော်နှင့်အတူ ထိုင်နေသကဲ့သို့၊ အောင်မြင်သောသူသည် ငါ၏ပလ္လင်ပေါ်မှာ ငါနှင့်အတူ ထိုင်ရသောအခွင့်ကို ငါပေးမည်။ **ဝိညာဉ်တော်သည်** အသင်းတော်တို့အား အဘယ်သို့ မိန့်တော်မူသည်ကို နားရှိသော သူမည်သည်ကား ကြားပါစေဟု မိန့်တော်မူ၏။" ဗျာဒိတ်ကျမ်း ၃း ၂၀-၂၂

## ခရစ်တော်ကို ကျွန်ုပ်တို နှလုံးသားထဲတွင် ရရှိခြင်းဆိုသည်မှာ အဘယ်နည်း။

"ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်ပေါ်မှာ အသေခံပြီ။ သို့သော်လည်း အသက်ရှင်သေး၏။ ထိုသို့ဆိုသော် ငါသည်ကိုယ်တိုင်မရှင်၊ **ခရစ်တော်သည် ငါ၌ရှင်တော်မူ၏။** ကိုယ်ခန္ဓာ၌ ယခုငါရှင်သော အသက်သည်။ ဘုရားသခင်၏ သားတော်ကို ယုံကြည်ခြင်းအားဖြင့် တည်၏။ သားတော်သည် ငါ့ကိုချစ်၍ ငါ့အဖို့ ကိုယ်ကိုကိုယ် စွန့်တော်မူ၏။" ဂလာတိ ၂း ၂၀

“**ကျွန်ုပ်တို့သည် သူနှင့် တစ်ဝိညာဉ်တည်း ဖြစ်လာစေရန်** ခရစ်တော်သည် ကျွန်ုပ်တို့နှင့် တစ်ကိုယ်တစ်သားတည်း ဖြစ်လာ၏။ ပေါင်းစည်းခြင်း အစွမ်းအားဖြင့် ကျွန်ုပ်တို့သည် သင်္ချိုင်းမှ ထမြောက်လာမည်ဖြစ်သည်။ ခရစ်တော်၏ တန်ခိုးတော် ထင်ရှားဖို့ရန် အတွက်သာမဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် ယုံကြည်ခြင်းအားဖြင့် သူ၏အသက် သည် ကျွန်ုပ်တို့၏အသက် ဖြစ်လာသောကြောင့်ဖြစ်သည်။ **ခရစ်တော်ကို သူ၏ စစ်မှန်သော စရိုက်၊ လက္ခဏာ၊ အသွင်ပြင်အားဖြင့် မြင်၍ သူတို့ နှလုံးသားထဲတွင် ရရှိသော သူတို့သည် ထာဝရအသက်ကို ရ၏။** ခရစ်တော်သည် ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့အထဲတွင် နေတော်မူ၏။ ဘုရားသခင်၏ ဝိညာဉ်တော်ကို ယုံကြည်ခြင်း အားဖြင့် နှလုံးသားထဲတွင် ရရှိခြင်းသည် ထာဝရအသက်၏ အစဖြစ်သည်။ (DA 676)

“ခရစ်တော်၌ တည်ခြင်းဆိုသည်မှာ သူ၏ဝိညာဉ်တော်ကို အစဉ်အဆက်မပြတ် လက်ခံရရှိခြင်းဖြစ်သည်။ သူ၏အမှုတော်တွင် ရှိသမျှစွန့်၍ လုံးလုံးလျားလျား၊ အပြည့်ဝ အပ်နှံခြင်း အသက်တာဖြစ်သည်။

**ယုံကြည်သူများ ဘာကို လိုချင်ကြသနည်း။**

“**ခရစ်တော်၏ ချိုမြိန်သော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အကြားတွင် လွတ်လပ်စွာ ရရှိရန် ကျွန်ုပ်တို့အလိုရှိ၏။** ဤနေရာတွင် ကယ်တင်ခြင်း ရေစီးဆင်း၍၊ စိတ်ဓာတ် ကျစရာလွှမ်းမိုးမှုများ၊ လောကကြီး၏ ဝိညာဉ်မှ ကင်းဝေးရန် ကျွန်ုပ်တို့အလိုရှိပါသည်။ “အထက်တွင်ရှိသော ဘုရားသခင့် နှလုံးတော်၏ နှစ်သက်မြတ်နိုးခြင်း ဖြစ်ကြလော့။” **ကောင်းကင်တမန်များ၊ ယေရှုနှင့် ဘုရားသခင့်အထံတော်သို့ နည်းနည်းချင်း သာ၍ နီးကပ်ပါ**။ ကောင်းကင်၏ ဘိသိက်ပေးခြင်း ခံယူလျှက်၊ အိမ်တော်အထိ သင်နှင့်အတူ ယူဆောင်သွားပါ။ (RH, August 17, 1869 par. 10)

“**သူသည် ယနေ့ သူ၏ဝိညာဉ်တော်အားဖြင့် လာနေသည်။ ယခုပင် သူ့ကို အသိမှတ်ပြု ကြပါစို့။** သို့မှသာ ကောင်းကင်ရှိ မိုးတိမ်ကိုစီးလျှက်၊ ကြီးမားသော ဘုန်းတန်ခိုး အာနုဘော်ဖြင့် ကြွလာသောအခါ ကျွန်ုပ်တို့ သူကို့အသိမှတ်ပြုကြမည်ဖြစ်သည်။” (RH, April 30, 1901 par. 8)

ဤနေရာတွင် အယ်လင်ဝှိုက် မှတ်ချက်ပြုသော အဓိကအချက်ကို သတိရပါ။ ယနေ့ ဝိညာဉ်တော်အားဖြင့်လာနေသော ယေရှုကို ကျွန်ုပ်တို့ အသိမှတ်မပြုပါက သူတစ်ဖန် ပြန်လာသောအခါ ကျွန်ုပ်တို့ သူ့ကိုမှတ်မိမည်မဟုတ်ပါ။ ဥပဇ္ဈာယ်ဆရာဟူသော ကောင်းချီးခံရသော နာမတော်သည် ခရစ်တော်ကို ရည်ညွှန်းနေခြင်း မဟုတ်ပါလော။ ဥပဇ္ဈာယ်ဆရာဆိုသည်မှာ ခရစ်တော်သည် ကိုယ်ခန္ဓာအားဖြင့်မဟုတ်ဘဲ၊ မျက်စိဖြင့်မမြင် နိုင်သော အခြားတစ်မျိုးသော အသွင်ဖြစ်သော၊ နေရာတိုင်းတွင် တပြိုင်တည်း အတူရှိ ပေးနိုင်သော ဝိညာဉ်တော်ဖြင့် ကျွန်ုပ်တို့ထံ လာရောက်ခြင်းဖြစ်ကြောင်း ကျွန်တော် အစွမ်းကုန် ယုံကြည်ပါသည်။ ကျွန်တော် ဝေမျှလိုသည့်အတိုင်း သဘောပေါက်သည့်အခါ စာအုပ် ဦးတည်ချက်၊ ဆိုလိုရင်းမှာ ဝိညာဉ်တော်၏ အခြေအမြစ်၊ သဘောသဘာဝ အကြောင်းမဟုတ်ဘဲ၊ ခရစ်တော်၏ လက္ခဏာ၊ အသွင်ပြင်အကြောင်း ဖြစ်ပါကြောင်း။

## ၃။ နိဂုံးချုပ်စကားနှင့် အကြံပြုချက်

စာဖတ်သူ၏ အမြင်ပွင့်လာစေရေးအတွက် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပတ်သက်သော အလင်းတရားကို ကျွန်တော်ဝေမျှပြီးပြီဟု မျှော်လင့်ပါသည်။ ခမည်းတော်၊ သားတော်တို့နှင့် မတူ၊သီးခြားတည်ရှိသော တတိယမြောက် ပုဂ္ဂိုလ်ဟုဆိုခြင်းထက် ခရစ်တော်အကြောင်း ဖော်ပြသော စာပိုဒ်အားလုံးကို ပိုမိုကျယ်ပြန့်သောအမြင်ဖြင့် ဖော်ထုတ်ခြင်းဖြစ်သည်။ ဤစာအုပ်က ကျွန်တော်တို့၏ နေ့စဉ်အသက်တာအတွက် သန့်ရှင်းသောဝိညာဉ်တော် လိုအပ်ပုံအကြောင်း သတိပြုမိစေကောင်း သတိပြုမိစေနိုင်ပါသည်။ ယေရှုခရစ်တော်သည် ကျွန်ုပ်တို့နှင့် မည်မျှပင် နီးကပ်တော်မူကြောင်းကိုလည်း သတိရစေနိုင်ပါသည်။

ဒုတိယအချက်နေဖြင့် "တိတ်တိတ်နေခြင်းသည် သာ၍ကောင်း၏"ဟူသော အဆိုပြုချက် သည် တရားသေကိုင်စွဲရန်မဟုတ်ဘဲ၊ သတိကြီးစွာထားရန် လိုအပ်သော ကိစ္စများတွင် အသုံးပြုရန်သာဖြစ်ကြောင်း။ ဆိုလိုသည့် အခြေအနေအရပ်ရပ်၊ အားလုံးကို မဖတ်သည့် အခါ ထိုအဆိုပြုချက်သည် တစ်ဦးတစ်ယောက်၏ ကိုယ်ပိုင်အမြင်ကို ထောက်ပံ့ပေးရန် အတွက် အလွယ်တကူအသုံးပြုခံရတတ်သည်။ ထပ်တိုးလေ့လာမှုများကို ရပ်တန့်စေလျှက် ဘုရားဂုဏ်တော်အကြောင်း ငြင်းခုံဆွေးနွေးသူများအကြားတွင် မှားယွင်းသော အနက်ဖွင့်ဆို ချက်ကို အတည်ပြုစေခြင်းဖြင့် အဆုံးသတ်စေသည်။

"ဘုရားဂုဏ်တော် (Godhead)ဟူသော စကားလုံးသည်ပင်လျှင် ဘုရား(God)ဟူသော နာမနဲ့ ခြားနားသော အဓိပ္ပာယ်သက်ရောက်နိုင်ပါသည်။ အခြေခံယုံကြည်ချက် ၂၈ချက်ရှိ နံပတ် ၂ ယုံကြည်ချက်အပေါ် ခေတ်သစ်အမြင်မှာ အောက်ပါအတိုင်းဖြစ်သည်။ အနည်းကိန်းပြ နာမ်စားဖြစ်သော "သူ" ကို သက်ရှိသုံးပါးရှိသော အဖွဲ့တစ်ဖွဲ့အတွက် အသုံးပြုကြသည်။ အများကိန်းပြ နာမ်စားဖြစ်သော "သူတို့" ကိုအသုံးမပြုကြပေ။ ထိုဘုရားသခင်အကြောင်း ရှင်းပြချက်သည် သမ္မာကျမ်းစာထဲတွင်ဖြစ်စေ၊ အယ်လင်ဝှိုက်၏ စာထဲတွင်ဖြစ်စေ ဖော်ပြထားခြင်း မရှိခဲ့ဘူးချေ။

“**ထာဝရဘုရားသည် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်တည်းဟူသော သုံးပါးပေါင်းတစ်ဆူ ဘုရားဖြစ်တော်မူ၏။** ဘုရားသခင်သည် ထာဝရရှင်သန်၏။ အရာခပ်သိမ်းကို တတ်နိုင်သော တန်ခိုးရှင်ဖြစ်၏။ အရာခပ်သိမ်းကို သိသောဉာဏ်တော်နှင့် ပြည့်စုံတော်မူ၏။ အရာခပ်သိမ်း၏ အထက်၌ စိုးစံတော်မူ၏။ နေရာတိုင်းတွင် တပြိုင်တည်း တည်ရှိနိုင်၏။ **ဘုရားသခင်သည် အကန့်သတ်မရှိ၊ အဆုံးအစမရှိ။** လူ့ဉာဏ်ဖြင့် လက်လှမ်းမမှီနိုင်။ သို့သော်လည်း သူ၏ **မိမိကိုယ်မိမိ ဖော်ပြထင်ရှားတော်မူခြင်းအားဖြင့်သာ** သိကျွမ်းနိုင်၏။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။ ဖန်ဆင်းခြင်းအရာအားလုံး၏ ဝတ်ပြု ကိုးကွယ်ခြင်း၊ မြတ်နိုးတွယ်တာခြင်း၊ အမှုတော်ထမ်းဆောင်ခြင်းကို ထာဝရခံထိုက်တော်မူသော ဘုရားဖြစ်၏။ (ကမ္ဘာ ၁း ၂၆၊ တရား ၆း ၄၊ ဟေရှာယ ၆း ၈၊ ရှင်မဿဲ ၂၈း ၁၉၊ ယောဟန် ၃း ၁၆၊ ၂ကော ၁း ၂၂,၂၃၊ ၁၃း ၁၄၊ ဧဖက် ၄း ၄-၆၊ ၁ပေ ၁း ၂"

ယခု ၁၈၇၂ခုနှစ်၏၊ ခရစ်တော်ကို မြှော်လင့်သော သတ္တမနေ့ ဥပုဒ်အသင်းတော်၏ အခြေခံနည်းဥပဒေသ ၂၅ချက်ရှိ နံပတ် ၁၊ ၂နှင့် နှိုင်းယှဉ်ကြည့်ပါစို့။

၁။ “ဘုရားသခင် တစ်ပါးတည်းရှိတော်မူ၏။ ဘုရားသခင်သည် ခန္ဓာကိုယ်ရှိသော၊ ဝိညာဉ်ဖြစ်သော၊ အရာအားလုံးကို ဖန်ဆင်းသော ဖန်ဆင်းရှင်ဖြစ်သည်။ သူသည် နေရာတိုင်းတွင် တပြိုင်တည်း တည်ရှိနိုင်သည်။ အရာခပ်သိမ်းကို သိတော်မူသော ဉာဏ်နှင့် ပြည့်စုံတော်မူ၏။ ထာဝရ အဆုံးမရှိသော ဉာဏ်တော်၊ သန့်ရှင်းခြင်း၊ ဖြောင့်မတ်ခြင်း၊ ကောင်းမြတ်ခြင်း၊ အမှန်တရား၊ ကရုဏာတရားနှင့် ပြည့်စုံတော်မူ၏။ သူသည် ပြောင်းလဲခြင်းမရှိ။ နေရာခပ်သိမ်းတွင် သူ၏ကိုယ်စားပြုဖြစ်သော သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် တည်ရှိတော်မူ၏။ ဆာလံ ၁၃၉း ၇”

၂။ ယေရှုခရစ်တည်းဟူသော ထာဝရအဖ ခမည်းတော်ဘုရား၏ သားတော်ဖြစ်တော်မူသော သခင်ဘုရားတစ်ပါးတည်း ရှိတော်မူ၏။ သူ့အားဖြင့် ခမည်းတော်သည် အရာခပ်သိမ်းကို ဖန်ဆင်းတော်မူ၏။ ...

ထပ်မံသိရှိလိုပါက ([https://www.asitreads.com/trinity/-in-adventist-history](https://www.asitreads.com/trinity/-in-adventist-history))

ခြားနားချက် ထင်ရှားပါသည်။ အဟောင်းတွင် ဘုရားသခင်၊ သူ၏သားတော်၊ သူ၏ သန့်ရှင်းသော ဝိညာဉ်တော်ဟူ၍ ပါရှိသည်။ ယုံကြည်ချက် အသစ်တွင်မူ ဘုရားသခင်ကို နားလည်ရန် ခက်ခဲနက်နဲသော သက်ရှိသုံးပါးအဖြစ်ဖော်ပြထားသည်။ အချိန်ကြာရှည်စွာ ယူ၍ အဆုံးတွင် သုံးပါးပေါင်းတစ်ဆူ ယုံကြည်ချက်ကို ၁၉၈၀ခုနှစ်တွင် အတည်ပြု ပြဋ္ဌာန်းလိုက်ကြသည်။ အဘယ့်ကြောင့် ယုံကြည်ချက်အသစ်တစ်ခု ထည့်သွင်းရသနည်းဟု သင်မေးခွန်းထုတ်နိုင်ပါသည်။ အဖြေမှာ အလွန်ရိုးရှင်းပါသည်။ ကျွန်တော်တို့၏ ရှေးဦးလမ်းပြသူများ၏ ရပ်တည်ချက်မှ ပြောင်းလဲရခြင်းမှာ အခြားအသင်းတော်များနှင့် အံ့ဝင်ခွင်ကျဖြစ်သွား၍ အများနှင့်မတူ၊ ထူးခြား၍ မှားယွင်းသော ယုံကြည်ခြင်းရှိသူများအဖြစ် အများ၏ စွန့်ပစ်ထားခြင်း၊ အထင်အမြင်သေးခြင်းများ မခံရတော့စေရန် ပြောင်းလဲခြင်း ဖြစ်နေမလား။ ကျွန်တော်တို့ အသက်အရွယ်ရကာစ လူငယ်အရွယ်၊ ကျောင်းသွားသည့်အရွယ်များတွင် အများနှင့်တူလိုသောဆန္ဒပြင်းပြလေ့ရှိသည်မှာ သဘာဝဖြစ်ပါသည်။ အခြားသူများနှင့် ရောနှော၍မရသော တစ်ဦးတည်းသော အပယ်ခံ ကလေးဖြစ်ရသည့် ခံစားချက်မှာ ဆိုးရွားခါးသီးပါသည်။

အသင်းတော်ထဲတွင် ပို၍ကျယ်ပြန့်သောအမြင်ကို ခွင့်ပြုမည့် အလွယ်နည်းလမ်းတစ်ခု ရှိနိုင်သည်ဟု ကျွန်တော်ယုံကြည်ပါသည်။ “ထာဝရဘုရားသည် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်တည်း ဟူသော သုံးပါးပေါင်းတစ်ဆူ ဘုရားဖြစ်တော်မူ၏။"ဟု ဆိုမည့်အစား " ကောင်ကင်နိုင်ငံတော်၏ အကြီးမြတ်ဆုံး အစွမ်းတန်ခိုးရှင်သုံးပါးဖြစ်သော ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်တည်းဟူသော ဘုရားရှိတော်မူ၏။ သူတို့သည် အကန့်သတ်မရှိ၊ အစအဆုံးမရှိ။သူတို့ကို လူ့ဉာဏ်ဖြင့် လက်လှမ်းမမှီနိုင်။ ဘုရားသခင်၏ ဖော်ပြတော်မူခြင်းအားဖြင့်သာ သိကျွမ်းနိုင်၏။" ဟုပြောင်းလိုက်သင့်သည် ဟုထင်မိပါသည်။ ဤရပ်တည်ချက်သည် ပိုမိုကျယ်ပြန့်သော သူ့အသိုင်းအဝန်းတွင် ဝင်ဆံ့နိုင်သော၊ သုံးပါးတစ်ဆူ ယုံကြည်သူ၊ မယုံကြည်သူ အားလုံးကလည်း လက်သင့်ခံနိုင်မည့် ညှိနှိုင်းဆောင်ရွက်ချက်တစ်ခု ဖြစ်နိုင်ပါသည်။

ကျွန်ုပ်တစ်ဦးတစ်ယောက်တည်း၏ အမြင်တွင်မူ အသင်းတော်များအနေဖြင့် သုံးပါးတစ်ဆူ ယုံကြည်ချက်ကို နှုတ်ပယ်လျှင် သာ၍ကောင်းမြတ်မည်ဟု ထင်ပါသည်။ သုံးပါးတစ်ဆူ

ယုံကြည်ချက်သည် အေဒီ ၃၀၀-၅၀၀ အကြားတွင် အသင်းတော်သမိုင်းထဲ ဝင်ရောက်လာခဲ့သည်။ ဘုရားသခင်၏ သဘောသဘာဝအကြောင်းနှင့် ပတ်သက်၍လည်း မလိုလားအပ်သည့် မှန်းဆချက်များဖြင့် ခရစ်တော် ယုံကြည်ကိုးကွယ်သူများကို ဘာသာတရား ကိုးကွယ်သူများအဖြစ်သို့ ပြောင်းလဲပေးသည့် ကိရိယာသဖွယ် လုပ်ဆောင်ပေး၏။

ကူညီပေးနိုင်မည့် အခြားသောအချက်တစ်ခုမှာ ခရစ်တော်ကို မြော်လင့်သော သတ္တမနေ့ ဥပုဒ်အသင်းတော်၏ ၁၈၇၂ခုနှစ်၊ အခြေခံ နည်းဥပဒေသ ၂၅ချက်နှင့် ယနေ့ခေတ်၏ အခြေခံ ယုံကြည်ချက် ၂၈ချက် ခြားနားချက်ကို နားလည်သတိပြုမိခြင်းဖြစ်သည်။ "နည်းဥပဒေသ" ဟူသောစကားလုံးသည် လက်ခံယူဆချက်များကို အယူဝါဒအဖြစ် အားမပေးသော်လည်း "ယုံကြည်ချက်"ဟူသော စကားလုံးသည် အယူဝါဒတစ်ခုကို ပုံသေအမှန်တရားအဖြစ် သက်ရောက်စေနိုင်သည်။ ဤစကားလုံးအသုံးနှုန်းများက အသင်းတော်၏ ယုံကြည်ချက်များအပေါ် ကျွန်ုပ်တို့ ၏ နားလည်မှု၊ အသင်းတော်ထဲတွင် တစ်ဦးကိုတစ်ဦး ဆက်ဆံပုံတို့ကို မသိမသာ ထိခိုက်လာပါသည်။ မူလယုံကြည်ချက်များကိုဖြစ်စေ ယုံကြည်ချက်အသစ် တစ်ခုခုဖြစ်စေ ဝေမျှရန် ခက်ခဲလာသည်။ အကြောင်းမှာ အားလုံးသည် ကျွန်ုပ်တို့၏ တရားဝင် အယူဝါဒကို ထိန်းသိမ်းနိုင်ရန် တရားဝင်ယုံကြည်ချက်နှင့် ကွဲလွဲသော အယူဝါဒ အားလုံးကို ဖမ်းဆီးရမည်ဟူသော စိတ်သဘောထားရှိကြသည်။ အသင်းတော်မှ မောင်းထုတ်ခံရသူများ၊ အသင်းတော်ကို စွန့်ပစ်သူများ၏ စိတ်ထဲတွင် သူတို့သည် အခြေခံ ယုံကြည်ချက် ၂၈ချက်နှင့် အညီ ကိုက်ညီအောင် မနေထိုင်နိုင်သူများအဖြစ် ခံစားရနိုင်သည်။ အကယ်၍ အခြေခံ ယုံကြည်ချက်မဟုတ်ဘဲ၊ အခြေခံ နည်းဥပဒေသများသာဖြစ်ပါက အသိ တရားလွတ်လပ်ခွင့် သာ၍ရှိလာပြီး၊ အသင်းတော်၏ မိတ်ဖွဲ့ဆက်ဆံရေးသည် သာ၍ ကောင်းလာနိုင်ပါသည်။

ယေရှုက လူများကို သူတို့နေထိုင်ရာအသိုင်းဝန်း၏ အမျိုးစားအလိုက် ဆက်ဆံခြင်းမျိုး မပြုဘဲ၊ တစ်ဦးချင်း ပုဂ္ဂိုလ်အလိုက်သာ ဆက်ဆံကြောင်း ကျွန်တော်တို့ သတိရသင့်ပါသည်။ သင့်ကိုသင် မည်သို့ပင် အမည်တပ်၍ခေါ်စေကာမူ ကျွန်ုပ်တို့သည် ခရစ်တော်နှင့် တစ်ကိုယ် တည်းသားများဖြစ်ကြောင်း သဘောပေါက်သင့်ပါသည်။ ထိုသို့နားလည်ခြင်းသည်


ကျွန်တော်တို့၏ တစ်ဦးချင်းဆက်ဆံရေးကိုဖြစ်စေ အဖွဲ့လိုက်ဆက်ဆံရေးအပေါ် ဖြစ်စေ သက်ရောက်မှုရှိကြောင်းကို ဆင်ခြင်ရပါမည်။ ကျွန်တော်တို့ တစ်ခုခုဆောင်ရွက်သည့်အခါ တစ်ဦးအပေါ် တစ်ဦးထားရှိသော လေးစားရိုသေမှု၊ ချစ်ခြင်းမေတ္တာများကို တိုးမြင့်စေသင့်သည်။ နက်နဲသော မယုံသင်္ကာစိတ်၊ မာန်မာနစိတ်တို့ဖြင့် ဖောက်ပြန်ခြင်းမရှိဘဲ ပိုမိုနက်နဲသော ဆွေးနွေးမှုများကို ခွင့်ပြုသင့်သည်။ တစ်ဦးနှင့် တစ်ဦး၏ မတူကွဲပြားသော ခရစ်တော်ထံ ချဉ်းကပ်ပုံများကိုလည်း ပို၍ လက်ခံကောင်းပါသည်။ ထိုနည်းတူ၊ ဘုရားသခင်၏ အကျင့်စာရိတ္တ၊ သူ၏နှုတ်ကပတ်တော်နှင့်အညီပြုမူလျှင် သူ၏ ဝိညာဉ်တော် အကြောင်း နားလည်မှု တိုးပွားလာပါလိမ့်မည်။ ကျွန်တော်တို့သည် ကောင်းကင်တမန်များနှင့် ပိုမိုတူလာပြီး အခြားသူများအတွက်လည်း ပိုမိုနှစ်လိုဖွယ်ဖြစ်လာပါလိမ့်မည်။ ခရစ်တော်လည်း ထိုအတူပင်ဖြစ်ခဲ့သည် မဟုတ်ပါလော။


"ကိုယ်တော်သည် အကျွန်ုပ်ကို စေလွှတ်တော်မူသည်ကို လောကီသားအပေါင်း တို့သည် ယုံကြမည်အကြောင်း ထိုသူအပေါင်းတို့သည် တစ်လုံးတစ်ဝတည်းဖြစ်လျက်၊ အဘ၊ ကိုယ်တော်သည် အကျွန်ုပ်၌ရှိတော်မူ၍ အကျွန်ုပ်သည်လည်း ကိုယ်တော်၌ရှိသကဲ့သို့ ထိုသူအပေါင်းတို့သည် ငါတို့၌ တစ်လုံးတစ်ဝတည်းဖြစ်စေခြင်းငှာ ဆုတောင်းပါ၏။" ရှင်ယောဟန် ၁၇း၂၁


ခရစ်ယာန်အားလုံးနှင့် ခရစ်တော်ကို မြော်လင့်သော သတ္တနေ့ ဥပုဒ်အသင်းသား မိတ်ဆွေယခုပင် ကျွန်ုပ်တို့၏ သခင်ဘုရားကို ကမ္ဘာပေါ်တွင် ဘုန်းတော်ထင်ရှားစေလျှက်၊ သူ့ကို မြင်တွေ့နိုင်ရန် ပြင်ဆင်ကြပါစို့။ တစ်ဦးအပေါ်တစ်ဦး သနားကြင်နာစိတ်ကို သင်ယူလျှက်၊ မည်သို့ တစ်လုံးတစ်ဝတည်း ဖြစ်နိုင်မည်ဖြစ်ကြောင်း အမှန်တကယ် နားလည်သင့်ပါသည်။

“သူ၏ ကရုဏာတော်အဖြာဖြာအတွက် **ဘုရားသခင်ထံ** ကျေးဇူးတော် ချီးမွမ်း ကြပါစေ။ တစ်ဦးအပေါ်တစ်ဦး အချင်းချင်း သနားကြင်နာကြပါစေ။ အဆင့်အတန်း များအကြားတွင် စည်းလုံးညီညွတ်ခြင်းကို ဆောင်ယူလာမည့် **ဘုရားသခင်တစ်ပါး၊ ကယ်တင်ရှင်တစ်ပါး၊ ခရစ်တော်၏ ဝိညာဉ်တော်တည်းဟူသော ဝိညာဉ်တစ်ပါး** သူတို့၌ ရှိ၏။ (9T 189) 1909

တတိယမြောက်စာအုပ်ငယ်ဖြစ်သော ဤ"နှိုင်းယှဉ်ခြင်း"စာအုပ်ကို ခရစ်တော်၏ ဝိညာဉ်တော်တည်းဟူသော တစ်ပါးသော ဝိညာဉ်ဟု အတိုချုပ်နိုင်ပါသည်။ ဒုတိယစာအုပ်ဖြစ်သော "How the comforter changed my life"သည် သီအိုလိုဂျီနှင့်ဆိုင်သော ပထမစာအုပ်နှင့် တတိယစာအုပ်ကိုချိတ်ဆက်ပေးမည့် စာအုပ်ဖြစ်သည်။ ကျွန်ုပ်တို့တွင် ကယ်တင်ရှင်တစ်ပါး ရှိကြောင်းပြသော ကျွန်ုပ်၏အတ္ထုပ္ပတ္တိ သက်သေခံချက် အကြောင်း ဖြစ်သည်။ ပထမစာအုပ်ဖြစ်သော "Understanding the relationship of the Father and the Son through their image"စာအုပ်သည် ကျွန်ုပ်တို့တွင် ဘုရားသခင် တစ်ပါးတည်း ရှိတော်မူကြောင်း သက်သေထူပါသည်။




ဤစာအုပ်သုံးအုပ်အကြောင်း ထပ်မံသိရှိလို၍ဖြစ်စေ၊ ထောက်ပံ့လိုသည်ရှိသော် thethreegifts.com ကိုသွားပါ။

# နိဒါန်းယှဉ်ခြင်း

သန့်ရှင်းသော ဝိညာဉ်တော်က ဘယ်သူလဲ။ သန့်ရှင်းသော ဝိညာဉ်တော်ဆိုတာ ဘာလဲ။ ဘုရားသခင်နှင့် သူ၏သားတော်သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ဘယ်လိုပတ်သက်သလဲ။ ဝိညာဉ်ဟူသော စကားလုံးသည် အလွန်ကျယ်ပြန့်သောကြောင့် အထက်ပါမေးခွန်းများကို ဖြေဆိုရန်မလွယ်ကူပါ။ အများစုကလည်း ထိုမေးခွန်းအကြောင်း မလေ့လာရဲကြပေ။ အကြောင်းမှာ အယ်လင်ဝိုက်က သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပတ်သက်၍ "တိတ်တိတ်နေ ခြင်းသည် သာ၍ကောင်း၏" ဟုပြောခဲ့ပါသည်။ သို့သော်လည်း သူမကိုယ်တိုင်ကမူ သန့်ရှင်းသော ဝိညာဉ်တော်အကြောင်း မကြာခဏ ပြောလေ့ရှိပါသည်။ သို့ဖြစ်၍ မည်သည့် အချိန်တွင် တိတ်တိတ်နေ၍၊ မည်သည့်အချိန်တွင် ပြောရမည်နည်း။

ဤစာအုပ်တွင် Niklas Smars က ဤကဲ့သို့သော် မေးခွန်းများကို နိမ့်ချစွာနှင့် ကြင်နာစွာ ဖြေရှင်းထားပါသည်။ ခရစ်တော်၏ ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ နှစ်သိမ့်သူ ဥပဇ္ဈာယ်ဆရာ ဖြစ်ကြောင်း ပိုမိုပြည့်စုံစွာ သိမြင်ခြင်းက သူ၌ ကြီးမားသော ငြိမ်သက်ခြင်းနှင့် ကောင်းချီးမင်္ဂလာများ ရရှိစေသည်။ စာဖတ်သူလည်း ထိုငြိမ်သက်ခြင်းကို ရရှိခံစားစေရန် ရည်ရွယ်ပါသည်။

"ယုံကြည်ခြင်းအားဖြင့် ကျွန်တော်တို့ ယေရှုကို ကြည့်ရှုစဉ် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည် မှောင်မိုက်ကို ဆုတ်ဖြဲသွား၏။ သူ၏ အံ့ဖွယ်မေတ္တာတော်ကြောင့် **ဥပဇ္ဈာယ်ဆရာဖြစ်သော ယေရှုကို** ကျွန်ုပ်တို့အတွက် ပေးတော်မူသောကြောင့် ဘုရားသခင်ကို ကျွန်ုပ်တို့ မြတ်နိုးရ၏။ (19MR 297-298) 1892

"ကောင်းချီးခံရသော နာမတော် ဥပဇ္ဈာယ်ဆရာအဖြစ် ခရစ်တော်ကို သိရန်ဖြစ်သည်။ (Ms7- 1902) (January 26, 1902) par. 10) EGW

"ယုံကြည်သူအားလုံးအတွက် ခရစ်တော်သည် ဥပဇ္ဈာယ်ဆရာအဖြစ် လာရောက်ခဲ့သည်။ သင့်ယုံကြည်စိတ်ချစိတ်ကို သူခေါ် ဖိတ်နေပါသည်။" (8MR 57.3) 1898